# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကိုဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာသို့ ရေကို ယူဆောင်ကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်ရွေသမားတို့သည် လိုတိုင်းရအောင် သစ်ကို ရွေကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၀)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၁၄)


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကညင်ရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကညင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် ကညင်ရေလှောင်တမံအတွင်း ရေဝင်ရောက်နေမှု၊ ရေပိုလွှဲ၊ အရန်ရေပိုလွှဲနှင့် ရေအားလျှပ်စစ်အဆောက်အအုံတည်ဆောက်မည့် မြေပြင်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

ကညင်ရေလှောင်တမံသည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ ကညင်ချောင်းပေါ်၌ တည်ရှိပြီး မြေသားတမံ အမျိုးအစားဖြစ်သည်။ အဆိုပါရေလှောင်တမံမှ ဆည်ရေသောက်ရေိယာ ဧက ၂၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



## ကညင်ရေလှောင်တမံမှ ဆည်ရေသောက်ရေိယာ ဧက ၂၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်



**ကမ္ဘာ့ဆင်များနေ့အခမ်းအနား ကလောမြို့ သက်ကြီးဆင်စောင့်ရှောက်ရေးစခန်း၌ ကျင်းပ** *စာမျက်နှာ - ၇*

**ရဲတပ်ဖွဲ့များနှင့် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များ ထိုင်းနိုင်ငံတွင် လုံခြုံရေး တိုးမြှင့်လုပ်ဆောင်** *စာမျက်နှာ - ၁၀*

**ရာသီဥတုပြောင်းလဲမှုများနှင့် ယနေ့ကမ္ဘာကြီး ရင်ဆိုင်နေရသည့် အဓိကပြဿနာများ** *စာမျက်နှာ - ၁၁*




# မြန်မာနိုင်ငံ၏ နေရောင်ခြည်စွမ်းအင်ကဏ္ဍ အလားအလာများ

မြန်မာနိုင်ငံ၌ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို စဉ်းစားရာတွင် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကိုသာ အဓိကထားစဉ်းစားလေ့ရှိသည်ဟု ပြောနိုင်ပါသည်။ နှိုင်းယှဉ်ချက်သဘောအရ ပြောရပါက နေရောင်ခြည်စွမ်းအင်ကို အလေးအနက်ထားစဉ်းစားလေ့မရှိဟု ဆိုလိုခြင်းဖြစ်ပါသည်။ အခြားစွမ်းအင်များနှင့် နှိုင်းယှဉ်ပါက နေရောင်ခြည်စွမ်းအင်၏ ထုတ်လုပ်မှုစရိတ်ကြီးမားခြင်းက အဓိကအကြောင်းရင်း ဖြစ်နိုင်ပါသည်။ ရေအားလျှပ်စစ်ဓာတ်ထုတ်လုပ်မှုစရိတ်သည် တစ်ကီလိုဝပ်နာရီ (kWh) ကို အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၃ မျှသာ ကုန်ကျသော်လည်း နေရောင်ခြည်စွမ်းအင်ထုတ်လုပ်မှုစရိတ်သည် တစ်ကီလိုဝပ်နာရီ (kWh) ကို အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၁ ခန့်ကုန်ကျပါသည်။ နေရောင်ခြည်စွမ်းအင်ထုတ်လုပ်မှုစရိတ်သည် ရေအားလျှပ်စစ်ဓာတ် ထုတ်လုပ်မှုစရိတ်ထက် ခုနစ်ဆ ကုန်ကျစရိတ်များပါသည်။ သို့သော် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မည့် စီမံကိန်းအသစ်တို့၏ စုစုပေါင်းကုန်ကျစရိတ်၊ ဤစီမံကိန်းအသစ်က လျှပ်စစ်ဓာတ်ထုတ်လုပ်လည်ပတ်နိုင်မည့် အချိန်ကာလတို့အပေါ် မူတည်၍ လျှပ်စစ်တစ်ယူနစ်(တစ်ကီလိုဝပ်နာရီ) အတွက် ကုန်ကျစရိတ် (Levelized Energy Cost) ကို နှိုင်းယှဉ်ပါက နေရောင်ခြည်စွမ်းအင်နှင့် ရေအားလျှပ်စစ်တို့ကြား များစွာကွာခြားမှုမရှိသည်ကို တွေ့ရပါသည်။နေရောင်ခြည်စွမ်းအင်အတွက် အဆိုပါကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၁၃ ဆင့်သာရှိပြီး ရေအားလျှပ်စစ်သည် ၁၁ ဒသမ ၇ ဆင့်ရှိပါသည်။ ကမ္ဘာ့ပြည်သူတို့ကြား စွမ်းအင်အရင်းအမြစ်အဖြစ် ထောက်ခံမှု၌လည်း နေရောင်ခြည်စွမ်းအင်နှင့် ရေအားလျှပ်စစ်တို့ကြား များစွာကွာခြားမှုမရှိသည်ကို တွေ့ရပါသည်။ ကမ္ဘာ့ပြည်သူတို့အကြား နေရောင်ခြည်စွမ်းအင်အပေါ် ထောက်ခံမှုသည် ၉၇ ရာခိုင်နှုန်းရှိပြီး ရေအားလျှပ်စစ်အပေါ် ထောက်ခံမှုသည် ၉၁ ရာခိုင်နှုန်းရှိပါသည်။

စိတ်ချအားကိုးနိုင်မှုအပိုင်း၌ ရေအားလျှပ်စစ်ဓာတ်သည် နေရောင်ခြည်စွမ်းအင်ထက် များစွာသာလွန်ပါသည်။ တိမ်ထူသောနေ့များနှင့် ညကဲ့သို့သော အချိန်အခါကာလများ၌ နေရောင်ခြည်စွမ်းအင်သည် ပုံမှန်လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန် အခက်အခဲ၊ အဟန့်အတားများ ရှိပါသည်။ သို့သော် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအပိုင်းကို သုံးသပ်ပါက ရေအားလျှပ်စစ်သည် သဘာဝပတ်ဝန်းကျင်ကို ကြီးကြီးမားမား ထိခိုက်နိုင်သော်လည်း နေရောင်ခြည်စွမ်းအင်မှာမူ မဆိုစလောက်သာ ရှိပါသည်။ လက်ကိုင်တယ်လီဖုန်း၊ လက်နှိပ်ဓာတ်မီးကဲ့သို့သော သယ်နိုင်၊ ရွှေ့နိုင်သည့် လျှပ်စစ်သုံးပစ္စည်းကိရိယာ အသေးစားများအတွက် နေရောင်ခြည်စွမ်းအင်သည် ရေအားလျှပ်စစ်နှင့်နှိုင်းယှဉ်ပါက ခြောက်ပစ်ကင်း သဲလဲစင်ဟု ဆိုရမည်ဖြစ်ပါသည်။ သို့သော် ရေအားလျှပ်စစ်သည် စွမ်းအင်ကို ဖြည့်ဆည်းပေးသည်သာမက အခြားသောအကျိုးအမြတ်တို့ကို ဖန်တီးပေးပါသည်။ ရေကာတာတို့သည် ဒေသတွင်း ရေလိုအပ်မှုကို ပိုမိုဖြည့်ဆည်းပေးနိုင်သကဲ့သို့ ရေသွင်းစိုက်ပျိုးနိုင်ရေးကိုလည်း ပံ့ပိုးဖော်ဆောင်ပေးပါသည်။ ရေလွှမ်းမိုးမှုအန္တရာယ်ကာကွယ်ဟန့်တားရေး၌ အထောက်အပံ့ဖြစ်ပါသည်။ ထာဝရစွမ်းအင်ကို ဖန်တီးပေးနိုင်သည်ဟု ဆိုရမည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်တို့သည် ကောင်းကျိုးဆိုးကျိုးများ ယှဉ်တွဲရှိပါသော်လည်း မြန်မာနိုင်ငံ၌မူ နေရောင်ခြည် စွမ်းအင်အပေါ် အလေးထားသုံးသပ်မှု နည်းနေသေးသည်ကို တင်ပြလိုခြင်းဖြစ်ပါသည်။

သို့သော် နေရောင်ခြည်စွမ်းအင်အသုံးချနိုင်စွမ်းရှိမှု၌ မြန်မာနိုင်ငံသည် အလားအလာကောင်းများ ရှိနေပါသည်။ မြန်မာနိုင်ငံ၏ နေရောင်ခြည်စွမ်းအင်ရရှိနိုင်စွမ်းသည် တစ်စတုရန်းမီတာ၌ ၂၀၀၀ ကီလိုဝပ်နာရီ (2000 kWh/m²) ရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နေရာဒေသအများစု၌ တစ်စတုရန်းမီတာတွင် ၁၅၀၀ ကီလိုဝပ်နာရီ (1500 kWh/m²) မျှသာရှိပါသည်။ သို့သော် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာပေါ်၌ နေရောင်ခြည်စွမ်းအင် ဒုတိယအများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်၌ နေရောင်ခြည်စွမ်းအင် ၀ ဒသမ ၃၀၅ ဂစ်ဂါဝပ် (GW) မျှသာ ထုတ်လုပ်သော်လည်း ၂၀၁၄ ခုနှစ် စက်တင်ဘာလ၌ ၁၈ ဒသမ ၃ ဂစ်ဂါဝပ် (GW) အထိ ထုတ်လုပ်နိုင်စွမ်းရှိလာပါသည်။ နေရောင်ခြည်စွမ်းအင်ကဏ္ဍသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်ရန် အလားအလာကောင်းသော ကဏ္ဍတစ်ရပ်ဖြစ်၍ နှစ်နိုင်ငံခေါင်းဆောင်တို့က အလေးအနက်ထား သုံးသပ်ဆောင်ရွက်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ။




## ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားရေးဆောင်ရွက်

**တာပွန်  ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့၌ မိုးရာသီကာလ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားရေးအတွက် အစားအသောက်နှင့် ဆေးဝါးကြီး ကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဌေးနှင့် ကော်မတီဝင်များ၊ ဒေါက်တာဆွေဇင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများသည် မြို့ပေါ်ရပ်ကွက်ရှိ မုန့်ဟင်းခါးဖိုများနှင့် စျေးဆိုင်တို့ကို ကွင်းဆင်းစစ်ဆေးသည်။

လက်ကားရောင်းချသည့် မုန့်ဆိုင်များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်သည့် အစားအစာများ ရောင်းချခြင်းရှိ မရှိစစ်ဆေးပြီး ဆေးဝါးပစ္စည်းရောင်းချသော ဆိုင်များတွင် လိုင်စင်ဆောင်ရွက်ထားမှုရှိ မရှိ၊ သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်းရှိ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# မတ္တရာမြို့နယ်၌ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မတ္တရာ  ဩဂုတ် ၁၃**




မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ရောဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေလွတ်ရာသို့ ရွှေ့ပြောင်းကြသော ပန်းယကျေးရွာ သစ္စာရဓမ္မာရုံ၊ သာသနာ ၂၅၀၀ ဓမ္မာရုံ၊ မြသိန်းတန်ရွှေဂူဘုရားနှင့် စကျင်ကျေးရွာ ကျောက်စေတီဓမ္မာရုံများရှိ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက်က သစ္စာရဓမ္မာရုံ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲမြင့်၊ တိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် တိုင်းဒေသကြီး အတွင်းရေးမှူး ခေတ္တညွှန်ကြားရေးမှူး ဦးဇော်တင့်မိုးတို့က ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇူလိုင် ၂၉ ရက်တွင် စက်လှေမှောက်၍သေဆုံးသွားသော ပညာရေးဝန်ထမ်းသုံးဦး၏ ကျန်ရစ်သူမိသားစုများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီအပြင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မိသားစုက ကျန်ရစ်သူမိသားစုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ စီ ပေးအပ်ရာ သေဆုံးသွားသူများ၏ မိသားစုဝင်များက လက်ခံယူခဲ့ကြသည်။

ရေဘေးရှောင်ကျေးရွာများဖြစ်သည့် မြွေကြည်ကုန်းကျေးရွာ၊ မြွေရွှေခဲကျေးရွာ၊ မြွေခလကျေးရွာ၊ မြွေဟသာ်ကျေးရွာ+မြွေတလိုင်းကျေးရွာ၊ မြွေကုတို့ဆိပ်ကျေးရွာ၊ မြွေစွန်းကျေးရွာများနှင့် အုတ်စက်များမှ အိမ်ထောင်စုများ စုစုပေါင်းအိမ်ထောင်စု ၁၂၇ စုမှ လူဦးရေ ၄၇၃ ဦးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန် ၃၄ အိတ်နှင့် လေးပြည်၊ ခေါက်ဆွဲခြောက်ထုပ် ၄၇၃၀၊ ငါးသေတ္တာ ၁၃၀၅ ဘူး၊ ရေသန့် ၂၅၄ ကတ်၊ မုန့်ဖာ ၂၆ ဖာနှင့် ငါးထုပ်၊ အရသာထုပ်ခြောက်ဖာ၊ ရေသန့်ဆေး ၂၂၇ ထုပ်နှင့် ရေပုံး ၁၂၇ ပုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ထင်သာမြင်သာ ပြုပြင်စရာ

# အန္တရာယ်ရှိသော လျှပ်စစ်ဓာတ်မီးတိုင် အမြန်လဲလှယ်ပေးစေလို



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အမှတ်(၃)ရပ်ကွက်ရှိ ရွှေမေတ္တာလမ်းပေါ်မှ လျှပ်စစ်ဓာတ်မီးတိုင်သည် အောက်ခြေ၌သံချေးတက်ပြီး ဆွေးမြည့်နေသည့်အပြင် ယခုလိုမိုးရာသီတွင် ပုံပါအတိုင်း ရေထဲ၌တည်ရှိနေရာ မကြာမီ လဲကျလာနိုင်သဖြင့် မလိုလားအပ်သောအန္တရာယ်နှင့် ကြုံတွေ့နိုင်ပြီး ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းစွာသွားလာနိုင်ရေးအတွက် သက်ဆိုင်ရာမှ ထိုလျှပ်စစ်ဓာတ်တိုင်အား အမြန်အစားထိုးပြုပြင်ပေးပါရန် ရပ်ကွက်နေပြည်သူများကလိုလားလျက်ရှိသည်ကို ရေးသားတင်ပြလိုက်ရပါသည်။

**လှအောင်(ကသာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း  ၁၃-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၁.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၆၆ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၂၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၉.၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၈၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❐ *ရှေ့ဖုံးမှ*

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့သို့ ရောက်ရှိကြပြီး ရှေ့ဆောင် ရေဘေးကယ်ဆယ်ရေးစခန်း၌ ငါးသိုင်းချောင်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ဗလာစာအုပ်၊ ဆေးနှင့် ဆေးပစ္စည်းတို့ကို ထောက်ပံ့ပေးအပ်သည်။

**ကြံ့ခိုင်မှုကြည့်ရှု**

ယင်းနောက် ငါးသိုင်းချောင်းမြို့ ရေကင်းစခန်းအမှတ်(၂) ဇော်ဓိကုန်းတာ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာသို့ ရောက်ရှိပြီး ငဝန်မြစ် ရေဘေးကာကွယ်ရေးတာ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် အိုင်သပြုကျေးရွာ ကမ်းထိန်းလုပ်ငန်းအား ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံဖြင့် ကာရံရန် စီစဉ်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ငဝန်တာသည် သာပေါင်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့ရှိ စိုက်ပျိုးမြေ ၂၁၀၆၇၆ ဧကအား ရေကြီးနစ်မြုပ်မှု မရှိစေရန် ကာကွယ်ပေးထားသည့်တာဖြစ်သည်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

ယင်းနောက် ဟသ်ာတမြို့နယ် ရောဝတီ-ဟသ်ာတ ရေဘေးကာကွယ်ရေးတာ ကြံ့ခိုင်မှုအခြေအနေအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝိဇ္ဇာလင်္ကာရဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်း၌ ဟသ်ာတမြို့နယ် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ငွေကျပ် ၁၇၃ သိန်းတန်ဖိုးရှိ ရိက္ခာခြောက်များနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဇလွန်မြို့သို့ရောက်ရှိပြီး ညောင်ပင်စျေးသိမ်ကျောင်း ကယ်ဆယ်ရေးစခန်း၌ ဇလွန်မြို့နယ် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးကာ ငွေကျပ် ၈၅ သိန်းတန်ဖိုးရှိ ရိက္ခာခြောက်များနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

**ဒေသခံများနှုတ်ဆက်အားပေး**

ယင်းနောက် ဓနုဖြူမြို့နယ်ရှိ မရမ်းချောင်းတာနှင့် ရောဝတီ-ဟသ်ာတ တစ်ဖက်ကမ်းတာ ပြုပြင်ထားမှုကို လည်းကောင်း၊ ဓနုဖြူမြို့ အမှတ်(၂) ရပ်ကွက် မြို့တွင်းတာ ပြုပြင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာပြုပြင်မှုတွင် ဝိုင်းဝန်းဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ဓနုဖြူမြို့ ကျိုက္ကလွန်ပွန်းစေတီတော် ဓမ္မာရုံ၌ ဓနုဖြူမြို့နယ် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ငွေကျပ် ၃၀၃၇၈၄၇၇ တန်ဖိုးရှိ ရိက္ခာခြောက်များနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ညောင်တုန်းမြို့တာ ကြံ့ခိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး တိုက်သစ်ဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်း၌ ညောင်တုန်းမြို့နယ် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ဆန်အိတ် ၁၇၀ နှင့် ငွေကျပ် ၉၅ သိန်းကျော်တန်ဖိုးရှိ ရိက္ခာခြောက်များနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

**အားလုံးပူးပေါင်းပါဝင်**

အဆိုပါမြို့နယ်များမှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ဒုတိယသမ္မတက ယခုလာရောက်ရခြင်းမှာ လက်ရှိမြေပြင်အနေအထားကို ကြည့်ရှုပြီး ထပ်မံလိုအပ်သော ကူညီမှုများ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်မည့် လိုအပ်ချက်များ သိရှိနိုင်ရန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုများ နှစ်စဉ်ဆက်တိုက်ဖြစ်ပေါ်နေသည့်အတွက် အလေးထားစဉ်းစား၍ အနာဂတ်ကာလအတွက် ကြိုတင်ပြင်ဆင်ရမည် ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ရောဝတီတိုင်း ဒေသကြီးအတွင်း ၁၉ မြို့နယ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး အိမ်ထောင်စု ၁၂၀၀၀ ကျော် ရေဘေးသင့်ခဲ့သည်။ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်း ၆၈၀ ကျော် ဖွင့်လှစ်၍ နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကူညီကယ်ဆယ် ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငါးသိုင်းချောင်းမြို့နယ်ရှိ ရှေ့ဆောင်ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားစဉ်** (သတင်းစဉ်)

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး စည်းဝေး

**ရန်ကုန် ဩဂုတ် ၁၃**

အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို ပြည်သူများ သွားလာရလွယ်ကူပြီး အချက်အချာကျသည့် ရန်ကုန်မြို့လယ်ရှိ အမှတ်(၆၀၄) (၆၀၈) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးချုပ်နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)၌ ကျင်းပသည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာနန္ဒာမှန်း၊ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ စာကြည့်တိုက်ပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယခု အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သည် အမျိုးသားစာကြည့်တိုက် ပြယုဂ်နှင့် ကိုက်ညီမှုမရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတက ပြည်သူများ သွားလာရလွယ်ကူပြီး အချက်အချာကျသည့် ကုန်သည်လမ်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးချုပ် အဆောက်အအုံကို အဆင့်မီ ခင်းကျင်းရေး၊ Layout Plan ရေးဆွဲ၍ ပြင်ဆင်ဆောင်ရွက်ရန် ကြိုတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ပညာရှင်များအနေဖြင့်လည်း ပိုမိုကောင်းမွန်ပြည့်စုံသည့် အတွေ့အကြုံ၊ အကြံဉာဏ်များနှင့် လုပ်ငန်းများ အချိန်တိုအတွင်း ပြီးပြည့်စုံ ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာနန္ဒာမှန်းက အမျိုးသားစာကြည့်တိုက်၏ ဝိသေသလက္ခဏာများ၊ လုပ်ငန်းတာဝန်များ၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို နိုင်ငံတကာ အမျိုးသားစာကြည့်တိုက်များနည်းတူ ဆောင်ရွက်နိုင်ရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အဆောက်အအုံအား ကြိုတင်လေ့လာတွေ့ရှိမှု အခြေအနေများ၊ အဆောက်အအုံ လွှဲပြောင်း/လက်ခံရေးလုပ်ငန်းများ၊ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ၊ ပြောင်းရွှေ့ဖွင့်လှစ်မည့် လုပ်ငန်းစီမံချက်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို နိုင်ငံတကာအဆင့်မီဖြစ်ရေး၊ ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေးအတွက် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်အား ယာယီပြတ်တောက်မည်

**နေပြည်တော် ဩဂုတ် ၁၃**

ဩဂုတ် ၁၄ ရက်တွင် မရမ်းကုန်း၊ ဗဟန်း၊ လှိုင်၊ အလုံ၊ ဒဂုံ၊ လမ်းမတော်၊ လသာ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ မင်္ဂလာဒုံ၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

အဆိုပါမြို့နယ်များ၏ ရပ်ကွက်အချို့ နေရာအချို့တို့တွင်သာ အချိန်ပိုင်း ဓာတ်အားပြတ်တောက်မည်ဖြစ်ပြီး ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားသည်။

**(မြန်မာ့အလင်း)**



**အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အာဆီယံကင်းထောက်အစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် အဖွဲ့ဝင် ဦးမြင့်ဆွေတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်**
ဓာတ်ပုံ-ကိုလတ်(သတင်းစဉ်)

# ချယ်ရီပင်များ စုပေါင်းစိုက်ပျိုးပွဲ ဟားခါး၌ ကျင်းပ

**ဟားခါး ဩဂုတ် ၁၃ -** ချင်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု ချယ်ရီပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီက ဟားခါးမြို့ ဇေတဝန်တောရစာသင်တိုက်အနီး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ချယ်ရီပင် ၁၈၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

( ပြည်နယ် ပြန်/ဆက် )

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေး ဝန်ကြီးနှင့်အဖွဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကနှင့်တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁၃**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဝန်ကြီး H.E. Mr.Song Tao နှင့်အဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးအား ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များ၊ ပါတီ အချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးမှု ရရှိစေရန် အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ စေလွှတ်ရေး၊ မြန်မာပြည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တည်ငြိမ်မှုရှိရန်အတွက် ကူညီထောက်ပံ့ရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ဝင်း၊ ဦးဟံသာမြင့်၊ စီးပွားရေးတာဝန်ခံ ဦးစိုးဝင်း၊ သတင်းနှင့် ပြန်ကြားရေးအဖွဲ့ဝင် ဦးအေးကြူ (ခေါ်) မုံရွာအောင်ရှင်၊ ရုံးအဖွဲ့မှူး ဦးသိန်းဦးတို့ တက်ရောက်ကြသည်။

**ကိုလတ်(သတင်းစဉ်)**




မလေးရှားနိုင်ငံတွင် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်ထိ ကျင်းပသော The 8th ASEAN-China Young Entrepreneurs Forum 2016 သို့ မြန်မာနိုင်ငံ လူငယ်စွန့်ဦး တီထွင်လုပ်ငန်းများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်စိုးသာ ဦးဆောင်သော ဗဟို အလုပ်အမှုဆောင်နှင့် အသင်းဝင်ကိုးဦး ပါဝင်သောအဖွဲ့သည် ဩဂုတ် ၁၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ် (မြန်မာ့အလင်း)



မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် ဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံသား ၁၃၇ ဦးအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် မလေးရှားနိုင်ငံမှ ဩဂုတ် ၁၂ ရက်တွင် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ် မျိုးမင်းသိန်း(မြန်မာ့အလင်း)

## ပင်မဓာတ်အားခွဲရုံပြုပြင်ဆောင်ရွက်ရန် ဓာတ်အားပိတ်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် ဩဂုတ် ၁၃**

230 KV သာကေတ ပင်မဓာတ်အားခွဲရုံ၏ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း အပတ်စဉ် တနင်္ဂနွေနေ့များတွင် ပင်မဓာတ်အားခွဲရုံ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အောက်ဖော်ပြပါနေ့ရက်၊ အချိန်များတွင် ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။ ၆၆ကေဗွီ ကျိုက္ကဆံ၊ ဒဂုံအရှေ့ဖီဒါ ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ(**ဓာတ်အားပြတ်တောက်မည့်မြို့နယ် သဃ်္ဃန်းကျွန်း၊ တောင်ဥက္ကလာ၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ ဒဂုံအရှေ့ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း**)။ ၃၃ ကေဗွီ ပုသိမ်ညွန့်၊ မြင်တော်သာ၊ ဒဂုံတောင် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ (**ဓာတ်အားပြတ်တောက်မည့်မြို့နယ်- သာကေတ၊ သဃ်္ဃန်းကျွန်း၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း**)

(မြန်မာ့အလင်း)

❖ *ကျော်ဖုံးမှ*

ခေတ်မီ ကယ်ဆယ်ရေးကိရိယာတွေဖြစ်တဲ့ ဟိုက်ဒရောလစ် ကတ်တာ၊ အင်ဂျင်ကတ်တာတွေအသုံးပြုပြီး ကယ်ဆယ်ရေးလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ကျပ်လုံး ၁၅ လုံးခန့်ရှိတဲ့ ဘင့်တုံးက လူကိုပိနေတဲ့အတွက် အသက်ကယ်နိုင်ခဲ့ခြင်းမရှိပါဘူး” ဟု တာမွေမြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးကျော်လွင်ဦးက ပြောသည်။

အဆိုပါ ကွန်ကရစ်ကြမ်းခင်းပြိုကျမှုမှာ နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က ဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူမှာ ဒလမြို့အုံကြီးကျေးရွာ အသက်(၃၂ နှစ်)ရှိ ဦးထွန်းလင်းနောင် လက်သမားအကူအဖြစ် အဆိုပါဆောက်လုပ်ဆဲ ငါးထပ်ဆောင်တွင် အလုပ်လုပ်နေသူဖြစ်ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့က မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရုပ်အလောင်းကို အပျက်အစီးများကြားမှ ဖော်ထုတ်နိုင်ခဲ့ပြီး ရန်ကုန်ဆေးရုံကြီးသို့ ပေးပို့ခဲ့ကြောင်း၊ ၎င်းသည် ပြိုကျစဉ် စတုတ္ထအလွှာတွင်အလုပ်လုပ်နေခဲ့ကြောင်း သိရသည်။

ယင်းကွန်ကရစ်ကြမ်းခင်းပြိုကျမှုတွင် ပေ (၂၀၀× ၇၀) အကျယ်အဝန်းရှိသည့်အနက် ပေ (၂၅×၁၀၀) ခန့် ကွန်ကရစ်ကြမ်းခင်းမှာ ငါးထပ်မြောက် အပေါ်ဆုံးအလွှာမှ စတုတ္ထအလွှာကြမ်းပြင်အထိ ပြိုကျသွားခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ “ဝုန်းဆိုတဲ့အသံကြားလိုက်ပြီး အခင်းဖြစ်ပွားရာသို့ အမြန်ဆုံးသွားကာ ကယ်ဆယ်ရေးအဖွဲ့တွေ အမြန်ဆုံးရောက်ရှိရေး သက်ဆိုင်ရာတွေကို အကြောင်းကြားမှုတွေ လုပ်ခဲ့ပါတယ်” ဟု ဗျိုင်းရေအိုးစင်ရပ်ကွက် ရာအိမ်မှူး ဦးအေးကြိုင်က ပြောသည်။ အခင်းဖြစ်ပွားရာသို့ မြို့နယ် ခေတ္တမြို့နယ်မှူး ဒုရဲမှူး မျိုးမြင့်ကြိုင်နှင့် အရာရှိ ငါးဦးနှင့် အခြားအဆင့် ၁၀ ဦးတို့လည်း ကယ်ဆယ်ရေး ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးသူတစ်ဦးကလွဲ၍ အခြားဒဏ်ရာရသူ တစ်ဦးမျှမရှိကြောင်း မြို့နယ်မီးသတ် ဦးစီးဌာနဦးစီးအရာရှိ ဦးကျော်လွင်ဦးထံမှ သိရသည်။




# အစိုးရသစ်ရဲ့ရက် ၁၀၀ အတွင်း စိန်ခေါ်ချက်များ ခေါင်းစဉ်ဖြင့် ဒီဗွီဘီ ဒီဘိတ်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

အစိုးရသစ်ရဲ့ ရက်တစ်ရာအတွင်း စိန်ခေါ်ချက်များ ခေါင်းစဉ်ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမင်းမင်းဦးနှင့် ဦးဇော်ဝင်းနိုင်၊ သတင်းစာဆရာ ဦးစည်သူအောင်မြင့် အပါအဝင် စိတ်ပါဝင်စားသူများ၏ ဆွေးနွေးပွဲ(ဒီဘိတ်)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Excel Capital ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဒီဘိတ်၌ အစိုးရအဖွဲ့သစ်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ပြည်သူလူထုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုများ၊ ချက်ချင်းလုပ်ကိုင်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ ရက်တစ်ရာစီမံကိန်းပါ ရေတိုနှင့် ရေရှည်စီမံကိန်းများ၏ ထိရောက်အောင်မြင်မှုများကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

“ကျွန်တော် အောင်မှတ်ပေးပါတယ်။ ဒီရက်တစ်ရာနဲ့ပတ်သက်တဲ့ သုံးသပ်ချက်ဆိုတာက ဒီမိုကရေစီထွန်းကားတဲ့ အနောက်နိုင်ငံတွေလို၊ အမေရိကန်နိုင်ငံလို အင်စတီကျူးရှင်း အားကောင်းတဲ့ ဝန်ကြီးဌာနတွေ ခိုင်ခိုင်မာမာရှိတဲ့ နိုင်ငံတွေမှာ သုံးသပ်တဲ့ အလေ့အထက နေ ပေါ်ပေါက်လာတာပါ” ဟု သတင်းစာဆရာ ဦးစည်သူအောင်မြင့်က ပြောသည်။

“ကျွန်တော်ကတော့ အောင်မှတ်ထက်စာရင် ရက်ပေါင်းတစ်ရာ လုပ်ရခြင်းရဲ့ရည်ရွယ်ချက်က ကျန်တဲ့အနောက်နိုင်ငံတွေမှာရော၊ ဒီမှာရော အစိုးရသစ်နဲ့ ပြည်သူလူထု စတင်မိတ်ဆက်ပေးပြီး ရင်းနှီးမှုကတစ်ဆင့် ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်တွေကို ချမှတ်တာလို့ ကျွန်တော့်ရဲ့ လေ့လာချက်အရ သိရပါတယ်၊ ဒါက အောင်မှတ်၊ ကျမှတ်ထက် ပြည်သူလူထုနဲ့ ဘယ်လောက်အထိနီးစပ်သွားသလဲဆိုတာကို သုံးသပ်ရမှာပါ” ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမင်းမင်းဦးက ဆိုသည်။

“အစိုးရဘက်က သူတို့ရဲ့လုပ်ဆောင်ချက်တွေအပေါ်မှာ ကြိုးစားပမ်းစားလုပ်ဆောင်ခဲ့တာပေါ့။ အဲ့ဒီအပေါ်မှာ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်း၊ အောင်မှတ်ရတယ်၊ မရဘူးဆိုတာ ပြည်သူတွေက ဆုံးဖြတ်မှာဖြစ်ပါတယ်။ ပြည်သူတွေ ဘယ်လောက်သက်သာခွင့်ရခဲ့လဲ၊ ဘယ်လောက်အကျိုးခံစားခွင့်ရခဲ့လဲ၊ နောက်ဆုံး ပြည်သူတွေက အစိုးရအပေါ် ဘယ်လောက် မျှော်လင့်ချက်ရှိလာလဲ အဲဒီအပေါ်မှာ ပြည်သူတွေရဲ့ အဖြေက အဓိကကျပါတယ်” ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက ပြောသည်။

“ကျွန်တော်တို့က ရက်တစ်ရာအတွင်းမှာ သတ်မှတ်ချက်တစ်ခု ထားလိုက်တယ်။ ဒီဟာတွေ ပြီးရမယ်ဆိုပြီး သတ်မှတ်လိုက်တဲ့အတွက် သတ်မှတ်ချက်အတိုင်းဖြစ်မြောက် အောင်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ သင့်တင့်တဲ့ အောင်မှတ်ရတယ်လို့ မြင်ပါတယ်” ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးဇော်ဝင်းနိုင်က ဆိုသည်။

အစိုးရသစ်ရဲ့ ရက်တစ်ရာအတွင်း စိန်ခေါ်ချက်များခေါင်းစဉ်ဖြင့် ဒီဗွီဘီ ဒီဘိတ်ကို ဩဂုတ် ၁၄ ရက်(**ယနေ့**) ည ၇ နာရီတွင် ဒီဗွီဘီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အင်းဝက လူထုကဗျာဆရာ(သို့မဟုတ်) ကိုလေး(အင်းဝဂုဏ်ရည်) အသက်(၈၀)ပြည့် မွေးနေ့ကျင်းပ

**မန္တလေး ဩဂုတ် ၁၃**

ကိုလေး(အင်းဝဂုဏ်ရည်)၏ အသက် (၈၀) ပြည့်မွေးနေ့ပွဲကို အမရပူရမြို့တောင်သမန်အင်းစောင်းရှိ တောင်လေးလုံးကျောင်းတိုက်၌ ဩဂုတ် ၁၁ ရက်က ကျင်းပရာ ပန်းချီဆရာများက ဆရာကိုလေး(အင်းဝဂုဏ်ရည်)၏ ပုံတူပန်းချီများကို ပေးအပ်ဂုဏ်ပြုပြီး ဆရာကိုလေး(အင်းဝဂုဏ်ရည်)က အမှတ်တရစကားပြောကြားသည်။

ထို့နောက် ဆရာအုံမောင်၊ တက္ကသိုလ်မောင်ထွန်းဝေ၊ စိုးနိုင်(မန္တလေးတက္ကသိုလ်)၊ မောင်ကြည်သာ၊ မောင်နွေထက်နှင့် မောင်သင်းပန်တို့က အမှတ်တရစကားများပြောကြားကာ ကဗျာဆရာများက အမှတ်တရကဗျာများ ရွတ်ဆိုခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



နာ၊ နာခေါင်း၊ လည်ချောင်းဆေးရုံဝင်းအတွင်းရှိ တိုးချဲ့ဆောင် ငါးထပ်လွှာရှိ ကွန်ကရစ်ကြမ်းခင်းပြိုကျနေမှုကို တွေ့ရစဉ်

# မိုးရာသီငြိမ်းချမ်းရေးကာတွန်းပြပွဲ ဒုတိယနေ့ဆက်လက်ပြသ

**သတင်းနှင့် ဓာတ်ပုံ - ဇော်မင်းလတ်**

**ရန်ကုန် ဩဂုတ် ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကိုကြိုဆိုသောအားဖြင့် ငြိမ်းချမ်းရေးကာတွန်းပြပွဲကို မဟာဗန္ဓုလပန်းခြံနှင့် မြို့တော်ခန်းမရှေ့၌ ဒုတိယနေ့အဖြစ် နံနက်ပိုင်းမှစတင်၍ဆက်လက်ပြသထားရာ အားလပ်ရက် စနေနေ့လည်းဖြစ်သည့်အတွက် ကာတွန်းပညာကို စိတ်ဝင်စားသော ပြည်သူများဖြင့် စည်ကားစွာတွေ့မြင်ခဲ့ရသည်။


ငြိမ်းချမ်းရေးကာတွန်းပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာသူ ကိုထွန်းအောင်က "အခုလို ကာတွန်းပြပွဲတွေကို မကြာခဏ ပြသပေးမယ်ဆိုရင် ကာတွန်းပညာကိုစိတ်ဝင်စားကြတဲ့လူငယ်တွေအဖို့ များစွာသော တန်ဖိုးဖြတ်လို့မရတဲ့ပညာကို ရရှိကြမယ်။ ပြည်တွင်းက ပြည်သူတွေသာမက ပြည်ပကနိုင်ငံခြားခရီးသွားတွေပါ စိတ်ဝင်တစားလာရောက်ကြည့်ရှုနေကြတဲ့အတွက် မြန်မာကာတွန်းပညာကို ကမ္ဘာကပါ သိသွားမယ်။ ခဏခဏ အခုလိုမျိုး ပြသပေးဖို့ မျှော်လင့်မိပါတယ်"ဟု ပြောကြားသည်။

ငြိမ်းချမ်းရေးကာတွန်းပြပွဲတွင် အမှတ်တရဖြစ်ရန် လာရောက်ကြည့်ရှုသူများအတွက် အမှတ်တရအဖြစ် ကဗျာစာအုပ်များရောင်းချပေးခြင်း၊ ဝါရင့်ကာတွန်းပညာရှင်များနှင့် မျိုးဆက်သစ်ကာတွန်းဆရာများက အမှတ်တရအနေဖြင့် ငြိမ်းချမ်းရေးပုံပါ တီရှပ်များရောင်းချပေးခြင်း၊ ကာတွန်းဆရာများ၏ ကာတွန်းပို့စ်ကတ်များ ရောင်းချပေးခြင်း၊ ကာတွန်းဆရာများက တီရှပ်အင်္ကျီဝယ်ယူကြသည့် ပြည်သူများအား မိမိတို့၏စိတ်ကူးဖြင့် လျှင်မြန်သော ငြိမ်းချမ်းရေးကာတွန်းပုံများရေးဆွဲပေးခြင်းများလည်း ပြုလုပ်ပေးလျက်ရှိသည်။

ပြပွဲတွင် ကာတွန်းပိုစတာကားချပ် ၂၃၀ ထဲမှ ရောင်းချရငွေများကို ကာတွန်းပညာရှင်ကြီးများ၏ ကျန်းမာရေးအတွက်ဆောင်ရွက်အသုံးပြုသွားမည်ဟု ငြိမ်းချမ်းရေးကာတွန်းပြပွဲ ပညာရှင်တစ်ဦးက ပြောကြားသည်။



ကာတွန်းပညာကို စိတ်ဝင်စားကြသော ပြည်သူများ ငြိမ်းချမ်းရေးကာတွန်းပြပွဲသို့ လာရောက်ကြည့်ရှုကြစဉ်





(ငြိမ်းချမ်းရေးကာတွန်းပြပွဲ - ၂၀၁၆ တွင် ပြသထားသော ကာတွန်းများမှ ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။)

✻ ကျောဖုံးမှ

ရောဂါထိန်းချုပ်ရေးဇုန်၊ High Risk Zone ဖြစ်နိုင်ဖွယ်များသည့် စောင့်ကြည့်ရှာဖွေရေးဇုန်များဖြင့် နည်းဗျူဟာအဆင့်ဆင့် သတ်မှတ်ဆောင်ရွက်ခဲ့ကြရာ ရက်အနည်းငယ်အတွင်း ဝက်သက်ရောဂါဟု အတည်ပြုနိုင်ပြီးနောက် ရောဂါထိန်းချုပ်နိုင်ခဲ့သည်။

**ကျန်းမာရေးအဖွဲ့များ ကွင်းဆင်း**

"စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် ထန်ပါခွေတိုက်နယ်ဘက်မှာရှိတဲ့ ထန်ခေါ်လာမားကျေးရွာမှာ ဇွန်လအတွင်းက ကလေးတွေရော လူကြီးတွေပါ ဖျားတယ်၊ ချောင်းဆိုးတယ်၊ အသက်ရှူမဝဘူး၊ ခန္ဓာကိုယ်မှာ အနီစက်တွေ ထွက်တယ်၊ မျက်စိတွေလည်း နီတယ် စသဖြင့် ရောဂါလက္ခဏာတွေ ဖြစ်ပွားပြီးတော့ စုစုပေါင်းလူနာ ၂၅ ဦးလောက် သေဆုံးတယ်ဆိုတဲ့သတင်းကို ဇွန် ၂၀ ရက်မှာ ရရှိပါတယ်။ အလားတူ နန်းယွန်းမြို့နယ် ဒုံဟီးတိုက်နယ် ကျန်းမာရေးဌာနခွဲက ကဲဆန်ကာလန်၊ ကဲဆန်လုံကျန်းကျေးရွာတွေမှာ အဲ့ဒီလိုမျိုး ကူးစက်ရောဂါတွေဖြစ်ပွားပြီး ၂၃ ဦး သေဆုံးတယ်ဆိုတဲ့ သတင်းတွေ ရရှိပါတယ်။ သတင်းရရှိလျှင် ရရှိချင်းပဲ သက်ဆိုင်ရာဒေသမှာရှိတဲ့ ကျန်းမာရေးအဖွဲ့တွေ လဟယ်မြို့နယ် ထန်ပါခွေတိုက်နယ်ဆရာဝန်နဲ့ အဲ့ဒီမှာရှိတဲ့ အခြေခံကျန်းမာရေးဆရာဝန်ကြီးတွေက ဦးဆောင်တဲ့ ကွင်းဆင်းအဖွဲ့ကိုစေလွှတ်ပြီး ရောဂါထိန်းချုပ်တဲ့လုပ်ငန်းကို လုပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနက ကူးစက်ရောဂါကုဆရာဝန်ကြီးတွေဖြစ်တဲ့ ဒေါက်တာ ထူးမြင့်ဆွေ၊ ဒေါက်တာ ရန်နိုင်၊ ဒေါက်တာ သန်းနိုင်စိုးသူတို့အဖွဲ့ကိုလည်းပဲ ဆက်တိုက်စေလွှတ်တယ်။ နန်းယွန်းဘက်ကိုလည်းပဲ ကူးစက်ရောဂါကုဆရာဝန်ကြီး ဒေါက်တာ အောင်ကျော်မိုး ဦးဆောင်တဲ့အဖွဲ့နဲ့ ဆက်လက်စေလွှတ်ပြီး ဆောင်ရွက်တယ်။ ကျွန်တော်တို့ကလည်းပဲ ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ် ကျွန်တော်ကိုယ်တိုင်ဦးဆောင်တဲ့ ဒေါက်တာ ဉာဏ်ဝင်းမြင့်၊ ဒေါက်တာ သန်းလွင်ထွန်း၊ ဒါကတော့ စစ်ကိုင်းတိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးပါ။ ဒေါက်တာ သီဟ၊ ဒေါက်တာ ဉာဏ်ထက်လွင်၊ ဒေါက်တာ ကျော်ခိုင်ဇံ၊ ဒေါက်တာ ပြည့်ဖြိုးအောင် စသဖြင့် ဒီအဖွဲ့တွေက လည်းပဲ စုစုပေါင်းကူးစက်ရောဂါကုဆရာဝန်ကြီး ၁၀ ဦး ပါဝင်တဲ့အဖွဲ့နဲ့ ဆက်တိုက်ကွင်းဆင်းဆောင်ရွက်ပါတယ်" ဟု ဒေါက်တာ စိုးလွင်ငြိမ်းက ပြောသည်။

**ချက်ချင်းသတင်းပို့စနစ်ကျင့်သုံး**

"နောက်ဇုန်တစ်ခုကတော့ ဖန်ကော်လမ်းမကြီးနဲ့ ဝေးတဲ့နေရာ၊ ကူးစက်နိုင်ခြေနည်းတဲ့နေရာတွေမှာလည်း ဝေးနေပေမယ့် လက်ဦးမှုရအောင် လူနာသစ်လိုက်ရှာတယ်။ ဒါပေမယ့် လူနာသစ်မတွေ့ပေမယ့် တခြားသောဆရာမတွေနဲ့ တခြားကျန်းမာရေးကုသမှုတွေလည်း ဆေးခန်းဖွင့်ပြီး ကုသပေးပါတယ်။ ဝက်သက်ရောဂါတော့ High Risk Zone မှာလည်း မတွေ့ရဘူး။ ဒါပေမယ့် ရောဂါက ၂၁ ရက်အတွင်း ဖြစ်နိုင်တယ်ဆိုတော့ နောက် ၂၁ ရက်အတွင်းမှာတော့ ဒီ High Risk ဇုန်မှာ တစ်ယောက်စ နှစ်ယောက်စ ဖြစ်နိုင်ပေမယ့် ကာကွယ်ဆေးတွေထိုးထားတော့ သိပ်ပြင်းပြင်းထန်ထန်မဖြစ်နိုင်တော့ဘူး။ အသက် ဆုံးရှုံးမှုတွေလည်း မရှိနိုင်ဘူးပေ့ါ။ ကျွန်တော်တို့တွေ ဒီလိုလုပ်ပေးနေတော့မှ ကျေးရွာလူထုကလည်း ဒီလိုဖြစ်ရင် စောစောစီးစီး သတင်းပေးပို့ရမှာလားဆိုတာ သိသွားတယ်။ ဘာသာစကားနားလည်မှုမှာ အခက်အခဲနည်းနည်းတော့ရှိတယ်။ ဒေသခံစကားပြန်လေးတွေနဲ့ပြောရတဲ့အခါ တစ်ခါတလေကျရင် ကျွန်တော်တို့ပြောချင်တာ သူတို့ဆီ တကယ်ရောက်လား၊ မရောက်လားမသိနိုင်ဘူး။ ဒါပေမယ့်လည်း ကျွန်တော်တို့ဘက်က လိုအပ်တဲ့ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်တယ်။ အဓိကက စောစောစီးစီး ကျန်းမာရေးဌာနဖြစ်ဖြစ်၊ ဒေသအုပ်ချုပ်ရေးအဖွဲ့တွေပဲဖြစ်ဖြစ် သတင်းပေးပို့ရမှာပေ့ါ။ ချက်ချင်းသတင်းပေးပို့မှု နောက်ကျရင် ကျွန်တော်တို့ ကုသရေးအဖွဲ့တွေကလည်း နောက်ကျမှ ရောက်မယ်။ အဲဒီတော့ မလိုအပ်တဲ့ ဖြစ်ပွားသေဆုံးမှုတွေ အခုလိုပဲ ကြုံတွေ့ရမှာပေ့ါ။ ကျေးရွာမှာရှိတဲ့ ကျေးရွာခေါင်းဆောင်တွေကိုလည်း သေချာမှာထားခဲ့ပါတယ်။ Health and Immunization area တွေမှာလည်း ကာကွယ်ဆေးထိုး လွှမ်းခြုံမှုတွေ စစ်ဆေးပါတယ်။ ခုနလို နေရာတိုင်းမှာလည်း ဒေသခံရွာတွေမှာ ဘာကျန်းမာရေးပြဿနာရှိလဲ ကျွန်တော်တို့ တစ်ခါတည်း စစ်ဆေးပါတယ်။ ဒီရောဂါတစ်ခုတည်းကိုပဲ ထိန်းချုပ်ဖို့ သွားတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရည်ရွယ်ချက်က ဒီဒေသရဲ့ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ဖို့ ခုန ဆွေးနွေးခဲ့တာရှိတယ်။ တစ်ဖက်က အရေးပေါ်ဖြစ်တဲ့ ကပ်ရောဂါအသွင်ဖြစ်နေတဲ့ ဝက်သက်ရောဂါထိန်းချုပ်တဲ့အပြင် တခြားကျန်းမာရေးပြဿနာတွေလည်း တစ်ချိန်တည်း ရောက်ရောက်ချင်းဖြေရှင်းနိုင်တာကိုလည်း ဖြေရှင်းတယ်၊ နောက် အာဟာရချို့တဲ့ကလေးတွေလည်း ရှိတယ်၊ သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဌာနနဲ့ UNICEF နဲ့ပူးပေါင်းပြီး အာဟာရချို့တဲ့ ကလေးတွေအတွက် ကလေးတွေ စားရတာလွယ်တဲ့ မြေပဲယိုလို အစာဆေးဝါးလို့ခေါ်တဲ့ Planty Nurse တို့ Energy 5 တို့ကို ချက်ချင်းနောက်တန်းကနေ ဖြည့်စွက်ပြီး တိုက်ကျွေးတယ်။ အသက်ရှူလမ်းကြောင်းရဲ့ခုခံမှုတက်စေမယ့် ဗီတာမင်အေဆေးတွေကိုလည်း တိုက်ကျွေးပါတယ်။ လိုအပ်တဲ့ ဗီတာမင်စီပေးတယ်။ လူကြီးတွေလည်း အာဟာရပေးတယ်။ ဒီဒေသတွေက ခက်ခက်ခဲခဲသွားလာရတော့ ရောက်တဲ့အခါမှာပဲ လိုအပ်တဲ့ကျန်းမာရေးဆောင်ရွက်မှုတွေ ဆောင်ရွက်ပေးပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ဆေးကုသမှုလုပ်ငန်းများနှင့် တုံ့ပြန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နေစဉ်

**ဆွေးနွေးတိုင်ပင်ဆောင်ရွက်**

အာဟာရဖြည့်တင်း၊ သံချဆေးတိုက်ကျွေးရန်၊ အိမ်များလေဝင်လေထွက်ကောင်းရန်အတွက် လေထွက်ပေါက်မပါသည့် ၎င်းတို့၏ရိုးရာလူနေမှုပုံစံများကိုပြောင်းလဲရန် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌများနှင့် ဆွေးနွေးတိုင်ပင် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဝက်သက်ရောဂါသည် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းများကို ဖျက်ဆီးစေသဖြင့် နောက်ပိုင်း တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များကိုလည်း စေလွှတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဟု သိရသည်။

**ရေတိုရေရှည်စီမံကိန်းများချမှတ်**

ယခုဖြစ်ပွားနေသည့်နေရာသည် နယ်စပ်ဒေသဖြစ်ပြီး အိမ်နီးချင်းနိုင်ငံတွင်လည်း မေလက အလားတူ ကူးစက်ရောဂါဖြစ်ပွားမှုရှိခဲ့သဖြင့် နယ်စပ်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နှစ်နိုင်ငံပူးပေါင်းပြီး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း၊ ရှေ့ဆက်လုပ်ငန်းစဉ်များ မည်သို့ဆောင်ရွက်မည်ကို နိုင်ငံတကာ (International Health Regulation) နိုင်ငံတကာကျန်းမာရေးပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများနှင့် နာဂဒေသများဖြစ်သည့် လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များတွင် ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားစေရေး၊ ပညာရေး၊ လူမှုရေးအဆင့်အတန်း ပိုမိုမြင့်မားစေရန် လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်သွားရန် ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အဓိကလုပ်ဆောင်နေသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

ယခုဖြစ်စဉ်တွင် လဟယ်ဘက်မှ ထန်ခေါ်လာမားရွာ၌ ဖြစ်ပွားမှုသတင်းမှာမှန်သော်လည်း နန်းယွန်းဘက်မှ ၁၃ ယောက်သေဆုံးသည့်သတင်းအရ ကူးစက်ရောဂါကုဆရာဝန်ကြီးများ၊ တိုင်းမှူးနှင့်အတူ ကွင်းဆင်းစစ်ဆေးရာ ကပ်ရောဂါအသွင်ဖြစ်ပုံမတွေ့ဘဲ ကိန်းဂဏန်းအရမှန်သော်လည်း လွန်ခဲ့သည့် ခြောက်လခန့်က သေဆုံးမှုများကို စုပြီး ပြောခြင်းသာဖြစ်ကြောင်း သိရသည်။

**ရှင်မင်းသန့်**

# ထိုင်းနိုင်ငံသမိုင်းမှာ မကြုံစဖူး ရေကြီးမှုဒဏ်ဖြစ်ခဲ့ရသည့် ၂၀၁၁ ရေဘေးဒုက္ခ

**လှူလေးဝိုင်း**



၂၀၁၁ ခုနှစ် ရေကြီးတဲ့ဖြစ်ရပ်ဟာ ထိုင်းနိုင်ငံရဲ့သမိုင်းမှာ မကြုံဖူးတဲ့ အတိုင်းအတာပမာဏမျိုးပါ။ ထိုင်းနိုင်ငံရဲ့ ပြည်နယ် ၇၇ ပြည်နယ်ထဲက ၆၅ ပြည်နယ်မှာ ရေကြီးခဲ့တာပါ။ ထိုင်းပြည်သူ ၈၁၅ ဦးအသက်သေဆုံးခဲ့ရပြီး စီးပွားရေးအရ ဆုံးရှုံးမှုဟာ ထိုင်းဘတ် (BAHT) ၁ ဒသမ ၄ ထရီလီယံ (trillion) ရှိပါတယ်။ ရေကြီးတဲ့ကာလကလည်း ဇူလိုင် ၂၅ ရက်က စလိုက်တာ စုစုပေါင်း ၁၇၅ ရက်ကြာခဲ့ပါတယ်။

**နှစ်တစ်ဝက်ကျော်ကြာ**

သမိုင်းမှာမကြုံဖူးတဲ့ အတိုင်းအတာမို့လို့ ထိုင်းပြည်သူတစ်ရပ်လုံး သဘာဝဘေးအန္တရာယ်က အလစ်အငိုက်ထိုးစစ်ဆင်တာ ခံလိုက်ရသလို ဖြစ်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်း မသိဖြစ်ခဲ့တာပါ။ ရေကြီးတဲ့ဒဏ်ကို ထိုင်းနိုင်ငံမြောက်ပိုင်းပြည်နယ်တွေ စခံခဲ့ရပြီး တဖြည်းဖြည်းအလယ်ပိုင်းပြည်နယ်တွေထိ ရွေ့လာလိုက်တာ နှစ်တစ်ဝက်ကျော် ကြာခဲ့တယ်ဆိုတော့ စိတ်ကူးကြည့်ရုံနဲ့တင် သွေးပျက်စရာကောင်းနေပါပြီ။

ဇူလိုင်လမှာ ရေနစ်မြုပ်တဲ့ ဧရိယာက ၈၈၄၈၂၂ ရိုင် (RAI) ပဲ ရှိပါသေးတယ်။ တစ်ရိုင်မှာ ၀ ဒသမ ၃၉၅၄ ဧကရှိပါတယ်။ ဩဂုတ်လမှာ ရေဖုံးလွှမ်းတဲ့ ဧရိယာဟာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ရိုင်ပေါင်း ၅ ဒသမ ၈ သန်း ရှိလာပါတယ်။ ဒီသဘာဝဘေးအန္တရာယ်ဆိုးကြီးက နောက်နှစ်လအတွင်း ဆိုးသထက် ပိုဆိုးလာပါတယ်။ ရေဖုံးလွှမ်းမှုအဆိုးဆုံးလို့ ပြောရမယ့် အောက်တိုဘာလမှာ စုစုပေါင်း ရေဖုံးလွှမ်းတဲ့ဧရိယာဟာ ရိုင်ပေါင်း ၂၂ သန်း ကျော်သွားပါတယ်။ ထိုင်းနိုင်ငံမြောက်ပိုင်းက တိုင်းပြည်ရဲ့အဓိက ဆည်ကြီးနှစ်ခုဖြစ်တဲ့ ဘူမိဗောဆည် (Bhumibol) နဲ့ ဆာရီကစ် (Sirkit) ဆည်တွေမှာ နှုတ်ခမ်းဝအထိ ရေပြည့်လာလို့ ဆည်တောင့်ခံနိုင်တာထက် ပိုနေတဲ့ ရေတွေလွှတ်ထုတ်ပစ်ဖို့ မနိုင်မနင်း ကြိုးပမ်းနေရတယ်ဆိုတဲ့ သတင်းတွေဟာ သဘာဝဘေးအန္တရာယ်ဆိုးကြီး ကြုံရတော့မယ်ဆိုတာကို နိမိတ်ဆိုးပြလိုက်တာပါပဲ။

**ဒလဟောစီးနေတဲ့ရေတွေ**

ဗန်ကောက်ပို့စ် (Bangkok Post) သတင်းစာရဲ့ အောက်တိုဘာ ၁ ရက် သတင်းခေါင်းစီးက "ဆည်ကြီးတွေ အက်ကွဲပွင့်အံဖို့နီးနေပါပြီ" လို့ ရေးထားတာပါ။ ဒီသတင်းနဲ့အတူ ပူးတွဲပါလာတဲ့ ဓာတ်ပုံမှာ ပျားပန်းခပ်အရောင်းအဝယ်များတဲ့ မြစ်ကမ်းနံဘေး သာဖရာချန် (Tha Phra Chan) ဈေးထဲက အမျိုးသမီးတစ်ဦးက သူ့ပစ္စည်းတွေ မြေမြင့်ရာ နေရာရွှေ့နေတာပြထားပြီး ဒလဟောစီးလာတဲ့ရေတွေ မြို့တော် (ဗန်ကောက်) ကို ဝင်လာပါပြီလို့ ပုံစာရေးထားပါတယ်။

ထိုင်းနိုင်ငံသမိုင်းမှာ မကြုံဖူးတဲ့ ရေနစ်မြုပ်မှုဟာ ထိုင်းနိုင်ငံရေးလောကကိုလည်း ဝါဒဖြန့်မှု၊ ရှုတ်ချတိုက်ခိုက်မှုတွေနဲ့ ဖုံးလွှမ်းစေခဲ့တယ်လို့ ပြောရမှာပါ။ ထိုင်းနိုင်ငံရဲ့ အဓိကနိုင်ငံရေးပါတီကြီးနှစ်ရပ်ဖြစ်တဲ့ ဒီမိုကရက်တစ်ပါတီနဲ့ ဖျူထိုင်းပါတီ (Pheu Thai Party) တို့ကြား အမျိုးသားရေးမူဝါဒ အလွဲလွဲအမှားမှား ကျင့်သုံးခဲ့တာဟာ ဘယ်သူ့ကြောင့်ဆိုတာမျိုး အပြန်အလှန်စွပ်စွဲတိုက်ခိုက်ခဲ့ကြတာပါ။ ဖြစ်ချင်တော့ ဖျူထိုင်းပါတီက ၂၀၁၁ ခုနှစ် ဇူလိုင်လ အထွေထွေရွေးကောက်ပွဲမှာ အနိုင်ရ အာဏာရလာတာပါ။

**ဖျူထိုင်းပါတီရဲ့ သံသယ**

လွှတ်တော်အမတ်နေရာ ၂၅၀ ရတဲ့ လွှတ်တော်မှာ ဖျူထိုင်းပါတီက ၂၆၅ နေရာအနိုင်ရရှိခဲ့ပါတယ်။ ပြိုင်ဘက် ဒီမိုကရက်ပါတီက ၁၅၉ နေရာပဲရတာပါ။ စိတ်ဝင်စားစရာကောင်းတာက ဒီမိုကရက်ပါတီအစိုးက (၂၀၁၁ ခုနှစ် ဇူလိုင်လ ရွေးကောက်ပွဲမတိုင်ခင်) အဓိက ဆည်ကြီးတွေမှာရှိတဲ့ ရေပမာဏ လေးဘီလီယံကုဗမီတာကို ရည်ရွယ်ချက်ရှိရှိ လွှတ်ထုတ်မပစ်ဘဲ တမင်ထိန်းထားတယ်ဆိုတဲ့ ဖျူထိုင်းပါတီရဲ့ သံသယပါ။

ရွေးကောက်ပွဲမှာ ရှုံးနိမ့်ခဲ့ပေမယ့် အာဏာလွှဲမပေးရတဲ့ မေလနဲ့ ဩဂုတ်လ လေးလတာကာလအတွင်း ဒီမိုကရက် အစိုးရက ဘူမိဗောဆည်နှင့် ဆာရီကစ်ဆည်တွေကနေ တစ်လပုံမှန် ရေတစ်ဘီလီယံကုဗမီတာ လွှတ်ထုတ်ရမှာကို ဘာလို့ လွှတ်မထုတ်ခဲ့တာလဲလို့ ဖျူထိုင်းပါတီက မေးခွန်းထုတ်ပါတယ်။ ၂၀၀၉ ခုနှစ်နဲ့ ၂၀၁၀ ပြည့်နှစ်ကို ပြန်ကြည့်တဲ့အခါ ဒီလေးလတာကာလအတွင်း တစ်လပုံမှန် ရေတစ်ဘီလီယံကုဗမီတာ လွှတ်ထုတ်ခဲ့တာကို တွေ့ရပါတယ်။ ဒီမိုကရက်တစ်ပါတီအစိုးရက တက်လာမယ့် ဖျူထိုင်းပါတီအစိုးရအား နိုင်ငံရေးအရ အခက်တွေ့အောင် လွှတ်ထုတ်ရမယ့် ရေပမာဏကို တမင်သက်သက် လွှတ်မထုတ်ဘဲ ထားခဲ့တယ်ဆိုတဲ့ သဘောပါ။ ဖျူထိုင်းပါတီအစိုးရအဖွဲ့က လွှတ်တော်မှာ အစိုးရမူဝါဒတွေ ထုတ်ပြန်ခဲ့တဲ့နေ့ဟာ ဩဂုတ် လ ၂၅ ရက်နေ့ပါ။ အဲဒီအချိန်မှာ တစ်တိုင်းပြည်လုံး ရေကြီးနေတာ ထိန်းမနိုင်သိမ်းမရဖြစ်နေပါပြီ။ ရေကြီးမှု ကူညီကယ်ဆယ်ရေး ဗဟိုကွပ်ကဲမှုဗဟိုဌာန (Flood Relief Operations Command-FROC) ဖွဲ့တဲ့ အောက်တိုဘာလ ၈ ရက်နေ့မှာ ဘူမိဗောဆည်နဲ့ ဆာရီကစ်ဆည်တွေရဲ့ ရေပမာဏဟာ ထိန်းထားနိုင်တဲ့ ရေပမာဏထက် ကျော်လုကျော်ခင် ဖြစ်နေပါပြီ။

**အထိနာ**

ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် အဘီဆစ် ဗက်ချာချီဝါ (Abhisit Vejjajiva) ကတော့ ဖျူထိုင်းပါတီရဲ့ သံသယကို ငြင်းပယ်ပါတယ်။ အဘီဆစ်က ဒီမိုကရက်တစ်ပါတီ အာဏာပိုင်ဖြစ်နေတဲ့ ၂၀၁၁ ခုနှစ် ပထမခြောက်လမှာ ဒီဆည်ကြီးနှစ်ခုရဲ့ ရေပမာဏဟာ ပြီးခဲ့တဲ့နှစ်နှစ် အနိမ့်ဆုံးရေသိုလှောင်ပမာဏထက်ကို နည်းနေပါသေးတယ်လို့ ဆိုပါတယ်။ ရေအသုံးချမှုကလည်း ပုံမှန်အတိုင်းပါပဲလို့ ဆိုပါတယ်။ အဘီဆစ်က သူလွှတ်တော်ဖျက်သိမ်းခဲ့တဲ့ ၂၀၁၁ ခုနှစ် မေလမှာ ဒီဆည်ကြီးတွေ ရေသိုလှောင်မှုက ထိန်းချုပ်နိုင်တဲ့ အနေအထားရှိနေပါသေးတယ်လို့ ဆိုပါတယ်။ ဇွန်လမှာ ဒီဆည်ကြီးတွေအတွင်း ရေသိုလှောင်မှု စမြင့်တက်လာပြီး ရွေးကောက်ပွဲကျင်းပချိန်မှာ ပုံမှန်ရေသိုလှောင်ပမာဏရဲ့ တစ်ဝက်နီးပါးရှိနေပြီလို့ ဆိုပါတယ်။ အဘီဆစ်ရဲ့ အပြောအရမုန်တိုင်း (Nock-ten) ကြောင့်သာ ဒီဆည်ကြီးတွေအတွင်း ရေသိုလှောင်ပမာဏဟာ ရုတ်တရက် ချက်ချင်းဆိုသလို မြင့်တက်လာတာပါ။ တာပေါင်ရိုးတွေ ကျိုးပေါက်ခဲ့သလို ရေထိန်းနံရံတွေ ပြိုကျခဲ့ပါတယ်။ လူသုံးကုန် လျှပ်စစ်ပစ္စည်း ထုတ်လုပ်သူတွေကနေ မော်တော်ကားထုတ်လုပ်သူတွေအထိ ပါဝင်တဲ့ အဓိကစက်မှုဇုန်တွေကို ရေလွှမ်းခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ အတော်ကြီးကို အထိနာခဲ့ပါတယ်။

ဗန်ကောက်ဝန်းကျင် ရေအလွှမ်းခံရတာက အယုဒ္ဓယ အဆင့်မြင့်စက်မှုဇုန်ပါ။ ဗန်ကောက်မြို့မှာတော့ တိုးဝင်လာတဲ့ ရေဒဏ်ကို စတင်ခံခဲ့ရတာက မြောက်ဘက်အစွန်ဆုံး မြို့နယ်တွေဖြစ်တဲ့ ဒွန်မောင်း (Don Muang) မြို့နယ်နဲ့ စိုင်းမိုင်း (Sai Mai) မြို့နယ်တွေပါ။ နာရီပိုင်းအတွင်းမှာပဲ ဒီမြို့နယ်နှစ်ခုရဲ့ ရေနုတ်မြောင်းတွေရော တူးမြောင်းတွေကိုပါ ရေလွှမ်းသွားပါတယ်။ အဲဒီက တစ်ဆင့် ရေလှိုင်းကြီးဟာ ဗန်ကောက်မြို့လယ်ကို တိုးဝင်လာပါတယ်။

**ကာဆီးဟန့်တား**

အောက်တိုဘာလ ၂၅ ရက်နေ့ထုတ် Bangkok Post သတင်းစာ ရှေ့မျက်နှာဖုံးမှာ "ကြောက်ရွံ့တုန်လှုပ်လျက်ရှိသော မြို့သူမြို့သားတို့သည် မြို့ကြီး ရေနစ်မြုပ်တော့မည်ကို အားတင်းတောင့်ခံထားလျက်ရှိသည်" လို့ ဖော်ပြထားပါတယ်။ ပြောရရင် ဒီစာတစ်ကြောင်းဟာ အဲဒီအချိန်က ဗန်ကောက် မြို့သူမြို့သားတွေရဲ့ စိတ်ခံစားချက်ကို ကွက်တိဖော်ပြလိုက်တာပါ။ ထိုင်းအစိုးရက မော်တော်ကားငယ်တစ်စီးစာလောက်ရှိတဲ့ ရေမသဲအိတ်ကြီးတွေကို ဖြန့်ဝေပေးခဲ့ပါတယ်။ ဒွန်မောင်းမြို့နယ်နဲ့ စိုင်းမိုင်းမြို့နယ်တွေကတစ်ဆင့် ဗန်ကောက်မြို့လယ်ကို ဝင်လာမယ့် ရေလှိုင်းကြီးကို ဒီရေမသဲအိတ်ကြီးတွေနဲ့ ကာဆီးဟန့်တားဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒီလုပ်ရပ်ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးကတော့ ဒွန်မောင်းမြို့နယ်နဲ့ စိုင်းမိုင်းမြို့နယ်ကို ရေထဲနစ်မြုပ်နေအောင် လုပ်ထားသလို ဖြစ်နေပါတယ်။

**ကမ္ဘာမြေကြီး ဒေါ်သူပုန်ထ**

ဒီနှစ်မြို့နယ်က အိမ်အတော်များများဟာ ရေမျက်နှာပြင်အောက် ခြောက်ပေလောက်အထိ နစ်မြုပ်နေတာပါ။ ဒီတော့ ဒီနှစ်မြို့နယ်က မြို့သူမြို့သားတွေက "ငါတို့က ဘာလို့ ဗန်ကောက်တစ်မြို့လုံးအတွက် အနစ်နာခံရမှာလဲ" လို့ မေးခွန်းထုတ်ကြပါတယ်။ ဒွန်မောင်းလေဆိပ်ကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်ကစပြီး လေးလတိတိ ပိတ်ထားခဲ့ရပါတယ်။ ရေလွှမ်းနေပေမယ့် ကိုယ့်အိမ်မှာပဲ ကိုယ်နေမယ်လို့ ဆုံးဖြတ်ခဲ့ကြတဲ့ မြို့သူမြို့သားတွေအတွက် အစားအသောက်၊ ရေနဲ့ ဆေးဝါးလို မရှိမဖြစ်ပစ္စည်းတွေကို မော်တော်ဘုတ်တွေနဲ့ ဖြန့်ဝေပေးခဲ့ရပါတယ်။ ဒါဟာ ထိုင်းနိုင်ငံသမိုင်းမှာ အကြီးမားဆုံး ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်း ဖြစ်လာပါတယ်။ ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်း ရေပြန်ကျတဲ့အခါ ရေလွှမ်းမှု ဒဏ်ရာဒဏ်ချက်တွေထဲကနေ နောက်အကျဆုံး ပြန်ရုန်းထွက်ခဲ့ရတဲ့ ဒေသတွေထဲမှာ ဗန်ကောက်မြို့လည်း ပါဝင်ပါတယ်။ ရေအကျမှာ ကျန်ခဲ့တဲ့ရွှံ့နွံ အမှိုက်သရိုက် အပျက်အစီးတွေကို ရှင်းလင်းရတဲ့လုပ်ငန်းဟာ မဟာ့မဟာရောမ လုပ်ငန်းကြီးပါ။ ရေလွှမ်းဒဏ်ကို ခံရတဲ့ အိမ်ထောင်စုတွေကို ထိုင်းအစိုးရပေးရတဲ့ နစ်နာကြေးကလည်း မနည်းမနောပါ။ သဘာဝ ကမ္ဘာမြေကြီး တကယ်ဒေါသူပုန်ထပြီဆိုရင် လူသားတွေ လက်မိုင်ချရတာကို ၂၀၁၁ ခုနှစ် ထိုင်းနိုင်ငံ ရေလွှမ်းမှုက သက်သေပြနေပါတယ်။

**REF: 70th Anniversary Edition၊ Bangkok Post**



**သမိုင်းမှာမကြုံဖူးတဲ့ အတိုင်းအတာမို့လို့ ထိုင်းပြည်သူတစ်ရပ်လုံး သဘာဝဘေးအန္တရာယ်က အလစ်အငိုက်ထိုးစစ်ဆင်တာ ခံလိုက်ရသလို ဖြစ်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်ခဲ့တာပါ။ ရေကြီးတဲ့ဒဏ်ကို ထိုင်းနိုင်ငံမြောက်ပိုင်းပြည်နယ်တွေ စခံခဲ့ရပြီး တဖြည်းဖြည်း အလယ်ပိုင်းပြည်နယ်တွေထိ ရွေ့လာလိုက်တာ နှစ်တစ်ဝက်ကျော်ကြာခဲ့တယ်ဆိုတော့ စိတ်ကူးကြည့်ရုံနဲ့တင် သွေးပျက်စရာကောင်းနေပါပြီ**



## လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်း (ဆင့်ပွား)သင်တန်းလေ့ကျင့်

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား လူစုလူဝေးအား ကိုင်တွယ်ထိန်းသိမ်းရာတွင် လူ့အခွင့်အရေး စံနှုန်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကိုင်တွယ်ထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး၌ လူစုလူဝေးကို စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်း (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၆) အား ဩဂုတ် ၁ ရက်မှ ၁၂ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသည်။

သင်တန်းဆင်းပွဲတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်က သင်တန်းဆင်း အမှာစကား ပြောကြားကာ တက်ရောက်လာသော ဒုတိယတပ်ဖွဲ့မှူး၊ ဦးစီးအရာရှိ(ပထမတန်း)(ဦး/ရေး/ထောက်)၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းသားသင်တန်းသူ ၁၀၆ ဦး စုစုပေါင်း ၁၃၀ တို့ကို နေပြည်တော်ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှု ရှေးရှုသော ရဲလုပ်ငန်းစနစ်တကျ ဆောင်ရွက်နေမှုများ၊ လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်း (ဆင့်ပွား) သင်တန်းနှင့် သက်ဆိုင်သည်များကို ချပြရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများမှ ရေဆင်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်



**နေပြည်တော် ဩဂုတ် ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရေဆင်းဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးသည်။ (ဓာတ်ပုံ)

**စိုက်ထည့်ပေး**

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရာရှိ၊ စစ်သည် မိသားစုများက ငါးမြစ်ချင်းမျိုး ငါးကောင်ရေ ၆၀၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ရေဆင်းဆည်တွင် ငါးမျိုးစိုက်ထည့်ခြင်းအား နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်မှ စ၍ ယနေ့အထိ ထိုင်း ငါးခုံးမ၊ ငွေရောင် ငါးကြင်း၊ ငါးမြစ်ချင်းနှင့် မြက်စားငါးကြင်း အပါအဝင် ငါးမျိုးစုံကောင်ရေ ၄၀၃၀၀၀ အား စိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတွင် DPN ပါဝင်လိုကြောင်း အချက်သုံးချက်အဆိုပြုခဲ့

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

**ရန်ကုန် ဩဂုတ် ၁၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ဆွေးနွေးခြင်း တတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ဆက်လက်ဆွေးနွေးကြရာ DPN အဖွဲ့အနေဖြင့် ဩဂုတ် ၃၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ညီလာခံပူးတွဲကျင်းပရေးကော်မတီအဖြစ် ပါဝင်လိုကြောင်း အဆိုပြုချက်အပါအဝင် သုံးချက်ကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**အချက်သုံးချက်အဆိုပြု**

ယနေ့ကျင်းပသည့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြန်လည်သုံးသပ်ခြင်း နောက်ဆုံး တတိယနေ့ အစည်းအဝေး အပြီးရလဒ်တွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသော နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(Delegation for Political Negotiation -DPN) အနေဖြင့် ဩဂုတ် ၃၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံတွင် ပူးတွဲကျင်းပရေးကော်မတီအဖြစ် ပါဝင်လိုကြောင်း အဆိုပြုချက်အပါအဝင် အချက်သုံးချက်ကို တင်ပြအဆိုပြုခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ ဒီသုံးရက်အတွင်း ကျင်းပခဲ့တဲ့ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးမှာ အဓိကအားဖြင့်တော့ ကျွန်တော်တို့ DPN အနေနဲ့ အခုဩဂုတ် ၃၁ ရက်မှာ ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံမှာ ဘယ်လိုပါဝင်ရမလဲ။ ပါဝင်တဲ့နည်းလမ်းကို ဆွေးနွေးခဲ့ကြပါတယ်။ ဥပမာ ပူးတွဲကျင်းပရေး ကော်မတီလိုဖွဲ့စည်းမလား၊ အဲဒီလို ကော်မတီထဲမှာ ပါခွင့်ရတယ်ဆိုရင် အခု ကျင်းပမယ့် ညီလာခံဟာ အားလုံး အတူတကွပါဝင်တဲ့ ညီလာခံဖြစ်လာမှာပါ။ အဲဒီအခါကျရင် အားလုံးသာတူညီမျှ ပါဝင်ခွင့်ရမယ်၊ ပြောခွင့်ရမယ်၊ ဆွေးနွေးခွင့်ရမယ်ဆိုရင် ရလဒ်ကောင်းတွေ ပိုထွက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒီသုံးရက်တွင်းမှာ ဆွေးနွေးတင်ပြချက်တွေက ဩဂုတ် ၁၅ရက်မှာ ကျင်းပမယ့် UPDJC အစည်းအဝေးမှ သိရမှာပါ။ ဒီမှာက ဆွေးနွေးရုံသက်သက် ဖြစ်ပါတယ်"ဟု DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်က ပြောသည်။

**အဓိကထားဆွေးနွေး**

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(Delegation for Political Negotiation -DPN) သည် သုံးရက်တာကျင်းပခဲ့သည့် အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ပူးတွဲကျင်းပရေးကော်မတီအဖြစ် ပါဝင်နိုင်ရေး၊ ညီလာခံအဆင့်ဆင့်တွင်လည်း တက်ရောက်ဆွေးနွေးနိုင်ရေးနှင့် ကျန်ရှိနေသေးသည့် မတူကွဲပြားခြားနားချက်လေးများကိုလည်း အစိုးရနှင့် ပြန်လည်ညှိနှိုင်းရေး စသည့်အချက်များကို အဓိကထား တင်ပြဆွေးနွေးခဲ့ခြင်း ဖြစ်သည်။ ယင်းဆွေးနွေးတင်ပြချက်များကို ဆွေးနွေးရုံသက်သက်သာ ဆွေးနွေးခဲ့ပြီး ဩဂုတ် ၁၅ ရက်နှင့် ဩဂုတ် ၁၆ ရက်တို့တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပမည့် UPDJC အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အစိုးရဘက်အနေနဲ့ကတော့ လာမယ့် ဩဂုတ် ၃၁ ရက်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ကျင်းပမှာဖြစ်တယ်။ ကျင်းပနိုင်ဖို့ အားလုံးကိုလည်း အခြေခံညှိထားတာပါ။ ညှိစရာ ကျန်တယ်ဆိုတာလည်း မှန်ပါတယ်။ ညီလာခံပြီးတဲ့အခါလည်း ဆက်ညှိနှိုင်းဖို့ လမ်းဖွင့်ထားတာ ဖြစ်တဲ့အတွက် DPN ကလည်း အပြုသဘောဆောင်ပြီးတော့ ညီလာခံပူးတွဲကျင်းပရေး ကော်မတီမှာ ပါချင်တယ်ဆိုတဲ့ အဆိုပြုချက်တွေရှိတယ်။ အခု DPN ရော၊ မိုင်းလား၊ "ဝ"နဲ့ ခု ဆက်လက်ဆွေးနွေးနေတဲ့ ကျန်တဲ့အဖွဲ့သုံးဖွဲ့ရော အားလုံး ပါဝင်လာမယ်လို့ ယုံကြည်ပါတယ်။ အားလုံးပါဝင်လာရေးကိုလည်း လုပ်ဆောင်နေတာကြောင့် အောင်မြင်မယ်လို့ ယုံကြည်တာပါ။ ပြောရရင် ဩဂုတ် ၃၁ ရက် ညီလာခံမှာ အားလုံးပါဝင်နိုင်လိမ့်မယ်။ ဒီသုံးရက်တာ ဆွေးနွေးမှုကလည်း အများကြီး အပြုသဘောဆောင်ပါတယ်"ဟု ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေက ပြောသည်။



နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြန်လည်သုံးသပ်ခြင်း တတိယနေ့အစည်းအဝေး ကျင်းပစဉ်

**သုံးပွင့်ဆိုင်ဆွေးနွေး**

ယနေ့ ဆက်လက်ကျင်းပသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ရေး ဆွေးနွေးပွဲတွင် အစိုးရဘက်မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီပေါင်းစုံမှ ကိုယ်စားလှယ်များ၊ NCA သဘောတူ လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များနှင့် သဘောတူလက်မှတ် ရေးထိုးထားခြင်း မရှိသေးသည့် အဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များတက်ရောက်ကာ သုံးပွင့်ဆိုင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကမ္ဘာ့ဆင်များနေ့အခမ်းအနား ကလောမြို့ သက်ကြီးဆင်စောင့်ရှောက်ရေးစခန်း၌ ကျင်းပ

**ကလော ဩဂုတ် ၁၃**

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု မကွေကျေးရွာ စိမ်းလဲ့တောင်ကြား သက်ကြီးရွယ်အိုဆင်များ ပြုစုစောင့်ရှောက်ရေးဆင်စခန်း၌ ဩဂုတ် ၁၂ ရက်က ကမ္ဘာ့ဆင်များနေ့ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု မကွေကျေးရွာ စိမ်းလဲ့တောင်ကြား သက်ကြီးရွယ်အိုဆင်များ ပြုစုစောင့်ရှောက်ရေး ဆင်စခန်း ဒါရိုက်တာဦးထွန်းထွန်းဝင်းက ကမ္ဘာ့ဆင်များနေ့ ဖြစ်ပေါ်လာပုံအကြောင်း၊ ဇီဝမျိုးစုံ၊ မျိုးကွဲနှင့် သဘာဝသားငှက်ထိန်းသိမ်းရေးပညာရှင် ဦးစိန်မျိုးအောင်က သားငှက်တိရစ္ဆာန်များ အမူအကျင့်နှင့် ဓလေ့စရိုက် လက္ခဏာများအကြောင်း၊ ဒေါ်တင်းဝင်းမော်က သက်ကြီးရွယ်အိုဆင်များ ပြုစုစောင့်ရှောက်ရေးဆင်စခန်း အတွင်း ထူးချွန်ကျောင်းသား ကျောင်းသူများ၊ သွားရောက်လေ့လာမည့် အစီအစဉ်များ ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲအစီအစဉ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများ ဟောပြောခဲ့သည်။

အဆိုပါဆင်စခန်းကို ၂၀၁၁ ခုနှစ်က မြန်မာ့သစ်လုပ်ငန်းမှ သက်ကြီးဆင် နှစ်ကောင်နှင့် စတင်ပြုစုစောင့်ရှောက်ရေး ဆင်စခန်းစတင်ခဲ့ကြောင်း၊ ဒေသခံကျေးရွာသူ ကျေးရွာသားများ လုပ်အားဖြင့် မြေရိုင်းဧက ၄၀ ခန့် ရှင်းလင်းပြီး သစ်ပင်မျိုးစုံစိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက် ထိန်းသိမ်းပြုစုရာမှ သဘာဝပတ်ဝန်းကျင်ရာသီဥတု ရေမြေတောတောင်ကောင်းများတွင် စိုက်ပျိုးထိန်းသိမ်းတောများ ဧက ၂၀၀ အထိ တိုးချဲ့ပြုစုစိုက်ပျိုးရင်း သက်ကြီးရွယ်အိုဆင်များ ခုနစ်ကောင်အထိ မွေးမြူပြုစုစောင့်ရှောက်နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဆင်များနေ့ကို ၂၀၁၂ ခုနှစ်က အာဖရိကတောကြီးအတွင်း ဆင်ခိုးဂိုဏ်းများ ဆင်ကောင်ရေနှစ်သိန်းခန့် သတ်ဖြတ်ပြီး အစွယ်၊ အရိုးများ ရောင်းဝယ်မှုဖြစ်စဉ်ကို ကမ္ဘာ့မီဒီယာသမားများ ဝိုင်းဝန်းဖော်ထုတ် ရေးသားလှုံ့ဆော်ရာမှစတင်ခဲ့သည်။ ကလောမြို့ စိမ်းလဲ့တောင်ကြား သက်ကြီးဆင်များ ပြုစုစောင့်ရှောက်ရေးစခန်းတွင် ဒုတိယအကြိမ်အဖြစ် ကလောမြို့နယ် အခြေခံပညာ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ထူးချွန် ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်အောင်သင်ကြားပေးသော ဆရာ ဆရာမများကို ဖိတ်ကြားပြီး သားငှက်တိရစ္ဆာန်များကို ချစ်ခင်မြတ်နိုးတတ်စေရန်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ ဆင်များအကြောင်း၊ သားငှက်တိရစ္ဆာန်များအကြောင်း ဟောပြောဆွေးနွေးဖြေကြားကြပြီး တက်ရောက်လာသည့် ဆရာကြီး၊ ဆရာမကြီးများ၊ တတ်သိပညာရှင်များ၊ ကျောင်းသား ကျောင်းသူများက သစ်ပင်မျိုးစုံ ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဇော်သိန်းရည်**

# မိတ္ထီလာ၌ (၂၁)ရာစုပင်လုံကို ထောက်ခံကြိုဆို

**မိတ္ထီလာ ဩဂုတ် ၁၃**

မိတ္ထီလာတွင် (၂၁)ရာစုပင်လုံ အစည်းအဝေးကြီး ကြိုဆိုထောက်ခံပွဲကို ၈၈ မျိုးဆက် ကျောင်းသားဟောင်းများအဖွဲ့ချုပ်(မိတ္ထီလာ)မှ ဦးဆောင်၍ ဩဂုတ် ၁၁ ရက်က ကျင်းပကြောင်း သိရသည်။

"အခုလို ကြိုဆိုထောက်ခံပွဲ ပြုလုပ်ရတာဟာ (၂၁)ရာစုပင်လုံ အစည်းအဝေးကြီးကနေတစ်ဆင့် ငြိမ်းချမ်းရေးရရှိပြီးတော့ နိုင်ငံတော် ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ အတွက် မျှော်လင့်ရည်မှန်းပြီး ပြုလုပ်တာဖြစ်ပါတယ်"ဟု မိတ္ထီလာမြို့နယ် ၈၈ မျိုးဆက် ကျောင်းသားဟောင်းများအဖွဲ့ချုပ်မှ ကိုအောင်ဇော်မင်း(ခ)ကိုမယ်ပ က ပြောသည်။

အဆိုပါထောက်ခံပွဲတွင် ၈၈ မျိုးဆက် ကျောင်းသားဟောင်းများအဖွဲ့ချုပ်(မိတ္ထီလာ)၊ ကမ်းလက်၊ ငြိမ်းအေးဝေစည် မြန်မာပြည် စသည့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်း၊ ပညာရေးကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများစုပေါင်း၍ နန်းတော်ကုန်းရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံအနီးမှ မြို့မရပ်ကွက် လွတ်လပ်ရေးပန်းခြံအတွင်းသို့ ကြွေးကြော်သံများဖြင့် ချီတက်လမ်းလျှောက်ခဲ့ကြသည်။

ဆက်လက်၍ လွတ်လပ်ရေးပန်းခြံတွင် (၂၁)ရာစုပင်လုံ အစည်းအဝေးကြီးနှင့် ပတ်သက်၍ ဦးဆောင်သူများက ရှင်းလင်းပြောကြားပြီး ငြိမ်းချမ်းရေး တေးသီချင်း သရုပ်ဖော်များဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး တစ်တပ်တစ်အားပါဝင်



ဩဂုတ် ၁၀ ရက်က ဝေါမြို့၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်များကို ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရန် ကူညီဆောင်ရွက်ကြစဉ်



ညောင်တုန်းမြို့ တိုက်သစ်ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်သက်ကြီးရွယ်အိုတစ်ဦးအား တပ်မတော်သားများက အားတက်သရော ကူညီဆောင်ရွက်စဉ်



ဩဂုတ် ၁၃ ရက်က အောင်လံမြို့ မြို့မဈေးအနီး၌ ရဲတပ်ဖွဲ့ဝင်များက မြစ်ရေဝင်၍ နုန်းများတင်ကျန်နေမှုကို ဖယ်ရှားရှင်းလင်းနေကြစဉ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ရေပြန်ကျသွားသည့် စာသင်ကျောင်းများကို သန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်



ဩဂုတ် ၁၃ ရက်က အဖျောက်မြို့၌ လှိုင်မြစ်ရေဝင်ရောက်၍ ဓာတ်အားမပြတ်တောက်စေရေးအတွက် ဓာတ်အားခွဲရုံအတွင်း လျှပ်စစ်ဝန်ထမ်းများနှင့် ပြည်သူများက သဲအိတ်များ ကာရံကြစဉ်



ဩဂုတ် ၁၂ ရက်က ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ဒေသများအတွက် CB-KMA ဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၇၀၀ နှင့် ဆန်အိတ် ၁၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းထံ ပေးအပ်လှူဒါန်းစဉ်




ဩဂုတ် ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ လက်ခံယူစဉ်

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၉၄၇၄ | ၁.၂၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၆၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂.၁၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၁၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၃၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၅၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁.၁၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁.၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀.၆၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၈၂' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၆၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၈၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀.၂၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅.၈၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁.၃၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆.၈၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၁၀' |
| ၁၈။ | ဝါးပါးရေလှောင်တမံ | မွန်- သထုံမြို့ | ၄၁၅၀ | ၀.၅၀' |
| ၁၉။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၇၀' |
| ၂၀။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀.၆၅' |
| ၂၁။ | နန်ကသူရေလှောင်တမံ | ရောဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၀.၃၀' |
| ၂၂။ | ကညင်ရေလှောင်တမံ | ရောဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၁၀' |

(သတင်းစဉ်)

# ပြည်သူများ၏အားကိုးယုံကြည်မှုနှင့်ရှင်သန်လျက်ရှိသည့် မိတ်ဆွေကောင်းစာကြည့်တိုက်

**တွေ့ဆုံမေးမြန်း - တင်မောင်လွင် (မြန်မာ့အလင်း)**

**ဓာတ်ပုံ - မောင်လွင်**



ဘဝတစ်ခုကို ပိုင်ဆိုင်ထားသူ မှန်သမျှသည် အောင်မြင်ကျော်ကြားကြီးပွားလိုသည့် ဆန္ဒများကိုယ်စီ ရှိကြပေလိမ့်မည်။ ယင်းကဲ့သို့ အောင်မြင်ရန် မိမိအား အထောက်အကူပြုပေးနိုင်မည့် အဖော်မွန်ကောင်း (သို့မဟုတ်) ညွှန်ပြနိုင်မည့် မိတ်ဆွေကောင်းလိုအပ်မည်ဖြစ်သည်။ ထိုကဲ့သို့သော မိတ်ဆွေကောင်းသည် တခြားမဟုတ်၊ ဝေးဝေးလံလံတွင်လည်း ရှာစရာမလိုဘဲ သင်တို့၏ ပတ်ဝန်းကျင်တွင် တွေ့ရှိနိုင်သည့် အဖိုးမဖြတ်နိုင်သော စာအုပ်စာပေများစုဝေးရာ စာကြည့်တိုက်များပင် ဖြစ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဗုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာရှိ “မိတ်ဆွေကောင်း” ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကလေးသည် စာအုပ်စာပေ၊ သုတ၊ ရသစာပေများ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးနှင့် ပတ်သက်သည့် စာပေများစုံလင်များပြားလှသည့်အတွက် လာရောက်ငှားရမ်းသည့် စာဖတ်သူ၊ ဗဟုသုတ လေ့လာရှာမှီးလိုသူများဖြင့် သက်ဝင် လှုပ်ရှားလျက်ရှိနေသည်။

အဆိုပါ “မိတ်ဆွေကောင်း” စာကြည့်တိုက်ကို ဒေသခံတစ်ဦးလည်းဖြစ်၊ စစ်မှုထမ်းဟောင်းတစ်ဦးလည်းဖြစ်သော ဦးသိန်းဆွေက လွန်ခဲ့သည့် ခြောက်နှစ်က ကိုယ်တိုင်ဖန်တီးတည်ထောင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ “မိတ်ဆွေကောင်း” စာကြည့်တိုက်လေးကို တည်ထောင်ခဲ့သည့် အဓိကရည်ရွယ်ချက်နှင့် ပတ်သက်ပြီး စစ်မှုထမ်းဟောင်း ဦးသိန်းဆွေအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**မေး။ ။ ပထမဆုံးအနေနဲ့ ဆရာ စာပေလေ့လာ ဖြစ်ခဲ့ပုံနဲ့ ဘဝဖြတ်သန်းမှုလေးတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်က ဒီရွာသား၊ ဒီရွာလေးမှာကြီးပြင်းခဲ့ရတာပါ။ ငယ်ငယ်တုန်းက တော်တော်လေးဆင်းရဲခဲ့တယ်။ ကျွန်တော်တို့ရဲ့ မိဘကိုယ်တိုင်က ဆင်းရဲတဲ့အခါမှာ ဘေးပတ်ဝန်းကျင်ကို သွားလည်ရင်တောင် ပတ်ဝန်းကျင်က အထင်အမြင်သေးတဲ့ အမြင်မျိုးတွေနဲ့ အကြည့်ခံရတယ်။ ဒီလိုနဲ့ အရွယ်ရောက်တော့ တပ်မတော်ထဲကို ဝင်ရောက်ခဲ့တယ်။ တပ်ထဲမှာ တပ်မတော်စာစဉ်လေးတွေ ဖတ်ကြည့်ရင်းကနေ စာပေရဲ့အဖိုးတန်မှုကို သိလာခဲ့ပြီး အဲဒီကနေကျွန်တော် စာပေတွေကို အမြဲတွန်းဖတ်လာခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။ ဆရာအနေနဲ့ ကိုယ့်ဒေသမှာ အခုလို ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လေး ဖြစ်ပေါ်လာအောင် ဘယ်လိုရည်ရွယ်ချက်နဲ့ တည်ထောင်ခဲ့တယ်ဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ တပ်မတော်ထဲမှာ ဒီစာပေ ဖတ်လိုက်ရတဲ့ အကျိုးကျေးဇူးကြောင့် စိတ်ဓာတ်ခွန်အားတွေ မျိုးစုံရပြီးတော့ ဘဝရဲ့နောက်ဆုံးအချိန်လေးမှာ ကိုယ့်လို ဘဝတူ လူတန်းစားတွေ၊ စိတ်ဓာတ်ခွန်အား မရှိတဲ့သူတွေအတွက် စိတ်ဓာတ် ခွန်အားရရှိစေဖို့ စာကြည့်တိုက်ကလေးတစ်ခု ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တာပါ။ တပ်မတော်မှာ တာဝန်ထမ်းဆောင်စဉ်ကတည်းက စာအုပ်စာပေတွေ စုဆောင်းခဲ့တယ်။ အချိန်ရသရွေ့ စာဖတ်တယ်။ အချိန်ကို အလဟဿအကုန်မခံဘူး။ အဲဒါကြောင့် ဘဝရဲ့နောက်ဆုံး နေဝင်ချိန်လေးမှာ စာကြည့်တိုက်ကလေးတစ်ခုဖြစ်မြောက်အောင် ဖန်တီးပြီး ကျွန်တော် အသက်ရှင်နေသရွေ့ ဒီပေါ်မှာပဲ ဘဝကိုမြှုပ်နှံမယ်ဆိုပြီးတော့ အခုလိုစာကြည့်တိုက်ကို ထူထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ၂၀၁၀ ပြည့်နှစ် ခြောက်လပိုင်းမှာ ကျွန်တော်စုဆောင်းထားတဲ့ စာအုပ်တွေကို အခမဲ့စတင်ငှားရမ်းပေးခဲ့တယ်။ တပ်မတော်သားဘဝကတည်းက ကျွန်တော့်ဆရာတစ်ဦးက စာကြည့်တိုက်အတွက် အလှူငွေကျပ် ၂၅ သိန်း မတည်ပေးတယ်။ အဲဒါနဲ့ ကျွန်တော်က စာကြည့်တိုက်နေရာအတွက် မြေကွက်ရော၊ တခြားလိုအပ်တာတွေပါ အကုန်စိုက်ထုတ်လုပ်ခဲ့တာ အခုဆို ခြောက်နှစ်ကျော်သွားပါပြီ။

စာကြည့်တိုက်ကို ကျွန်တော်က ရွာအတွက် လှူထားတာဖြစ်ပါတယ်။ စာကြည့်တိုက်နေရာအတွက် ပေ ၄၀၊ ၆၅ ပေ မြေနေရာပါ တစ်ခါတည်းလှူထားတာပါ။ ပင်မစာကြည့်တိုက် အဆောက်အအုံက အရှည်ပေ ၄၀၊ အနံ ၁၈ ပေ၊ သွပ်မိုး အုတ်ကပ်တစ်ထပ်တိုက် ဖြစ်ပါတယ်။ ရွှေအဆောင်က အရှည်ပေ ၄၀၊ အနံ ၁၀ ပေ ရှိပါတယ်။

**မေး။ ။ ဒီမိတ်ဆွေကောင်း ဆိုတဲ့ စာကြည့်တိုက်လေး ဒီနေ့အထိ အောင်မြင်ရှင်သန်နေအောင် ဘယ်လိုပုံစံမျိုးနဲ့ ဆောင်ရွက်ထားတယ်ဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ စာကြည့်တိုက်ကို နေ့စဉ် နံနက် ၈ နာရီကနေ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိဖွင့်ပေးတယ်။ စာကြည့်တိုက်ဆိုတော့ လူမျိုးပေါင်းစုံ လာရောက်ကြတယ်။ တချို့ကလည်း စာအုပ်ကို ညစ်ပတ်ကိုင်တွယ်တာ တွေ့ရတယ်။ တချို့က ခါးကြားထိုးတာ၊ လိပ်ခေါက်ပြီး အိတ်ထဲထည့်သွားတာတွေ တွေ့တယ်။ ပျောက်တာရှိရင် ပြန်ဝယ်လို့ရရင် ပြန်ဝယ်လိုက်တယ်။ ပြောစရာရှိရင် စောင်းပါးရိပ်ခြည်လောက်ပဲ ပြောပါတယ်။ ကျွန်တော့်စာကြည့်တိုက်က စာအုပ်တွေကို ကျွန်တော်တို့ စက်ကုန်းကျေးရွာက ပြည်သူတွေအပြင် အေးမြသာယာ၊ ချောင်းစောက်၊ ရွာသစ်နဲ့ သရက်သမိန်စတဲ့ အနီးဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေအထိ၊ တချို့လည်း ပျဉ်းမနားမြို့ပေါ်ကနေအထိ လာရောက်ငှားဖတ်တာ တွေ့ရှိပါတယ်။

စာဖတ်ပရိသတ်တွေ လာရောက်ငှားတဲ့အခါမှာလည်း စိတ်ချမ်းသာအောင် သူတို့ဖတ်ချင်တာတွေ ကိုယ်တိုင်လိုက်ရွေးပေးတယ်။ ညွှန်ပြပေးတယ်။ ဒါကြောင့် ကျွန်တော့် စာကြည့်တိုက်ကလေးက အထိုက်အလျောက်တော့ အောင်မြင်မှုရရှိပါတယ်။ နောက်ပိုင်းမှာ အီးလိုင်းစင်ရအောင်အထိ မျှော်လင့်ထားတယ်။ အီးလိုင်းစင်ကတော့ နောက်ဆုံးမျှော်လင့်ချက်ပေါ့။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် မကြာမီရက်က လာရောက်ကြည့်ရှုအားပေးပြီး အားနည်းမှုရှိတာတွေ၊ လိုအပ်တာတွေ မေးတော့ လိုအပ်တာတွေကို ပြည်ထောင်စုဝန်ကြီးကို တင်ပြခဲ့တယ်။ ဒီပင်မစာကြည့်တိုက်ရဲ့ ဘေးနားမှာ ကလေးစာကြည့်တိုက်ဆောက်ပြီး သီးသန့်ဖွင့်လှစ်သွားဖို့လည်း ရည်ရွယ်ထားပါတယ်။

ကျွန်တော့် မိတ်ဆွေတချို့က အများကြီး ပံ့ပိုးပေးတာတွေရှိပါတယ်။ တချို့ကလည်း ငွေအားနဲ့ ကူညီပေးတယ်။ ဒါပေမယ့် ကျွန်တော်က ဒီစာကြည့်တိုက်ဆောက်လုပ်ပြီဆိုကတည်းက ငွေလက်ခံတာမရှိဘူး။ မိတ်ဆွေတချို့က တိုးချဲ့ဆောင်လေးတွေ လုပ်ပေးတာရှိတယ်။ ကူညီတဲ့သူတွေကလည်း သူတို့ကိုယ်တိုင်ပဲ လက်သမားငှားခဲ့တယ်။ တချို့က စာအုပ်ဘယ်လောက်လှူမယ် ပြောတယ်။ ကျွန်တော်က ငွေကိုလက်မခံဘူး။ စာအုပ်ရောင်းတဲ့ဆိုင်ကို ကျွန်တော် လိုက်ပို့ပေးတယ်။ လာလှူတဲ့အလှူရှင်တွေရဲ့မှတ်တမ်းတွေ၊ စာအုပ်အမျိုးအစား၊ စာအုပ်အရေအတွက် အကုန်မှတ်တမ်းလုပ်ထားပါတယ်။

**မေး။ ။ စာကြည့်တိုက် တစ်ခုကို ပြည်သူတွေ တကယ်အားကိုးပြီး အသက်ဝင်လာစေဖို့ ဘယ်အရာတွေက ပိုအရေးကြီးပါသလဲ။ ဘာတွေလုပ်ဆောင်သင့်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ လက်လှမ်းမီသလောက်ပြောရရင် ကျေးရွာစာကြည့်တိုက်တစ်ခု အသက်ဝင်ဖို့ဆိုတာက အခုခေတ်နဲ့ဆို ငွေကျပ် ၁၀ သိန်း ဝန်းကျင်လောက်မှ လည်ပတ်လို့ ရနိုင်တယ်။ စာကြည့်တိုက်မှူးမရှိတဲ့ ဘယ်စာကြည့်တိုက်မဆို ရေရှည်မရှင်သန်နိုင်တာ တွေ့ရတယ်။ ပြောရရင် ပြည်သူတွေ ယုံကြည်ကိုးစားလောက်တဲ့ အဆင့်ထိ မရောက်ခင် ပျက်စီးသွားကြတာများပါတယ်။ နိုင်ငံအဝန်းမှာ ကျေးရွာစာကြည့်တိုက်တွေတော့ ဖွင့်ကြတယ်။ သိပ်မကြာဘူး ပိတ်သွားတာများတယ်။ စာကြည့်တိုက်တွေ ဘာကြောင့်ပျက်စီးလဲဆိုတာကတော့ အဓိကက စာကြည့်တိုက်မှူး မရှိတဲ့အတွက်ကြောင့်ပဲလို့ မြင်ပါတယ်။

စာကြည့်တိုက်မှူး ခန့်ဖို့ဆိုတာကလည်း ခုခေတ်ကနေ့စားလပေးတောင် တစ်လတစ်သိန်းဝန်းကျင်လောက်ပေးနိုင်မှသာ လုပ်ချင်ကြတာ။ ကျေးရွာဆိုတာကလည်း စာကြည့်တိုက်နဲ့ ပတ်သက်ရင် ထက်ထက်သန်သန်ရှိတဲ့သူက နည်းပါးတယ်။ စာကြည့်ဖို့ကိုတောင် တော်တော်လေး စည်းရုံးရတယ်။ စာကြည့်တိုက်ပေါ် အသင်းဝင်ကြေးကောက်ခံတာတွေ၊ စာအုပ်ငှားရမ်းခတွေ တောင်းမယ်ဆိုရင် အဲဒီစာကြည့်တိုက် လူမလာနိုင်တော့ဘူး။ အခမဲ့တောင် လာရောက်ကြည့်ရှုဖို့ မနည်းစည်းရုံးနေရတာ။ စာကြည့်တိုက်မှူးတွေ သီးသန့်ခန့်ထားတာမရှိတော့ ဘယ်သူက ဘာစာအုပ်ငှားရမ်းမှန်းမသိ၊ ဟိုစာအုပ်ပျောက်၊ ဒီစာအုပ်ပျောက်နဲ့ ဒီလိုနဲ့လုံးပါးပါးကုန်တာတွေ အများကြီးတွေ့ရတယ်။



ဒါကြောင့် ကျွန်တော့်စာကြည့်တိုက်ကို ကိုယ်တိုင်ပဲ စာကြည့်တိုက်မှူးလုပ်တယ်။ ကျွန်တော် လုပ်နိုင်သရွေ့ လုပ်သွားမယ်။ ဒီစာကြည့်တိုက် ဆိုတဲ့အလုပ်က လောကီအတွက်ရော၊ လောကုတ္တရာအတွက်ရော အကျိုးရှိတယ်ဆိုတာ တချို့ကမသိကြတော့ စိတ်အားမထက်သန်ကြဘူး။

စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ရန်ကုန်မှာ ညီလာခံလုပ်တော့ ကျွန်တော် သွားတက်တယ်။ ကျွန်တော်လည်း လိုအပ်တာတွေတင်ပြတယ်။ လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိတဲ့အထဲ ကျေးရွာပေါင်း ၅၀၀၀၀ ကျော်မှာစာကြည့်တိုက်တွေ ဖွင့်ပြီးပြီလို့သိရတယ်။ ဒါပေမယ့် ဒီကနေ့မှာတော့ အမှန်တကယ် ရှင်သန်တဲ့ စာကြည့်တိုက်က ငါးထောင်ဝန်းကျင်မှာပဲရှိမယ်လို့ ထင်ပါတယ်။ ဒါဘာကြောင့်လဲ။ စာကြည့်တိုက်မှူးတွေ လိုအပ်နေလို့ပါပဲ။ အမှန်တကယ် ရှင်သန်နေတဲ့ စာကြည့်တိုက်လေးတွေကို စာကြည့်တိုက်မှူးတွေ ချပေးထားသင့်တယ်လို့တော့ အကြံပြုတင်ပြပေးခဲ့တယ်။

**မေး။ ။ ဆရာ့ဘဝရဲ့ မှတ်တမ်းတစ်ခုလို့ ခေါ်ထိုက်တဲ့ ဒီမိတ်ဆွေကောင်းစာကြည့်တိုက်လေးကို ဆရာကိုယ်တိုင် ဆောက်လုပ်ထားတယ်ဆိုတော့ ဘယ်လိုလေ့လာသင်ယူပြီး ဆောက်တာပါလဲ။**

ဖြေ။ ။ စာပေက လူ့ဘဝကို ပြောင်းလဲပေးနိုင်တယ်။ စာပေတွေ ဖတ်ခြင်းဖြင့် စိတ်ဓာတ်ခွန်အားတွေရပြီး စာကြည့်တိုက်ဆောက်တာ၊ ကျွန်တော့်အိမ်ဆောက်တာ ကိုယ်တိုင်ပဲ ဆောက်လုပ်ခဲ့တာ။ ဒါက ဘာလို့လဲဆိုတော့ စာပေကပေးတဲ့အကျိုးကျေးဇူးကြောင့်ပဲ။ နိုင်ငံခြားဘာသာပြန်စာအုပ်တစ်အုပ်မှာ ဖတ်ဖူးတာကနေအကြံရတာ။ လူတစ်ဦးက ငယ်ရွယ်တဲ့အချိန်မှာကတည်းက သူနေတဲ့အိမ်ကို သူကိုယ်တိုင်ဆောက် နေမယ်လို့ ရည်မှန်းထားခဲ့တယ်။ သူက အင်ဂျင်နီယာတစ်ဦးပါ။ သူ့အိမ်မဆောက်ခင်မှာ ယာဉ်မတော်မတမှုဖြစ်ပွားခဲ့ပြီး အောက်တစ်ပိုင်းသေသွားတယ်။ ဒါပေမယ့် သူ့ရည်ရွယ်ချက် အပျက်မခံဘူး။ စတီးကြိုး၊ တွန်းလှည်းလေးနဲ့ သူကိုယ်တိုင် အမြင့်ထိပါတက်ပြီး ဆောက်လုပ်ခဲ့တယ်။ အဲဒီလိုမျိုးစာပေတွေကို ဖတ်လိုက်ရတော့ စိတ်ဓာတ်ခွန်အားတွေရပြီး ကိုယ်တိုင်ဆောက်လုပ်ဖြစ်ခဲ့တာ၊ စာကြည့်တိုက်တင်မကဘူး။ အိမ်ကိုလည်း ကိုယ်တိုင်ဆောက်နိုင်ခဲ့ပါတယ်။ အဓိကကတော့ လုပ်ဖို့ဆန္ဒပဲလိုတာ။ ကျွန်တော်တစ်ယောက်တည်း အချိန်တစ်လကြာယူပြီး စာကြည့်တိုက်ကို ဆောက်ခဲ့တယ်။

ကျွန်တော်အတွေ့အကြုံအရ ဆိုရင် လူကြီးပိုင်းအရွယ်တွေက စည်းရုံးဖို့ မလွယ်ဘူး။ လူလတ်ပိုင်းနဲ့ လူငယ်ပိုင်းကိုသာ အတတ်နိုင်ဆုံးစည်းရုံးတယ်။ ကလေးတွေကိုလည်း အမြဲတက်ကြွနေအောင်၊ ပုံပြင်ပြောပြတာတွေ၊ ဘာသာရေးသင်တန်းတွေ လုပ်ပေးတယ်။ ကလေးတွေ စာကြည့်တိုက်ကို စာကြည့်တိုက်မှန်းသိအောင် အသက်သွင်းပေးတာမျိုးတွေလည်း လုပ်ပေးပါတယ်။

**မေး။ ။ မိတ်ဆွေကောင်း ဆိုတဲ့ စာကြည့်တိုက်ရဲ့ အမည်လေး ပေးဖြစ်ပုံလေးနဲ့ လက်ရှိစာအုပ်အရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာလေး ပြောပြပေးပါဦး။**

ဖြေ။ ။ ဗုဒ္ဓစာပေ တွေထဲမှာ ညီတော် အာနန္ဒာက မိတ်ဆွေကောင်းရှိရင် လုပ်ငန်းတစ်ဝက်အောင်မြင်နိုင်တယ် ထင်ပါတယ်လို့ မြတ်စွာဘုရားကို လျှောက်တဲ့အခါ မြတ်စွာဘုရားက မဟုတ်ဘူး ညီတော်အာနန္ဒာ မိတ်ဆွေကောင်းရှိရင် လုပ်ငန်းရာနှုန်းပြည့်အောင်မြင်တယ်လို့ ပြန်လည်ဟောကြားတော်မူခဲ့တာရှိတယ်။ ဒါ့ကြောင့်ဘဝမှာ အောင်မြင်မှုလမ်းကြောင်းတွေကို အဓိက ပို့ဆောင်ပေးနိုင်တဲ့ မိတ်ဆွေကောင်းဆိုတဲ့အမည်ကို ရွာမှာရှိတဲ့ လူငယ်တွေနဲ့ညှိနှိုင်းပြီး စာကြည့်တိုက်လေးအမည်ကို အခုလိုပေးဖြစ်သွားတာဖြစ်ပါတယ်။ မိတ်ဆွေကောင်း ဆိုတဲ့ အတိုင်းပဲကျွန်တော့်ရဲ့ စာကြည့်တိုက်လေးက မိတ်ဆွေကောင်းတွေရှိလို့သာ အခုလိုရှင်သန်နိုင်တာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ စာကြည့်တိုက်မှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးအစရှိတဲ့ စာအုပ်တွေ စုံစုံလင်လင် ရှိပါတယ်။ ဝတ္ထု၊ မဂ္ဂဇင်း၊ ဘာသာပြန်၊ အင်္ဂလိပ်-မြန်မာ၊ ဘာသာရေးနယ်ပယ် လေ့လာချင်သူတွေအတွက် မြန်မာ့စွယ်စုံကျမ်းတွေ၊ ကလေးတွေအတွက် ရုပ်ပြ၊ ကာတွန်း၊ ဂျာနယ် အစုံအလင်ရှိပါတယ်။ လက်ရှိ ကျွန်တော့် စာကြည့်တိုက်မှာ စာအုပ်ပေါင်း ၁၀၀၀၀ ကျော်ရှိပါတယ်။ အဲဒီ ၁၀၀၀၀ ကျော်မှာ ရသစာပေက ၈၀၀၀ ကျော်ရှိတယ်။ ဒီမှာက ရသစာပေပဲ အဓိကဖတ်ကြတယ်။ သုတစာပေကိုတော့ လူနည်းစုပဲ ဖတ်ကြတာ တွေ့ရတယ်။ စာကြည့်တိုက်တစ်ခုက စာအုပ်ရှိရုံ၊ စာအုပ်ငှားပေးရုံလောက်နဲ့တော့ မလုံလောက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာကြည့်တိုက်တစ်ခုက ကိုယ့်ပတ်ဝန်းကျင်ကို တတ်နိုင်သလောက် အကျိုးပြုလုပ်ငန်းလေးတွေ လုပ်ပေးနိုင်မှ ပိုပြီးတော့အောင်မြင်တယ်လို့ ထင်ပါတယ်။

## ဈေးကွက်တစ်ခုတည်းသာအားကိုးရောင်းချနေရသဖြင့် ပဲတီစိမ်းဈေးနှုန်းများဆက်တိုက်ကျဆင်း

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးဈေးကွက်သို့ ပဲတီစိမ်းဝင်ရောက်မှုများပြားနေသော်လည်း တရုတ်ဈေးကွက်တစ်ခုတည်းကိုသာ အားကိုးရောင်းချနေရသဖြင့် ဈေးနှုန်းများဆက်တိုက်ကျဆင်းလျက်ရှိကြောင်း သိရသည်။

မြန်မာ့ပဲတီစိမ်းမှာ ယခင်ကဂျပန်နှင့် ဥရောပဈေးကွက်သို့ တင်ပို့ရောင်းချရသော်လည်း ပြီးခဲ့သည့်ဇူလိုင်လမှစ၍ ဓာတ်ကြွင်းဓာတ်ကျန်များ ပါဝင်ခဲ့ခြင်းကြောင့် အဆိုပါဈေးကွက်များသို့ တင်ပို့ရောင်းချခွင့်မရရှိတော့သဖြင့် တရုတ်ဈေးကွက်တစ်ခုတည်းကိုသာ ရောင်းချနေရကြောင်း မန္တလေးမြို့မှ ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“ဈေးကွက်ကလည်း သူတို့တစ်ခုတည်းပဲရှိတော့ ရောက်သလောက်ကို ဈေးနှိမ်ပြီး ဝယ်နေကြတယ်။ တောင်သူတွေကလည်း တောင်မခံနိုင်ကြတော့ သူတို့ဖြစ်တဲ့ဈေးနဲ့ပဲ ရောင်းရတော့တာပေါ့။ စိုက်ပျိုးစရိတ်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးအပြင် ရိတ်သိမ်းတဲ့လုပ်အားခတွေကလည်း ဈေးမြင့်နေတော့ တောင်သူတွေအတွက် ဒီနှစ်မှာ အရင်းတောင်မကျေဘူး ဖြစ်နေတယ်။ ဒီကြားထဲရေဘေးကလည်း ကြုံနေရတော့ ဘဏ်ချေးငွေတောင် ပြန်ဆပ်ဖို့ ညည်းညူနေကြတယ်”ဟု ၄င်းကပြောသည်။

ယခင်လက ပဲတီစိမ်းဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀ နှုန်းရှိခဲ့သော်လည်း တဖြည်းဖြည်းကျဆင်းလာကာ ဩဂုတ် ၁၀ ရက်တွင် ငွေကျပ် ၇၇၀၀၀ နှုန်းအထိ ဈေးလျှော့ရောင်းချနေရပြီး မန္တလေးဈေးကွက်သို့ ပခုက္ကူ၊ မြင်းခြံနှင့် မုံရွာခရိုင်နယ်တို့မှ အဝင်နည်းပါးသွားသော်လည်း ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်းနှင့် အောင်လံမြို့နယ်တို့မှ အဝင်များလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆီးရီးယားရှိ မန်ဘစ်ဂျ်မြို့ကို အက်စ်ဒီအက်ဖ်အဖွဲ့များ အိုင်အက်စ်လက်မှပြန်လည်သိမ်းပိုက်

**ဒမတ်စကက် ဩဂုတ် ၁၃**

အမေရိကန်ထောက်ခံတပ်ဖွဲ့များ တူရကီနယ်စပ်အနီးရှိ ဆီးရီးယားမြို့တော် မန်ဘစ်ဂျ်မြောက်ပိုင်းကို အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ ယင်းဒေသတွင် အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမားများသည် အပြစ်မဲ့ပြည်သူများကို အကာအကွယ်များသဖွယ် အသုံးပြုလျက်ရှိကြောင်း အမေရိကန်ထောက်ခံတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

နောက်ဆုံး ခြေကုပ်ယူထားသော အိုင်အက်စ်အကြမ်းဖက်သမားများ မြို့မှထွက်ခွာသွားပြီးနောက် ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်) တပ်ဖွဲ့များသည် ယင်းမြို့ကို ပြန်လည်သိမ်းပိုက် လိုက်ပြီဖြစ်သည်။

ဒီမိုကရက်တစ်တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်တို့ ဓားစာခံအဖြစ်ဖမ်းဆီးထားသော အပြစ်မဲ့ပြည်သူ ၂၀၀၀ ကျော်ကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါတွင် ၎င်းတို့မြို့ကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း နယ်မြေရှင်းလင်းမှုများ ဆက်လက်ပြုလုပ်ရဦးမည်ဖြစ်ကြောင်း မန်ဘစ်ဂျ်စစ်ဘက်ကောင်စီမှ ဒါဝစ်ရှိုက ပြောခဲ့သည်။

ထို့အပြင် မြို့ထဲရှိ ပုန်းခိုနေသော အကြမ်းဖက်တပ်စုများကလည်း ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အိုက်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမားအနည်းစု ခြေကုပ်ယူထားသော မန်ဘစ်ဂျ်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ပြီဖြစ်ကြောင်း အမေရိကန်လေကြောင်းထောက်ပံ့ခံ အက်စ်ဒီအက်ဖ်အဖွဲ့က လွန်ခဲ့သောအပတ်က ပြောခဲ့သည်။

**(ရိုက်တာ)**



မန်ဘစ်ဂျ်မြို့၏အန္တရာယ်ကင်းရာနေရာသို့ တိမ်းရှောင်လာသော အမျိုးသမီးနှစ်ဦးကိုတွေ့ရစဉ်။

# ရဲတပ်ဖွဲ့များနှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များ ထိုင်းနိုင်ငံတွင် လုံခြုံရေးတိုးမြှင့်လုပ်ဆောင်

**ဗန်ကောက် ဩဂုတ် ၁၃**

ထိုင်းနိုင်ငံတွင် ဗုံးများဆက်တိုက်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ထိုင်းရဲတပ်ဖွဲ့များနှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များသည် လုံခြုံရေးတိုးမြှင့်လုပ်ဆောင်နေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဩဂုတ် ၁၃ ရက်က ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုများသည် ကြာသပတေးနေ့နှင့် သောကြာနေ့များတွင် ဟွာဟင်အပန်းဖြေစခန်းနှင့် ဖူးခက်အပါအဝင် ထိုင်းနိုင်ငံ နေရာငါးခုတွင်ဖြစ်ပေါ်ခဲ့ရာ နိုင်ငံခြားသားခရီးသွား ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။

ထိုင်းရဲတပ်ဖွဲ့များသည် ဩဂုတ် ၁၂ရက်က ဗန်ကောက်မြို့လယ် စတိုးဆိုင်များရှေ့တွင် လုံခြုံရေးစောင့်ကြပ်မှုများပြုလုပ်လျက်ရှိသည်။ အစိုးရအနေဖြင့် ယခုဖြစ်နေသော ဗုံးပေါက်ကွဲမှုများ၏ လက်သည်ကို တရားရုံးသို့ခေါ်ဆောင်လာရန် အကောင်းဆုံး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဝန်ကြီးချုပ် ပရာယုချန်အိုချာက ဩဂုတ် ၁၂ ရက်က ရုပ်မြင်သံကြား၌ ပြောကြားခဲ့သည်။

ထို့အပြင်ပြည်သူလူထုအား အေးအေးချမ်းချမ်းနေကြရန်တိုက်တွန်းလိုက်သည်။ ထိုင်းရဲများသည် သံသယရှိသူများကို ထိန်းသိမ်းမှုများလုပ်ဆောင်နေကာ အခြားသံသယရှိသူများကိုလည်း ဆက်လက်ရှာဖွေမှုများပြုလုပ်နေကြောင်းသိရသည်။ အစိုးရကို မကျေနပ်သူများက ဗုံးဖောက်ခွဲတိုက်ခိုက်မှုများပြုလုပ်နေသည်ဟု ယူဆကြောင်း ရဲများကပြောကြားသည်။

သို့သော်လည်း ထိုင်းတောင်ပိုင်းရှိ အိုင်အက်စ်အုပ်စုများသာ ထိုကဲ့သို့ ဗုံးဖောက်ခွဲမှုမျိုးကိုပြုလုပ်နိုင်ကြောင်း ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

**(အင်န်အိတ်ချ်ကေ)**

# ပါကစ္စတန်ရဟတ်ယာဉ်မှ အမှုထမ်းများကို အာဖဂန်တာလီဘန်များလွှတ်ပေး

**အစ္စလာမ်မာဘတ် ဩဂုတ် ၁၃**

လွန်ခဲ့သောသီတင်းပတ်က အာဖဂန်နစ္စတန်၌ ပျက်ကျခဲ့သည့် ပါကစ္စတန်ရဟတ်ယာဉ်မှ ရုရှားနိုင်ငံသားတစ်ဦးအပါအဝင် လေယာဉ်အမှုထမ်း ခြောက်ဦးကို အာဖဂန်တာလီဘန်များက ပြန်လွှတ်ပေးခဲ့သည်ဟုစနေနေ့၌ အာဏာပိုင်များက ပြောသည်။

ယင်းရဟတ်ယာဉ်သည် ရုရှားမှဥဇဘက်ကစ္စတန်သို့ ပျံသန်းစဉ် လိုဂါပြည်နယ်အရှေ့ပိုင်း၌ ဩဂုတ် ၄ ရက်က ပျက်ကျခဲ့ခြင်းဖြစ်သည်။ တာလီဘန်များက ရဟတ်ယာဉ်မှအမှုထမ်းများကို ဓားစာခံများအဖြစ် ဖမ်းဆီးထားခဲ့ပြီး နောက်ပိုင်းတွင် ၎င်းတို့ကို ပြန်လွှတ်ပေးရန် လူမျိုးစုခေါင်းဆောင်များထံသို့ လွှဲပြောင်းပေးခဲ့သည်။

ရဟတ်ယာဉ်မှ လေယာဉ်အမှုထမ်းများအားလုံးကို လွှတ်ပေးလိုက်သည်မှာ မှန်ကန်ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောသည်။ လွတ်မြောက်လာသူများသည် အစ္စလာမ်မာဘတ်သို့ရောက်ရှိပြီးနောက် ၎င်းတို့၏ မိသားစုဝင်များနှင့် တွေ့ဆုံနိုင်လိမ့်မည်ဟု ၎င်းကပြောသည်။

ပါကစ္စတန်ခေါင်းဆောင်များသည် ဓားစာခံများ လွတ်မြောက်ရေးအတွက် အာဖဂန်အစိုးရအဖွဲ့ခေါင်းဆောင်များ၊ နိုင်ငံခြားတပ်ဖွဲ့များမှ ထိပ်တန်းခေါင်းဆောင်များနှင့်ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ Mi-17 သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်သည် နည်းပညာဆိုင်ရာပြဿနာများကြောင့် တောင်တန်းထူထပ်ရာ လိုဂါပြည်နယ်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

# အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်မှ အိုင်အက်စ်အဖွဲ့ခေါင်းဆောင် သေဆုံးပြီဟု အမေရိကန်ယုံကြည်

**ကဘူးလ် ဩဂုတ် ၁၃**

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့မှ အိုင်အက်စ်အဖွဲ့ခေါင်းဆောင် ဟာအစ်ဖ်ဆာအိဒ်ခန်သည် လွန်ခဲ့သောလက အမေရိကန်မှ ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ပြီဟုအမေရိကန်တို့က ယုံကြည်ကြသည်။

လွန်ခဲ့သောနှစ်အတွင်း အာဖဂန်ထောက်လှမ်းရေးအေဂျင်စီက ဆာအိဒ်ခန်သည် အာဖဂန်နစ္စတန် အရှေ့ပိုင်းပြည်နယ် နန်ဂါဟာ၌ ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ပြီဟု ပြောခဲ့သည်။ သို့သော် ယင်းဒေသရှိ အိုင်အက်စ်တို့က ၎င်းတို့၏ခေါင်းဆောင်မှာ ယင်းတိုက်ခိုက်မှုမှ လွတ်မြောက်ခဲ့သည်ဟု ထပ်ကာထပ်ကာပြောဆိုခဲ့သည်။ အမေရိကန်တို့သည် နန်ဂါဟာပြည်နယ် အာချင် ခရိုင်၌ ဇူလိုင် ၂၆ ရက်က ဒရုန်းဖြင့် တိုက်ခိုက်မှု အသစ်ပြုလုပ်ခဲ့ပြီး ယင်းတိုက်ခိုက်မှု၌ အာအိခန်သေဆုံးခဲ့သည် ဟုသောကြာနေ့က ပြောခဲ့သည်။



အာဖဂန်နစ္စတန်၌ အိုင်အက်စ်တို့က တိုက်ခိုက်မှုကြီးပြုလုပ်ခဲ့ပြီး လူပေါင်း ၈၀ သေဆုံးစေကာ ၂၃၀ ဒဏ်ရာရရှိပြီးနောက်သုံးရက်အကြာ၌ အမေရိကန်တို့က ဒရုန်းဖြင့် အိုင်အက်စ်တို့ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပင်တဂွန်မှ ပြောရေးဆိုခွင့်ရှိသူ ဂေါ်ဒွန်တရိုဘရစ်ဂျ်ကလည်း ဆာအိဒ်ခန်မှာ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြောင်း ပြောခဲ့သည်။ ခန်သည် နန်ဂါဟာ၌ အမေရိကန်နှင့် မဟာမိတ်များကိုတိုက်ခိုက်ရာ၌ အဓိကနေရာမှ ပါဝင်ခဲ့သူလည်း ဖြစ်သည်။

**(ဘီဘီစီ)**



# အနားယူဖို့ ကြေညာပြီးနောက် အာဂျင်တီးနားအသင်းမှာ ပါဝင်လာတဲ့မက်ဆီ

**ဗျူနိုအေရိစ် ဩဂုတ် ၁၃**

မက်ဆီဟာ နိုင်ငံလက်ရွေးစင်ကစားသမားအဖြစ်မှ အနားယူဖို့ ကြေညာပြီး မကြာမီ အာဂျင်တီးနားရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲအသင်းမှာ ပါဝင်လာပါတယ်။ မက်ဆီဟာ အာဂျင်တီးနားနည်းပြ အာဂါဒို ဘော်ဇာနဲ့ ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီးနောက် အနားယူမယ့် အစီအစဉ်ကို ရပ်ဆိုင်းလိုက်ပါတယ်။

လာမယ့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာ အာဂျင်တီးနားအသင်းနဲ့အတူ တိုက်စစ်မှူးမက်ဆီ ပြန်လည်ပါဝင်လာဖို့ ရှိပါတယ်။ ဘာစီလိုနာအသင်းရဲ့ အဓိက တိုက်စစ်မှူး မက်ဆီဟာ ကိုပါအမေရိကဖလားပွဲမှာ ချီလီအသင်းနဲ့ ကစားတဲ့ပွဲမှာ ပယ်နယ်တီလွဲချော်ပြီးနောက် လက်ရွေးစင်ကစားသမားအဖြစ်မှ အနားယူဖို့ ဆုံးဖြတ်ခဲ့တယ်လို့ ဆိုပါတယ်။

အာဂျင်တီနား နည်းပြသစ်အက်ဂါ ဒိုဘော်ဇာနဲ့ ဆွေးနွေးခဲ့ပြီးနောက် လာမယ့်လမှာ ဥရုဂွေးနဲ့ ဗင်နီဇွဲလားတို့နဲ့ အာဂျင်တီးနားကစားမယ့်ပွဲမှာ မက်ဆီပြန်လည်ပါဝင်လာမှာဖြစ်ပါတယ်။ မက်ဆီဟာ အာဂျင်တီးနားအသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်ပြီး စံချိန်တင်ဂိုးအဖြစ် ၅၅ ဂိုးသွင်းယူထားပါတယ်။

**ဒေးလီးမေးလ်**

# ရာသီဥတုပြောင်းလဲမှုများနှင့် ယနေ့ကမ္ဘာကြီးရင်ဆိုင်နေရသည့် အဓိကပြဿနာများ

ချူးစန္ဒီနွေး



**ကမ္ဘာကြီး ပူနွေးလာမှုနှင့် ရာသီဥတု ဖောက်ပြန်ပျက်စီးမှုတို့သည် အချင်းချင်း ပတ်သက်ဆက်နွှယ်လျက်ရှိပြီး ယနေ့ကမ္ဘာကြီး ရင်ဆိုင်နေရသည့် အဓိကပြဿနာလည်းဖြစ်သည်။ သမုဒ္ဒရာနှင့်လေထုဖိအားစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းကြီး၏ အစီရင်ခံစာအရ လွန်ခဲ့သောနှစ်က ကမ္ဘာ့အပူချိန်သည် အမြင့်ဆုံးဖြစ်ခဲ့ပြီး ယခုနှစ်၌လည်း အပူချိန်မှာ လျော့ကျသွားခြင်းမရှိဘဲ ဆက်လက်ပူပြင်းဆဲပင်ဖြစ်သည်။**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲတောင်များ အရည်ပျော်ကာ အနိမ့်ပိုင်းကျွန်းနိုင်ငံအချို့ ပင်လယ်ပြင်အောက် ရောက်သွားနိုင်ခြင်းနှင့် သဘာဝသယံဇာတ ပြုန်းတီးမှုကြောင့် သဘာဝဘေးအန္တရာယ်ခံစားနေရသည့် ကမ္ဘာ့ဆင်းရဲသည့်နိုင်ငံအချို့ကို ကူညီမှုများပေးမည်ဟူ၍ ချမ်းသာသည့်နိုင်ငံများက ကတိထားခဲ့သည်။ ယခုအချိန်သည် ယင်းကတိကို လက်တွေ့အကောင်အထည်ဖော်ရတော့မည့်အချိန်ပင်ဖြစ်သည်။

ဆော်လမွန်ကျွန်းများ၌ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် လူသူနေထိုင်ခြင်းမရှိသည့် ကျွန်းငယ်ငါးခုရေအောက်သို့ရောက်ရှိသွားကြောင်း၊ မေလအတွင်းက ထုတ်ပြန်ခဲ့သည့် လေ့လာမှုတစ်ခုတွင် တွေ့ရသည်။ နောက်ထပ် ပစိဖိတ်သမုဒ္ဒရာမှ ကျွန်းနိုင်ငံဖြစ်သည့် Kiribati ၌လည်း ရေခန်းခြောက်မှုနှင့် ရေငန်များဝင်ရောက်မှုကြောင့် ရေချိုရှားပါးလာကာ သောက်သုံးရေအတွက် အခက်တွေ့လာရသည်။ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများကို ကြည့်မည်ဆိုလျှင် မိုးခေါင်မှုဒဏ်ကို ဆိုးဆိုးရွားရွား ခံစားရပြီး ယင်းအခြေအနေကြောင့်ပင် လူသန်းပေါင်းများစွာတို့သည် နေရပ်မှ စွန့်ခွာကာ ဥရောပသို့ရွှေ့ပြောင်းကြရသည်။ ဥရောပသို့ရွှေ့ပြောင်းအခြေချသူများ ဝင်ရောက်မှုများလာရခြင်း၏ အကြောင်းများထဲတွင် မိုးခေါင်မှုကြောင့်လည်း တစ်စိတ်တစ်ဒေသပါဝင်သည်။

လွန်ခဲ့သောနှစ်က ပါရီမြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ထိပ်သီးညီလာခံ၌ နိုင်ငံသားအများအပြားက ကမ္ဘာ့အပူချိန်ကို နှစ်ဒီဂရီဆဲလ်စီးရပ်အထိ ကန့်သတ်ရန် သဘောတူညီခဲ့သည်။ ကမ္ဘာကြီးပူနွေးလာမှုကို ကန့်သတ်လျှော့ချခြင်းမပြုနိုင်ပါက မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ရှားပါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှု များနှင့် မလွဲမသွေကြုံတွေ့ရမည်ဖြစ်သည်။ သို့သော် ကမ္ဘာ့နိုင်ငံ အများအပြားက အပူချိန် လျှော့ချမည်ဟူသော ကတိကဝတ်ပြုကာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုကို လျှော့ချမည်ဟု ပါရီမြို့၌ပြုလုပ်သည့် ညီလာခံ၌ သဘောတူခဲ့သော်လည်း ယင်းသတ်မှတ်ချက်မှာ အမှန်တကယ်လိုအပ်သည့် လျှော့ချမှုကို ပေးစွမ်းနိုင်စွမ်းမရှိသေးချေ။ ထို့ကြောင့် ဆင်းရဲသည့်နိုင်ငံများမှာ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ပြင်းထန်သည့် အပူချိန်ကိုခံစားကြရသည်။ ပင်လယ်ရေမြင့်တက်လာမှုကြောင့်လည်း လာမည့်ဆယ်စုနှစ်များအတွင်း၌ အချို့သော ကျွန်းငယ်များမှာ လုံးဝပျောက်ကွယ်သွားနိုင်သည်။

သဘာဝဘေးအန္တရာယ်တစ်ခုစနှစ်ခုစဖြစ်ပေါ်လာတိုင်း ရာသီဥတုပြောင်းလဲမှုကြောင့်ဟု လက်ညှိုးထိုးပြရန် ခဲယဉ်းသော်လည်း မကြာသေးမီနှစ်များအတွင်း ရာသီဥတုနှင့်ဆက်စပ်၍ ပေါ်ပေါက်လာသည့် သဘာဝဘေးအန္တရာယ်များမှာ ပို၍ပို၍ တိုးလာသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ပျမ်းမျှအားဖြင့် သဘာဝဘေးအန္တရာယ်ပေါင်း ၃၃၅ ခုထိ ရှိခဲ့သည်။ ယင်းပမာဏသည် ၁၉၈၅ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ပျမ်းမျှအရေအတွက်နှင့် နှိုင်းယှဉ်ကြည့်လျှင် နှစ်ဆနီးပါး မြင့်တက်လာသည်ဟု ကုလသမဂ္ဂမှ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်းကို သုတေသနပြုသည့်ဌာန၏ အစီရင်ခံစာအရ သိရသည်။

ယင်းကဲ့သို့ သဘာဝဘေးဆိုးကြီးများကြောင့် လူအများနေရပ်မှ စွန့်ခွာထွက်ပြေးခဲ့ရခြင်းဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့အခြေချနေထိုင်သူများ စောင့်ကြည့်ရေး စင်တာနှင့် နော်ဝေးနိုင်ငံမှ ဒုက္ခသည်ကောင်စီ၏အစီရင်ခံစာအရ သိရသည်။ လွန်ခဲ့သောနှစ်အတွင်း လူ ၁၉ ဒသမ ၂ သန်းမှာ သဘာဝဘေးဆိုးများကြောင့် နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန်လိုအပ်သည့် အစီအမံများပြုလုပ်ရန် မစွမ်းသကဲ့သို့ ညီညွတ်မှုတမှုများ ဖြစ်လာစေရေး တစ်နိုင်ငံတည်းမှ ပြုလုပ်၍လည်းမရပေ။ ဆင်းရဲသောနိုင်ငံများသည် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်သည့် အဓိကနိုင်ငံများ မဟုတ်သလို ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချရေးအတွက် တာဝန်များစွာယူရန်မှာ မသင့်ပေ။ ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုအတွက် အဓိကတာဝန်ရှိသူများ ဖြစ်ကြသည်။ ကမ္ဘာ့ရာသီဥတု ညီညွတ်မျှတမှု မရှိစေရေး ချမ်းသာသည့် နိုင်ငံများ၏ အကူအညီလိုအပ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် လူသန်းပေါင်းများစွာ ပြောင်းရွှေ့နေထိုင်ရသည်ဟုလည်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ ၎င်းတို့ထဲမှ အချို့မှာ နိုင်ငံအတွင်း၌ပင် ပြောင်းရွှေ့နေထိုင်ရန်ဖြစ်နိုင်ပြီး အချို့မှာမူ နိုင်ငံအတွင်း၌ ပြောင်းရွှေ့ရန် နေရာမရှိတော့၍ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ဒုက္ခသည်များအဖြစ် ခိုလှုံဝင်ရောက်လာနိုင်ကြောင်း သုံးသပ်ထားသည်။

ကုလသမဂ္ဂ၏မေလအတွင်း ထုတ်ပြန်သော အစီရင်ခံစာအရ ကမ္ဘာ့နိုင်ငံကြီးများနှင့် ကမ္ဘာ့ဘဏ်ကဲ့သို့သော အဖွဲ့အစည်းများက ဖွံ့ဖြိုးဆဲနိုင်ငံများ ရာသီဥတုပြောင်းလဲမှုပြဿနာများကို ထိန်းညှိအဖြေရှာနိုင်ရေး ဒေါ်လာ ၂၅ ဘီလီယံ ကူညီပေးခဲ့သည်ဟု သိရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက ၂၀၂၀ အစောပိုင်း၌ ဖွံ့ဖြိုးဆဲနိုင်ငံများကို ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိနိုင်ရေး ဒေါ်လာ ၁၀၀ ဘီလီယံအထိ ကူညီမှုများ တိုးမြှင့်သွားမည်ဟု ပြောခဲ့သည်။ ယင်းကတိကို ၂၀၀၉ ခုနှစ်ကိုပင်ဟေဂင်မြို့၌ ပြုလုပ်သည့် ရာသီဥတုဆိုင်ရာညီလာခံ၌ ပေးခဲ့သည့်အပြင် ပါရီမြို့၌ ပြုလုပ်သည့်ညီလာခံ၌လည်း ထပ်မံအတည်ပြုပေးခဲ့သည်။

ယင်းငွေကြေးများထဲမှ အချို့ကို ဆူနာမီအချက်ပေး အဆောက်အအုံများ တည်ဆောက်ရန် အသုံးပြုသွားမည်ဖြစ်ပြီး မုန်တိုင်းဒဏ်ခံအဆောက်အအုံများ၊ အတားအဆီးများ ပြုလုပ်သွားမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှလည်း ရေသယံဇာတ ထိန်းသိမ်းခြင်း၊ စိမ့်တောများ ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်သည်။ အပူချိန်မြင့်တက်လာမှုနှင့် ပင်လယ်ရေ မြင့်တက်လာမှုတို့ကြောင့် စိုက်ပျိုးရေးကို ထိခိုက်စေပြီး လူများကို မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်ရန် ဖိအားသဖွယ် ဖြစ်လာခဲ့သည်။ ကမ္ဘာ့နိုင်ငံများက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချနိုင်ရေး နည်းလမ်းများ စဉ်းစားနေချိန်တွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၏ အကျိုးဆက်များကို တစ်ဖက်မှ ခံစားနေရသည်ကိုလည်း မေ့လျော့မနေသင့်ပေ။ ရာသီဥတုကို ထိန်းညှိနိုင်ရေး အကူအညီများစွာ၊ အရေးယူဆောင်ရွက်ရမည့် ကိစ္စများစွာ လိုအပ်နေဆဲဖြစ်သည်။ ညီညွတ်မျှတသော ရာသီဥတုဖန်တီးနိုင်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို လျှော့ချနိုင်မည်ဖြစ်ရာ သဘာဝဘေးအန္တရာယ်များကြောင့် ဥရောပသို့ ဒုက္ခသည်များအဖြစ် ဝင်ရောက်လာမည့် အရေအတွက်ကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

**ကိုးကား-သည်နယူးယောက်တိုင်းမ်စ်**
**(၈-၈-၂၀၁၆)**

**ရာသီဥတုပြောင်းလဲမှုကြောင့် လူသန်းပေါင်းများစွာ ပြောင်းရွှေ့နေထိုင်ရသည်ဟုလည်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ ၎င်းတို့ထဲမှ အချို့မှာ နိုင်ငံအတွင်း၌ပင် ပြောင်းရွှေ့နေထိုင်ရန်ဖြစ်နိုင်ပြီး အချို့မှာမူ နိုင်ငံအတွင်း၌ ပြောင်းရွှေ့ရန် နေရာမရှိတော့၍ ဖွံ့ဖြိုးပြီး နိုင်ငံများသို့ ဒုက္ခသည်များအဖြစ် ခိုလှုံဝင်ရောက်လာနိုင်ကြောင်း သုံးသပ်ထား**

## မြို့တော်မနီလာအကျဉ်းထောင်အနီးအုတ်နံရံဟောင်း ပြိုကျ၊ နှစ်ဦးသေဆုံး၊ ၁၅ဦးဒဏ်ရာရ



မောင်တင်

**မနီလာ ဩဂုတ် ၁၃**

မြို့တော်မနီလာအကျဉ်းထောင်အနီးဆင်းရဲသား ရပ်ကွက်တွင် စနေနေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကွန်ကရစ်အုတ်နံရံပြိုကျ၍ လူနေအဆောက်အအုံ လေးလုံးပျက်စီးကာ အသက် ၁၆နှစ်နှင့် ၁၄နှစ်အရွယ် ညီအစ်မနှစ်ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဩဂုတ် ၁၃ရက်က ဖော်ပြခဲ့သည်။

ခုနစ်ပေအမြင့်ရှိ အုတ်နံရံပြိုကျခြင်းကြောင့် လူနေအဆောက်အအုံများပေါ် ပိကျကာ လူအများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ မနီလာသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုရုံးမှ အကြီးအကဲ ဂျွန်နီယူက လူအနည်းဆုံး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောခဲ့သည်။

ညီအစ်မနှစ်ဦးမှာ ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မတော်တဆပြိုကျမှုဖြစ်စဉ်တွင် မြို့တော်ဝန် ဂျိုးဆက်ဖ်အက်စ်တာဒါက ကယ်ဆယ်ရေးသမား ၅၀ နှင့် အခြားအရေးပေါ် အကူအညီပေးရေးအဖွဲ့များကို အခင်းဖြစ်ပွားရာနေရာသို့ လိုအပ်မှုများကူညီမှုပြုရန် စေလွှတ်ခဲ့ကြောင်း သိရသည်။

မနီလာ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုရုံးမှအကြီးအကဲ ဂျွန်နီကို လိုအပ်မှုများကူညီရန် ညွှန်ကြားမှုများပြုလုပ်ထားကြောင်း မြို့တော်ဝန်က ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ စက်ဘီး ၁၅ စီးပေးအပ်လှူဒါန်း



**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းလျော့နည်းကျဆင်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်အသုံးပြုနိုင်ရန်အတွက် အလှူရှင်တစ်ဦးက ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ အမေရိကန်နိုင်ငံထုတ် Trek အမျိုးအစားစက်ဘီး ၁၅ စီးနှင့်အတူ စက်ဘီးစီးဦးထုပ်၊ ညဝတ်အင်္ကျီတို့ကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ရန်ကုန်တိုင်းဒေသကြီးမှုခင်းကျဆင်းလျှင် တစ်နိုင်ငံလုံး မှုခင်းကျဆင်းနိုင်သည့် အနေအထား ဖြစ်ပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းဒေသကြီး၌ရှိနေသည့်အတွက် ဖွဲ့စည်းပုံအင်အားအပြည့်ဖြင့် ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစဉ်နှင့်အညီ ပြည်သူနှင့်လက်တွဲကာ မှုခင်းလျော့နည်းကျဆင်းရေးအတွက် လှည့်ကင်း၊ ပတ်ကင်းတို့ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး ပြည်သူနှင့် အနီးဆုံး ထိတွေ့နိုင်သော အရာသည် သွားလာရလွယ်ကူသော စက်ဘီးဖြစ်သည့်အတွက် ယခုကဲ့သို့ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အလှူရှင် Victory Myanmar Group of Companies မှ ဥက္ကဋ္ဌဦးဇော်ဝင်းဆွေက ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ USA ထုတ်စက်ဘီး ၁၅ စီးအား ပေးအပ်လှူဒါန်းရာရန်ကုန် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ဝဲပုံ)

ဤသို့လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင် ဦးဇော်ဝင်းဆွေက "တိုင်းရဲတပ်ဖွဲ့ဟာ နိုင်ငံတကာအဆင့်မီ တပ်ဖွဲ့အဖြစ် ပြုပြင်ပြောင်းလဲလုပ်ဆောင်နေတာကို တွေ့ရပြီးတော့ EU နဲ့ ပူးပေါင်းပြီး သင်တန်းအပါအဝင် မှုခင်းကျဆင်းရေးကို အထူးဆောင်ရွက်နေတာ မြင်တွေ့ရပါတယ်။ အရင်ကနဲ့ မတူကွဲပြားတဲ့ ဆောင်ရွက်မှုတွေကို မြင်ရတော့ကျေနပ်အားရလာတယ်။ ဘယ်လိုကူညီရမလဲဆိုတဲ့ အတွေးလည်း ဝင်လာတယ်။ ပြည်သူတွေ လွတ်လပ်အေးချမ်းစွာနဲ့ လမ်းပေါ်မှာသွားလာနိုင်ဖို့အတွက် အခုလို တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတာပါ"ဟု ပြောသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ပြည်သူများ မည်သည့်အချိန်အခါမဆို အခက်အခဲကြုံပါက ၁၉၉ ကို မမေ့ကြရန်နှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ နေ့/ည မပြတ် ဖုန်းခြောက်လုံးဖြင့် ရန်ကုန်မြို့နေပြည်သူတို့၏ အခက်အခဲကို ဖြေရှင်းဆောင်ရွက်ပေးရန်အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

**သန်းထိုက်(လှိုင်သာယာ)**




ရန်ကုန်တိုင်းဒေသကြီး မှုခင်းကျဆင်းရေးလုပ်ငန်းများအတွက် အသုံးပြုရန် လှူဒါန်းသည့် စက်ဘီးများကို တွေ့ရစဉ်

## ရပ်ကွက်နေပြည်သူများ အထိတ်တလန့်ဖြစ်အောင် သတ်ပုတ်နှောင့်ယှက်သူခြောက်ဦးအား အရေးယူ

**တာချီလိတ် ဩဂုတ် ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေစေတီလမ်းအများပြည်သူသွားလမ်းမပေါ်တွင် တစ်ဖက်နှင့်တစ်ဖက် ညစ်ညမ်းစွာဆဲဆိုပြီး ရပ်ကွက်နေပြည်သူများ အထိတ်တလန့်ဖြစ်အောင် သတ်ပုတ်နှောင့်ယှက်သူခြောက်ဦးအား အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၁ ရက်က တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေစေတီလမ်း အများပြည်သူသွား လမ်းမပေါ်တွင် မဲကြီး(ခ) အောင်ခိုင်ဖြိုးဝေ၊ ကိုဟိန်း၊ ကျော်ဇင်ဖြိုးတို့ သုံးဦးနှင့် ကိုကိုလတ်၊ စိုးမိုးအောင်၊ အငယ်လေး(ခ) သန်းထွန်းလေးတို့သုံးဦးသည် တစ်ဖက်နှင့်တစ်ဖက် ညစ်ညမ်းစွာဆဲဆိုပြီး သတ်ပုတ်နှောင့်ယှက်နေသဖြင့် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းဖတ်က သွားရောက်တားဆီးခဲ့ကြောင်း၊ ထိုသို့တားဆီးသော်လည်း ဆက်လက်စကားများရန်ဖြစ်ကြပြီး မဲကြီး(ခ)အောင်ခိုင်ဖြိုးဝေက ကိုကိုလတ်အား အရိုးအသွား ကိုးလက်မခန့်ရှိ ဓားဦးချွန်ဖြင့် ထိုးရာ ကိုကိုလတ်တွင် ဒဏ်ရာများရရှိခဲ့ပြီး စိုးရိမ်ရသဖြင့် တာချီလိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်မှ တစ်ဦးနှင့်တစ်ဦး ညစ်ညမ်းစွာဆဲဆို သတ်ပုတ်နှောင့်ယှက်ပြီး ဒဏ်ရာများရရှိအောင် ပြုလုပ်ကြသည့် ခြောက်ဦးတို့ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## တရားမဝင်မူးယစ်ဆေးဝါးနှင့် တူမီးသေနတ်တစ်လက် ဖမ်းဆီးရမိ

**ဗန်းမော် ဩဂုတ် ၁၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် နယ်ထိန်း ဒုရဲအုပ်ထွန်းခိုင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် သတင်းအရ ကျောက်စခန်းကျေးရွာရှိ ဆန်လှိုင်(ခ)ပုလှိုင်၏နေအိမ်သို့ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ဖြစ်သူ ဆန်လှိုင်နှင့် မူးယစ်ဆေးဝါးသုံးစွဲရန်ရောက်ရှိနေသော တူးဂျာတို့အား တွေ့ရှိရပြီး ဘိန်းဖြူဟု ယူဆရသော အမှုန့် ၀ ဒသမ ၀၂ ဂရမ်ခန့်နှင့် မြန်မာငွေကျပ်ရောရာ ငွေကျပ် ၈၅၀၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

ဆက်လက်ရှာဖွေရာ အရှည်လေးပေခန့်ရှိသည့် သစ်သားကိုယ်ထည်ဖြင့် ပြုလုပ်ထားသော တူမီးလုပ်သေနတ်တစ်လက်၊ တူမီးပစ်ရာတွင်အသုံးပြုသော ခဲတောင့်တစ်ချောင်းနှင့် ကတ်နှစ်ခုတို့ကို ရှာဖွေတွေ့ရှိပြီး တရားမဝင် လက်ဝယ်ကိုင်ဆောင်သူ ဆန်လှိုင်အား အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နောင်ချို ဩဂုတ် ၁၃** - နောင်ချိုမြို့အဝင် မန္တလေး-လားရှိုးပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ်(၈၀/၄)အနီးတွင် ဩဂုတ် ၁၂ ရက် နံနက်က အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု နောင်ချိုလုပ်ရှားတပ်ဆွယ်မှ ရဲအုပ် မြတ်သူရွှေဦးစီးသော တပ်ဖွဲ့ဝင်များနှင့် နောင်ချိုမြို့မရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ဘက်မှ နောင်ချိုမြို့နယ်ဘက်သို့သွားသည့် ကုန်တင်ယာဉ်အမှတ် MDY 25-/---ယာဉ်ပေါ်မှ ခရီးသည် မငြိမ်းဌေး (၄၇ နှစ်) ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ အလေးချိန် ၉၀၀ ဂရမ်ခန့်ကို လည်းကောင်း၊ ဩဂုတ် ၁၁ ရက် ညက လားရှိုးဘက်မှ နောင်ချိုမြို့နယ်ဘက်သို့သွားသည့် ရွှေလားရှိုးခရီးသည်တင်မှန်လုံယာဉ် အမှတ် 5k/----- ယာဉ်ပေါ်မှ ခရီးသည်အဖြစ် လိုက်ပါစီးနင်းလာသည့် သက်ပိုင်ထွန်း (၂၈နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား၁၂၄၀၀၊ အလေးချိန် ၁ ဒသမ ၁၁၆ ကီလိုဂရမ်ကို လည်းကောင်း ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**


**အင်္ကျီချုပ်ခ ဈေးကြီးတယ်၊ အရမ်းလည်းကြာတယ်၊ ကိုယ်တိုင်ချုပ်တတ်ရင် မကောင်းဘူးလား**

**အေးမွန်ရတနာ**

**အမျိုးသမီးစက်ချုပ်သင်တန်း**

**ဒေါ်ခင်ဝင်းရီ B.A, B.Ed**

**နယ်သင်တန်းသူများအတွက် အဆောင်ရှိသည်။**

**၃၉(ဂ)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ (ကျောက်ကုန်းမီးပွိုင့်အနီး) ဖုန်း-၀၁-၅၇၉၈၂၅၊ ၀၉-၅၁၀၄၆၈၇၊ ၀၉-၅၁၉၃၄၉၁၊ ၀၉-၄၀၀၀၆၈၀၉**

**အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ သံသရာအေးကျောင်းလမ်း၊ အမှတ် (၁၀၅/အေ-ဘီ)နေ ဦးသန်းဌေး (ဘ)ဦးကောက်စိန် ၁၂/လမန(နိုင်)၀၁၂၀၄၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

ဦးသန်းဌေးမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ လှိုင်မြစ်လမ်းသွယ်၊ အမှတ် (၁၇)နေ ဦးမျိုးမင်းသိန်း (ဘ)ဦးမြရွှေ ၇/ဝမန(နိုင်)၁၂၁၂၀၄ သို့ ၁၇-၇-၂၀၁၄ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၉၃၉၃/၂၀၁၄)အရ လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေသဥ္စာသိန်း(LL.B) အထက်တန်းရှေ့နေ စဉ်-၄၂၂၀၂ | ဒေါ်ပွင့်သူဇာ (LL.B) အထက်တန်းရှေ့နေ စဉ်-၄၀၃၈၇

အမှတ် (၃၄၅/ပထမထပ်)၊ နဝရတ်(၃)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဖခင်အမည်မှန်**

တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးအထက(ခွဲ)၊ န၀မတန်း (A)မှ မဆောင်းနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထိုက် ၅/တဆန(နိုင်)၀၈၃၂၄၂ ဖြစ်ပါသည်။ **ဦးဇော်မင်းထိုက်**

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ "လူချွန်လူကောင်း" ကိုယ်ပိုင်ကျောင်း၊ အဋ္ဌမတန်းမှ မောင်စိုးသီဟကျော်၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစန်းအေး ၁၃/မတတ(ပြု)၀၀၀၀၄၀ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် CC/3348၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/7357 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ယ/၆၃၄၉၈ Lu-ojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးကွမ်းရေး ၁၃/တယန(နိုင်)၀၂၈၁၂၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (လားရှိုး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8L/7414 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ကန့်ကွက်နိုင်ပါသည်**

သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ မြယာရိုးကွက်သစ်(၁)၊ အမှတ် (၇၈၁) ရှိ ပေ၂၀× ပေ ၆၀ မြေကွက်အား မူလပိုင်ရှင်ဖြစ်သော ဦးကျော်လှိုင်၏ သမီးဖြစ်သူ မမြင့်မြင့်လှိုင်ထံမှ ကျွန်ုပ်ဝယ်ယူထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးခင်မောင်ဝင်း (လက်ရှိပိုင်ဆိုင်သူ) ၁၂/သလန(နိုင်) ၀၁၆၁၆၈ ဖုန်း-၀၉-၇၉၆၃၄၉၆၄၅**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ Z°၊ မြေကွက်အမှတ် V Class ၆၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ၁။ ဒေါ်မြမြဝင်း ၁၂/ဗတထ(နိုင်)၀၂၅၈၃၅၊ ၂။ ဒေါ်စိုးစိုးဝင်း ၁၂/လမတ(နိုင်)၀၁၈၀၃၄၊ ၃။ ဦးညဏ်လင်း ၁၂/ဥကတ(နိုင်)၁၁၁၄၀၅၊ ၄။ ဒေါ်သင်းသင်းခိုင် ၁၂/တမန(နိုင်)၀၉၉၇၀၄အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဦးမြင့်လွင် ၁၂/လသန(နိုင်)၀၁၀၇၇၂၊ ဒေါ်စိုးစိုးဝင်း ၁၂/လမတ(နိုင်)၀၁၈၀၃၄ တို့က ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၆၂၅/၂၀၁၁နှင့် ဇာရီမှုအမှတ် ၉၀/၂၀၁၃ အမှုတွင် ဒီကရီအတည်ပြုရာ တရားရုံးလေလံမှ ဝယ်ယူခဲ့သည့် ၂၇-၇-၂၀၁၅ ရက်စွဲပါ မရွေ့မပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းကြောင်းလက်မှတ်စာနှင့် ယင်းမြေ၏ ဂရန်မူရင်းတို့တင်ပြ၍ စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃) လမ်း၊ အမှတ် (၈၀)ရှိ လေးလွှာ၊ (၂၆ပေ×ပေ၅၀)အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုကြသူ ဦးဝင်းနိုင် ၁၂/လမန(နိုင်)၀၆၀၅၅၆၊ ဒေါ်မိမိခိုင် ၁၂/ပဇတ(နိုင်)၀၁၉၀၀၈ နှင့် ဒေါ်မိမိမြိုင် ၁၂/ပဇတ(နိုင်)၀၀၁၅၂၃တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်နိုင်ဝင်း (စဉ်-၈၂၁၉) LL.B, D.I.L တရားလွှတ်တော်ရှေ့နေ | ဒေါ်တင်တင်ခိုင် (စဉ်-၈၀၀၈) LL.B, D.B.L, D.M.L, D.I.L တရားလွှတ်တော်ရှေ့နေ

အမှတ် (၁၃/ခ)၊ (၈)လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၅၅၄၉၊ ၀၉-၄၄၈၀၂၅၉၉၃

**အမွေစား၊ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်း၊ ထိန်သစ်ရပ်ကွက်၊ ရေးလမ်း၊ အမှတ်-၃၊ (မွေးမိခင်ဂေဟာ)နေ ဦးဘဝင်း ၆/ထဝန(နိုင်)၀၂၂၂၁၀၊ ဒေါ်သောင်းတင် ၆/ထဝန(နိုင်)၀၂၂၂၀၉ ကွယ်လွန်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မိဘနှစ်ပါးတို့၏သမီး မကြည်ကြည်သန်း(ခ)မသန်း ၆/ထဝန(နိုင်)၀၂၂၁၁၃ သည် မိဘအပေါ်၌ မိမိ၏ဆန္ဒကိုရှေ့တန်းတင်ပြီး၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများကို ဆောင်ရွက်ခြင်းစသည့် စိတ်အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်ခဲ့သူ မကြည်ကြည်သန်း(ခ)မသန်းအား ၉-၈-၂၀၁၆ ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

**လွှဲအပ်ညွှန်ကြားချက်အရ- လမ်းမတော် ဦးစိန်ဝင်း(စဉ်-၁၂၅၄၃) ဥပဒေဆိုင်ရာအကြံပြုရှေ့နေကြီး အမှတ်(၄၇၈)၊ ခေမာသီရိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၅၉၀၈၆၊ ၀၉-၄၃၀၆၇၅၈၁၊ ၀၉-၃၁၉၀၆၇၂၈**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5E/4412၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2H/6224 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ပေလီ၊ ဂျိတ္တောမှသည် မဒေးတောင်ဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

လက်သန်းအရွယ်ပုစွန်များကို တစ်ကောင်ပြီးတစ်ကောင် ရွေးချယ်နေကြသူ အမျိုးသမီးကြီးများ၊ ရွေးချယ်ပြီးသောပုစွန်များကို ရေခဲရိုက်ရန် ပုံးများအတွင်း ထည့်သွင်းနေသူများ၊ စက်လှေများမှ ပုစွန်များကို ပလပ်စတစ်ပုံးများဖြင့် ကမ်းစပ်မှသယ်ပိုးလာသူ ရေလုပ်သားများကြောင့် ဂျိတ္တောကမ်းခြေသည် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ နံနက် ၉ နာရီကျော် နေအရှိန်ကြောင့် ကမ်းစပ်ရေပြင်တွင် ရောင်ပြန်ဟပ်နေသော်လည်း ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေကြောင့် လှိုင်းကြက်ခွပ်လေးများ ထလျက်ရှိရာ အလင်းရောင်က စူးရှမှုမရှိ။ ငါးဖမ်းစက်လှေများက တစ်စင်းပြီးတစ်စင်း ဆိုက်ကပ်လာသည်ကို တွေ့ရသည်။ ငါးဖမ်းရာသီဖြစ်သော်လည်း ငါးအရနည်းသည်ဖြစ်ရာ ငါးဖမ်းလှေများက ပေါ့ပေါ့ပါးပါးဖြစ်နေသလို ရေလုပ်သားတို့မျက်နှာများကလည်း အားရရွှင်ပျမှုမရှိသည်က အမှန်ပင်။

ရာသီဥတုဖောက်ပြန်မှု၊ ငါးသယံဇာတ တဖြည်းဖြည်းလျော့နည်းလာမှုတို့ကြောင့် ပင်လယ်ပြင်တွင် တစ်နှစ်ထက်တစ်နှစ် ငါးဖမ်းဆီးရရှိမှုက လျော့နည်းလာပြီဟု ဂျိတ္တောရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ထွန်းက ပင်လယ်ပြင်ကိုငေးကြည့်ရင်း ပြောပြသည်။ ဂျိတ္တောရွာတွင် တစ်ရွာလုံး ရေလုပ်ငန်းလုပ်ကိုင်သူ များပြားပြီး စုစုပေါင်း ငါးဖမ်းလုပ်သား ၁၀၀၀ ကျော်ရှိသည်။ အိမ်ခြေ ၂၅၀၀ ကျော်ရှိသော ဂျိတ္တောရွာတွင် လူဦးရေ ၉၀၀၀ ခန့်ရှိရာ တံငါလုပ်ငန်းလုပ်ကိုင်ကြသူ များလေသည်။

ကျွန်တော်တို့ ပေလီမြို့ရောက်ခိုက် ပေလီမြို့ကို လှည့်လည်လေ့လာရင်းဂျိတ္တောသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဂျိတ္တောရွာသည် ယခုအခါ ပေလီမြို့အဖြစ် သတ်မှတ်ပြီးချိန်တွင် ဂျိတ္တောရပ်ကွက်အဖြစ် ပေလီမြို့နယ်ဧရိယာအတွင်း ထည့်သွင်း သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ရပ်ကွက်အဖြစ် သတ်မှတ်ထားသော်လည်း ဒေသခံများက စကားပြောတိုင်း ရွာဟုသာ နှုတ်ကျိုးပြီး ခေါ်ပြောနေဆဲပင်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများပြားရာ ငါးဖမ်းလှေများက နံနက် ၂ နာရီခန့်ထွက်ပြီး ပင်လယ်ပြင်တွင် ငါးဖမ်းပိုက်များဖြင့် ဖမ်းယူကာ နံနက် ၁၀ နာရီ၊ ၁၁ နာရီခန့်တွင် ရွာကမ်းခြေသို့ ပြန်လည်ဆိုက်ရောက်ကြသည်။

ငါးဖမ်းလှေများဆိုက်ကပ်ရာကမ်းစပ်အထိ ကျွန်တော်တို့ ဆင်းလာခဲ့ကြသည်။ ငါးဖမ်းလှေတစ်စင်းပေါ်တွင် ပိုက်အတွင်းမိနေသော ငါးများကို လှေအတွင်းခါချနေသဖြင့် မေးကြည့်ရာ ကွင်းပိုက်အမျိုးအစားဖြစ်ပြီး ငါးညိုဖမ်းပိုက်ဟုလည်း ခေါ်ကြောင်း၊ ငါးကွင်းရုပ်၊ ငါးညို၊ ငါးမဲလုံးတို့ ဖမ်းယူနိုင်သည့် ပိုက်အမျိုးအစားဖြစ်ကြောင်း လှေပေါ်မှ ငါးဖမ်းသမားက ပြောပြသည်။ လှေထဲတွင် ဖမ်းမိလာသောငါးများကို ကြည့်လိုက်ရာ ငါးပိဿာခန့်သာ တွေ့ရသည်။ ငါးအရနည်းသည်ထင့်။

ရောက်ကာ ငါးဖမ်းကြသည်။ ပွင့်လင်းရာသီတွင် ငါးဖမ်းလှေများသည် ပင်လယ်ပြင်တွင် တစ်ညအိပ်၊ နှစ်ညအိပ် သွားကြသလို အချို့ငါးဖမ်းလှေများက ငါး၊ ပုစွန်ထည့်ရန် ရေခဲပုံးများပါ ယူဆောင်သွားကြကြောင်း၊ ရက်အနည်းငယ်ကြာမျှ ဖမ်းမိငါးများ မပုပ်စေရန် ရေခဲပုံးများတွင်ထည့်ကာ ပင်လယ်ပြင်တွင် ညအိပ်ငါးဖမ်းကြကြောင်း သိရသည်။

မိုးရာသီတွင် ငါးကုန်းညို့ ခေါ် စည်သွတ်ငါးများမှာ တစ်နေ့လျှင် ပိဿာ ၁၀၀၊ ပိဿာ ၂၀၀ ခန့် ရတတ်ပြီး မရလျှင်လည်း ၁၀ ပိဿာ၊ ပိဿာ ၂၀ ခန့်သာ ရတတ်သဖြင့် မှန်းဆရခက်သည်။ ကော်ကြိုးဖြင့်ပြုလုပ်ထားသော ကွိုင်ပိုက်သည် ငါးကုန်းညို့ အဓိကဖမ်းယူသော ပိုက်အမျိုးအစားဖြစ်ရာ ဂျိတ္တောတွင် ကွိုင်ပိုက်ငါးဖမ်းသမား အများအပြားရှိလေသည်။ ငါးဖမ်းလှေ အကြီး၊ အသေး အရွယ်အစားမျိုးစုံသလို ငါးဖမ်းရရှိမှုမှာလည်း ကွာခြားသည်။ မိုးဖွဲဖွဲရွာကာ လေငြိမ်ပြီး ပင်လယ်ပြင်ရာသီဥတု ကောင်းမွန်ပါက ငါးအချိန်ပိဿာ ၂၀၀ ကျော်အထိ ရရှိကြောင်း နှစ်ပေါင်းများစွာ အတွေ့အကြုံအရ သူတို့သိရှိထားကြသည်။ အန္တရာယ်များသောပင်လယ်ပြင်တွင် ငါးဖမ်းသော ရေလုပ်သားတို့ဘဝကား ငါးများများရလျှင် ပျော်ရသော်လည်း ငါးမရသည့်ရက်များပါက တွက်ခြေမကိုက်ပြန်။

မိုးတဖွဲဖွဲရွာလာသဖြင့် ကမ်းခြေမှ ပြန်တက်လာခဲ့သည်။ ငါးဖမ်းလှေများက တစ်စင်းစ၊ နှစ်စင်းစ ဆိုက်ကပ်နေဆဲ။ ရေလုပ်သားတို့ တစ်ဦးနှင့်တစ်ဦး ပြောဆိုသံ၊ နှုတ်ဆက်နောက်ပြောင်သံတို့ကား လေနှင့်အတူ လွင့်ပျံ့ဝဲလာသည်။ ပင်လယ်ကြီးတည်ရှိနေသရွေ့ သူတို့ဘဝများ ရှင်သန်ရပ်တည်နိုင်သည်ဟု ခံယူထားသူများပင်။ ပေလီကမ်းခြေနှင့် ဆက်စပ်နေ၍လားမသိ။ ဂျိတ္တောဘက်ကမ်းခြေသည်လည်း ကျယ်ပြန့်သော သဲသောင်ပြင်တည်ရှိသည်။ ကမ်းခြေသဲသောင်ပြင်ပေါ်၌ ပုစွန်လှမ်း၊ ငါးလှမ်း၊ ငါးခြောက်လှမ်းစသည်တို့ ယခင်က လွတ်လပ်စွာ လုပ်ခွင့်ရှိသော်လည်း ယခုအခါ ပေလီကမ်းခြေတစ်လျှောက်နေရာများကို ဝယ်ယူမှုများလာသဖြင့် လာမည့်ပွင့်လင်းရာသီတွင် အခက်အခဲများ ကြုံရတော့မည်ဖြစ်ကြောင်းအတူယှဉ်လျှောက်လိုက်ပါလာသော ရေလုပ်သားတစ်ဦးက စိုးရိမ်စိတ်ဖြင့် ပြောသည်။

ပွင့်လင်းရာသီတွင် ငါးနီတူများ ဖမ်းဆီးရရှိမှုမှာ ငါးဖမ်းလှေကြီးတစ်စင်းလျှင် ပိဿာချိန် ၅၀၀ ခန့်အထိ ရရှိတတ်ရာ ငါးနီတူများ အခြောက်လှမ်းခြင်းက နေရာကျယ်ကျယ် လိုအပ်သည်။ နွေရာသီတွင် သဲသောင်ပြင်တစ်လျှောက် ငါးခြောက်များလှမ်းထားသည်မှာ နေရာအနှံ့အပြားဖြစ်ကြောင်း သိရသည်။ ပေလီကမ်းခြေ အနီးဝန်းကျင်သည် ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာရာ ဟိုတယ်များအများအပြား ထွက်ပေါ်လာပြီး မြေနေရာများ အလွတ်မရှိအောင် ဝယ်ယူမှုများလာသည်။ ယခု ဂျိတ္တောရွာသည်လည်း ဂျိတ္တောရပ်ကွက်အဖြစ် အဆင့်တိုးကာ ပေလီမြို့၏ ရပ်ကွက်တစ်ခုအဖြစ် ထည်ထည်ဝါဝါ တည်ရှိနေပြီကိုတွေ့ရသည်။



ဂျိတ္တောမှ ငါးဖမ်းလှေငယ်များကို တွေ့ရစဉ်

ဂျိတ္တောမှ ငါးဖမ်းလှေများသည် မိုးကာလတွင် တစ်နေ့လျှင် လှေအစင်း ၂၅ စင်းခန့် ပင်လယ်ပြင်သို့ ထွက်လေ့ရှိကြသည်။ လှေတစ်စင်းလျှင် လူနှစ်ဦးနှင့် သုံးဦးခန့် လိုက်ပါပြီး ငါးဖမ်းရမှုများသည့်နေ့တွင် ငါးပိဿာ ၈၀ ခန့် ရရှိတတ်ကြသည်ဟု သိရသည်။ မိုးကာလတွင် ငါးမျှားတန်း၊ ကျော့ပိုက်၊ ကွင်းပိုက်များအပြင် ဝိုင်းပိုက်များဖြင့်လည်း ဖမ်းယူကြရာ ပွင့်လင်းရာသီတွင် ကျော့ပိုက်များ အသုံးပြု ငါးဖမ်းကြသည်။

"ဒီနှစ်တော့ ရာသီဥတုက မမှန်ဘူး၊ မိုးကလည်းကောင်းတယ်၊ တစ်လကို ငါးဖမ်းထွက် ရတဲ့ရက်က သိပ်မရှိဘူး၊ ရာသီဥတုကိုကြည့်ပြီးမှ ပင်လယ်ပြင်ထွက်ရတာမျိုးတွေဖြစ်နေတယ်"ဟု ငါးဖမ်းသမားတစ်ဦးဖြစ်သူ ကိုတင်မောင်က ကွမ်းဝါးရင်းပြောပြသည်။ ပေလီကမ်းခြေတွင် တည်ရှိသော ဂျိတ္တောရွာမှ ငါးဖမ်းလှေများသည် မိုးကာလအတွင်း ကမ်းခြေမှ တစ်နာရီခန့်သွားရသော ရေပြင်နေရာအထိသာ သွားရောက်ငါးဖမ်းကြသည်။ ပင်လယ်ပြင်တွင် လှိုင်းလေထန်ပါက ကမ်းခြေသို့ အချိန်မီပြန်လည်ဆိုက်ကပ်နိုင်ရန် ဝေးဝေးသို့ မသွားခြင်းဖြစ်သည်။ ပွင့်လင်းရာသီဖြစ်သော နွေနှင့် ဆောင်းတို့တွင် ကမ်းခြေမှ ၁၅ မိုင်ခန့်အကွာ ပင်လယ်ရေပြင်အထိ သွား

သဲသောင်ပြင်မှ လူနေအိမ်ခြေဘက်သို့ ကျွန်တော်တို့တက်လာရာ ငါးဖမ်းလှေကြီးအချို့ကို စင်မြင့်တင်ကာ မှောက်ထားသည်ကိုတွေ့ရသဖြင့် မေးကြည့်ရာ နွေရာသီတွင် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ရာတွင် အသုံးပြုသော ငါးဖမ်းလှေကြီးများဖြစ်ပြီး မိုးရာသီ၌ ပြုပြင်ရန်လိုအပ်သည်များကို ဆောင်ရွက်ရန် စင်ပေါ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။ ဂျိတ္တောရပ်ကွက်ကို ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းအတိုင်း ပြန်ထွက်လာခဲ့ရာ ငါးမုန့်လုပ်ငန်း၊ ပုစွန်ခြောက်လုပ်ငန်း၊ ငါးခြောက်လုပ်ငန်း လုပ်ကိုင်သည့်အိမ်များ၊ အလုပ်ရုံများကို တွေ့မြင်ခဲ့ရသည်။

ဂျိတ္တောမှ လုံးသာဘက်သို့ ရောက်ရှိခဲ့ရာ ကားလမ်းအဆုံးတွင် ငါးဖမ်းစက်လှေကြီးများဆိုက်ကပ်ရာ ဆိပ်ခံတံတား သင်္ဘောဆိပ်တစ်ခုကို တွေ့ရသည်။ ငါးဖမ်းစက်လှေကြီးတစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့ရပြီး ပင်လယ်ပြင်မှ ဖမ်းမိလာသော ငါးများနှင့် ပလတ်စတစ်ရေခဲပုံးများတွင် ရေခဲရိုက်ထားသည့်ငါးများကို ထမ်းချနေသည့်မြင်ကွင်းအား တွေ့ရသည်။ ဖမ်းမိလာသောငါးများကိုမူ များများစားစား မတွေ့ရ။ နေရောင်တစ်ချက်ပွင့်လာသည်နှင့် ပတ်ဝန်းကျင်မြင်ကွင်းက ကြည်လင်



မဒေးတောင် တိလောကသယမ္ဘူရုပ်တော်မှူဘုရား

တောက်ပသွားသည်။ ကမ်းခြေမနီးမဝေးတွင် ရပ်နားထားသော ငါးဖမ်းရေယာဉ်များ၊ ကျွန်းစိမ်းစိမ်းများ၊ သစ်ပင်အုပ်အုပ်နှင့် အုန်းပင်တန်းများမြင်ကွင်းက ထင်ထင်ရှားရှား ပေါ်ထွက်လာသည်။ မိုးများသောကာလတွင် ငါးအရနည်းသဖြင့် ငါးဖမ်းလှေကြီးများလည်း အစင်းရေသိပ်မထွက်ကြသဖြင့် ရေပြင်တွင် ဟိုနားတစ်စု၊ သည်နားတစ်စု ပြန့်ကျဲစွာ ရပ်နားနေကြသည်ကို မြင်ရသည်။

တချို့ငါးဖမ်းရေယာဉ်ကြီးများက ဆိပ်ခံတံတားအထိ မကပ်နိုင်သဖြင့် လှေငယ်များဖြင့် ငါးများကို တစ်ဆင့်သယ်ယူရသည်ဖြစ်ရာ လှေငယ်များမှာ သယ်ယူခ ရရှိသဖြင့် ထိုက်သင့်သောဝင်ငွေ ရရှိသောကြောင့် အဆင်ပြေကြောင်း သိရသည်။ ငါး၊ ပုစွန်အဝယ်ဒိုင်များကလည်း နီးနီးကပ်ကပ်တည်ရှိနေရာ ပင်လယ်ပြင်မှဖမ်းမိလာသော ငါးနှင့်ပုစွန်များကို ဒိုင်များက ဝယ်ယူရန်အသင့်ရှိနေကြသည်။ ကျွန်တော်တို့ ရောက်ချိန်တွင် မိုးရွာသွန်းမှုများပြီး ရာသီဥတုဆိုးရွားနေသဖြင့် ငါးဖမ်းစက်လှေများလည်း ပင်လယ်သို့မထွက်နိုင်ရာ အဝယ်ဒိုင်များတွင်လည်း ငါး၊ ပုစွန်အနည်းငယ်သာ တွေ့မြင်ခဲ့ရသည်။ ရာသီဥတုဖောက်ပြန်မှုမှာ လူတန်းစားမရွေး၊ ပြည်သူအားလုံးအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်မှုရှိရာ ပင်လယ်ကိုအားထားနေသော ရေလုပ်သားတို့လည်း ထိခိုက်မှုရှိနေသည်ကို တွေ့ခဲ့ရသည်။ ငါး၊ ပုစွန် အဝယ်ဒိုင်အချို့ကို ဝင်ရောက်လေ့လာခဲ့ပြီးနောက် ကျွန်တော်တို့ မဒေးတောင်ဘက် ထွက်လာခဲ့ကြသည်။

ဂျိတ္တောရပ်ကွက်၊ မြပြင်ရပ်ကွက်၊ လင်းသာရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်နှင့်ဂေါ့ရပ်ကွက်တို့သည် ပေလီမြို့၏ အဓိကရပ်ကွက်များဖြစ်ပြီး အဓိကထွက်ကုန်များမှာ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တို့ဖြစ်ရာ မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ရောင်းချသည်။ ရပ်ကွက်ငါးခုရှိသည့် အနက် ဂျိတ္တောရပ်ကွက်သည် ငါးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ရေလုပ်သားများနေထိုင်ရာ အရပ်ဖြစ်သည်။ ပုဂ္ဂလိက စည်သွတ်စက်ရုံ၊ ငါးမှုန့်ကြက်စာစက်ရုံ၊ ရေခဲစက်ရုံများတည်ရှိပြီး ရေလုပ်ငန်းနှင့်ဆက်စပ်သော စီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်ကို သတိပြုမိသည်။

ကျွန်တော်တို့ ဂျိတ္တောမှ မဒေးတောင်ဘက်သို့ ကားဖြင့်ထွက်လာခဲ့ကြရာ ဂျိတ္တော-မဒေးတောင်လမ်းသည် တစ်မိုင်ခန့်သာရှိပြီး ကွန်ကရစ်လမ်းဖြစ်ကာ အကျယ် ၂၄ ပေရှိသဖြင့် မော်တော်ယာဉ်များ ကောင်းမွန်စွာမောင်းနှင်နိုင်သည်ကို တွေ့ရသည်။ ထို့အတူ ဂျိတ္တောမှ မဇင်လေဆိပ်အထိ ကားလမ်းအရှည် ရှစ်မိုင်ရှိရာ ကတ္တရာ သုံးမိုင်သုံးဖာလုံ၊ ကွန်ကရစ် သုံးမိုင်ငါးဖာလုံ ရှိသည်။ ပေလီရှောင်ကွင်းလမ်းကိုလည်း ကျောက်ချောလမ်းအဆင့် အရှည် ၅ မိုင် ၇ ဖာလုံကိုလည်း သံတွဲမှ ဂျိတ္တောသို့ ဆက်သွယ်ဖောက်လုပ်ထားသည်။

အမြင့်ပေ ၂၅၀ ခန့်ရှိသော မဒေးတောင်ပေါ်သို့ ကျွန်တော်တို့ရောက်ရှိခဲ့ပြီး မဒေးတောင်တန်း၏ ပင်လယ်ဘက်သို့ ထိုးထွက်နေသော တောင်စွယ်တစ်ခုပေါ်တွင် တည်ထားသည့် တိလောကသယမ္ဘူ ရုပ်တော်မှူရုပ်ပွားတော်ကြီး၏ ရင်ပြင်သို့ တက်ရောက်ခဲ့ကြသည်။ မတ်ရပ်ရုပ်ပွားတော်ကြီး၏ အမြင့်မှာ ၄၅ ပေရှိပြီး ပလ္လင်တော်အမြင့်မှာ ကိုးပေရှိသည်။ ထို့ကြောင့် ရင်ပြင်တော်မှ မတ်ရပ်ရုပ်ပွားတော်ကြီး၏ အမြင့်မှာ ၅၄ ပေရှိနေရာ ဝေဟင်တွင် ထီးထီးမားမား မတ်ရပ်စံမြန်းနေသည့်သဖွယ် ဖူးမြော်ရသည်။ ပေလီမြို့တောင်ဘက်အစွန်းတွင်တည်ရှိပြီး လုံးသာ ချိုင်၏မော်စွန်းတွင် တည်ထားကိုးကွယ်ထားခြင်းဖြစ်သည်။

ရင်ပြင်တော်ပေါ်မှ လှမ်းမျှော်ကြည့်လိုက်ရာ ပတ်ဝန်းကျင်မြင်ကွင်းက ပြာလဲ့နေသော ပင်လယ်ရေပြင်၊ အုန်းပင်တန်းများ အစီအရီပေါက်နေသော ကမ်းခြေ၊ ဟိုး…ခပ်ဝေးဝေးမှ ကျွန်းစုငယ်တစ်ကျွန်းနှင့် ရေလုပ်သားတို့ရွာငယ်အချို့အား အပေါ်စီးမှ လှမ်းမြင်ရသည်။ ရာသီဥတုသာယာသဖြင့် ရှုလေတိုင်း ရင်လှိုင်းခတ်အောင် ချမ်းမြေ့စွာမြင်တွေ့ရသည့် မြင်ကွင်းပင်။ ပေလီခရီးသွားခရီးစဉ်အတွက် မဖြစ်မနေသွားရောက်သင့်သည့် နေရာတစ်ခုဟု တွေးမိသည်။ "ဟိုး…မှာမြင်ရတာ ပုလဲကျွန်းပေါ့"ဟု အတူ လိုက်ပါလာသည့် ပေလီမြို့အုပ်ချုပ်ရေးမှူး ကိုထွန်းထွန်းဦးက ညွှန်ပြသဖြင့် ကြည့်လိုက်ရာ စိမ်းညို့အုပ်ဆိုင်းနေသော ကျွန်းတစ်ကျွန်းကို လှမ်းမြင်ရသည်။ တစ်ချိန်က နာမည်ကျော်ကြားခဲ့သည့်ကျွန်းဖြစ်ပြီး ပုလဲမွေးမြူရေးများ လုပ်ကိုင်ခဲ့သော်လည်း ယခုအခါ မလုပ်ဖြစ်တာကြာပြီဟု သိရသည်။

တိတ်ဆိတ်သော ဘုရားရင်ပြင်တော်မှဆင်းကာ အနီးရှိဘုန်းတော်ကြီးကျောင်းသို့ဝင်ရောက်ပြီး မဒေးတောင်ဆရာတော် ဦးစန္ဒိမာအား ဖူးမြော်ရာ ဆရာတော်က ရုပ်ပွားတော်ကြီး တည်ထားကိုးကွယ်ဖြစ်ခဲ့ပုံများကို အသေးစိတ်ရှင်းပြသဖြင့် ဗဟုသုတရဖွယ် မှတ်သားခဲ့ရသည်။ နေ့လယ်စာစားပြီးမှ ပြန်ပါဟုဆိုသော်လည်း တာဝန်များ မပြီးပြတ်သေးသဖြင့် ဆရာတော်အားဦးချကာ နှုတ်ဆက်ပြီးပြန်ထွက်လာခဲ့သည်။

ဝေဟင်တွင် လွင့်ပျံ့စွာတည်ရှိနေသော မဒေးတောင် တိလောကသယမ္ဘူ ရုပ်တော်မှူရုပ်ပွားတော်ကြီးကို စိတ်ထဲကြည်ညိုရင်း သဘာဝဘေးအန္တရာယ်များ ကင်းဝေးရန် ဆုတောင်းနေမိသည်က အမှန်ပင်။ ॥



# 'နှင့်' အသုံးနှင့် ပုဒ်ထားရှုပ်ဝါကျ

မောင်ခင်မင်(ဓနုဖြူ)

"ကျောင်းမှာတုန်းက သမီးတို့ဆရာမပြောတာတစ်ခုကို သတိရလို့ ဘဘကို မေးချင်ပါတယ် ဘဘ"

"မေးလေ သမီး"

"ဆရာမက 'နှင့်' အသုံးကို ရှင်းပြရင်းနဲ့ 'နှင့်' ကို အမှတ်တမဲ့သုံးရင် အဓိပ္ပာယ် အမျိုးမျိုးထွက်တတ်တဲ့အကြောင်း ပြောတာပါ"

"ဘယ်လိုအသုံးပါလိမ့်"

"ဆရာမ ပြောတဲ့ဝါကျက ဆရာကြီးဦးဖေမောင်တင်ပြတဲ့ သာဓကလို့ သိရပါတယ်။ 'ကားနှင့် လူကိုခေါ်ပါ' ဆိုတဲ့ ဝါကျပါ"

"ဟုတ်ပါပြီ၊ ဆက်ပြော"

"ဟုတ်ကဲ့။ 'ကားနှင့်လူကိုခေါ်ပါ' ဆိုတဲ့ဝါကျဟာ အဓိပ္ပာယ်သုံးမျိုးထွက်တဲ့အကြောင်းပါ ဘဘ။ အဲဒီဝါကျဟာ ကားပေါ်က လူကိုခေါ်ပါလို့လည်း အဓိပ္ပာယ်ထွက်နိုင်တယ်။ ကားကိုလည်း ခေါ်ပါ၊ လူကိုလည်း ခေါ်ပါလို့လည်း အဓိပ္ပာယ်ထွက်နိုင်တယ်။ လူကို ကားနဲ့တင်ပြီး ခေါ်ပါလို့လည်း အဓိပ္ပာယ်ထွက်နိုင်တယ်တဲ့"

"ဒီတော့"

"ဆရာကြီး ဦးဖေမောင်တင်ပြတဲ့ သာဓကဆိုတော့ ငြင်းစရာမရှိဘူးလို့ ထင်ပါတယ်။ သမီးသိချင်တာက ဘာဖြစ်လို့ အဲဒီလိုအဓိပ္ပာယ် သုံးမျိုးဖြစ်နိုင်တာလဲဆိုတာ သိချင်တာပါ ဘဘ"

"ဟုတ်ပါပြီ။ 'နှင့်'အနက်တွေ အမျိုးမျိုးရှိတာ သမီးသိမှာပါ။ ဒီနေရာမှာတော့ နှင့်ရဲ့အနက်နှစ်မျိုးနဲ့ ဆိုင်တယ်ထင်ပါတယ်။ 'နှင့်'ဟာ ပေါင်းစည်းတဲ့ အနက်လည်း ရှိတယ်၊ အသုံးခံအနက်လည်းရှိတယ်။ ဒါ သမီးသိပြီးသားပါ"

"ဟုတ်ကဲ့ပါ"

"ကဲ 'ကားနှင့်လူ' ဆိုတဲ့အသုံးကို အရင်ကြည့်ရအောင်။ ကဲ 'မျက်မှန်နှင့်လူ' ဆိုရင် သမီးဘယ်လိုနားလည်သလဲ"

"'မျက်မှန်တပ်ထားတဲ့လူ' လို့ နားလည်ပါတယ် ဘဘ"

"ဘောင်းဘီနှင့်မိန်းကလေးဆိုရင်ကော"

"ဘောင်းဘီဝတ်ထားတဲ့ မိန်းကလေးပါ ဘဘ"

"အဲဒီသဘောအရ 'ကားနှင့်လူ'ကို ဘယ်လိုအဓိပ္ပာယ်ကောက်မလဲ"

"'ကားပေါ်ကလူ' လို့ အဓိပ္ပာယ်ကောက်ရမယ်ထင်ပါတယ်"

"ဟုတ်ပါတယ်။ 'ကားနှင့်လူ' ဆိုတာ ကားပေါ်ကလူ၊ ကားပေါ်မှာထိုင်နေတဲ့လူလို့ အဓိပ္ပာယ်ကောက်နိုင်တာပေါ့။ 'နှင့်'ဟာ 'ကား'ရယ် 'လူ' ရယ်၊ အဲဒီနာမ်နှစ်ခုကို ပေါင်းစည်းဆက်စပ်ပေးလိုက်တဲ့ သဘောပေါ့ကွယ်"

"ဟုတ်ကဲ့၊ ဒါဆိုရင် 'ကားနှင့်' ဆိုတဲ့စကားဟာ 'လူ' ဆိုတဲ့စကားကို အထူးပြုတယ်လို့လည်းဆိုနိုင်မှာပေါ့နော် ဘဘ"

"ဟုတ်တာပေါ့။ 'တုတ်ကောက်နှင့်ဦးလေးကြီး' ဆိုရင်လည်း 'တုတ်ကောက်ကိုင်ထားတဲ့ဦးလေးကြီး'မို့ တုတ်ကောက်က ဦးလေးကြီးကို အထူးပြုတာပေါ့"

"ဟုတ်ကဲ့၊ ပထမအဓိပ္ပာယ်ကို သမီးနားလည်ပါပြီ ဘဘ၊ ကားကိုလည်း ခေါ်ပါ လူကိုလည်း ခေါ်ပါဆိုတဲ့အဓိပ္ပာယ်ကကော ဘာကြောင့်ဖြစ်လာတာပါလဲ"

"အဲဒါကျတော့ 'ကားနဲ့ လူ' ဟာ ပေါင်းစည်းနေတဲ့အတွက် နောက်ကဆက်တဲ့ 'ကို' နောက်ဆက်ဟာ ကားနဲ့လည်းဆိုင်တယ်။ လူနဲ့လည်း ဆိုင်တယ်လို့ အဓိပ္ပာယ်ပေါက်တာပေါ့။ 'ကားကို' နဲ့ 'လူကို'လို့ ခွဲမသုံးဘဲ 'ကားနဲ့လူကို' လို့နောက်က 'ကို' တစ်လုံးတည်းနဲ့ ပိတ်ပြီး သုံးလိုက်တာပေါ့"

"သမီးသိပ်မရှင်းပါဘူး ဘဘ"

"ကဲ ဒီလိုဆိုရင် ဘဘက သာဓကကို နည်းနည်းပြောင်းလိုက်မယ်။ 'ကားနှင့်လူကို ခေါ်ပါ' အစား 'ဖြူဖြူနှင့်မူမူကို ခေါ်ပါလို့' ပြောလိုက်မယ်။ အဲဒီလိုဆိုရင် သမီးဘယ်လို အဓိပ္ပာယ်ကောက်မလဲ"

"ဟာ… ရှင်းပါပြီ ဘဘ။ ဖြူဖြူကိုလည်း ခေါ်ပါ၊ မူမူကိုလည်းခေါ်ပါလို့ အဓိပ္ပာယ် ကောက်ရမှာပေါ့"

"အဲဒီသဘောပါပဲ။ 'ဖြူဖြူကိုခေါ်ပါ'၊ 'မူမူကိုခေါ်ပါ' လို့ ဆိုလိုတာကို ချုံ့ပြီး 'ဖြူဖြူနှင့်မူမူကိုခေါ်ပါ' လို့ သုံးတဲ့ပုံစံပါပဲ။ ဒါကျတော့ ပထမအဓိပ္ပာယ်ကို 'ကားနဲ့လူ'ဆိုတဲ့ နာမ်နှစ်ခုတည်းနဲ့သာ ဆိုင်တာမဟုတ်တော့ဘဲ ဝါကျတစ်ခုလုံးရဲ့အဓိပ္ပာယ်ကို 'နှင့်' က ဆက်စပ်ပေါင်းစည်းပေးတဲ့ သဘောဖြစ်သွားတာပေါ့"

"နားလည်ပါပြီ ဘဘ။ ဆရာကြီးဦးဖေမောင်တင် ဆိုလိုတဲ့အဓိပ္ပာယ်ကိုလည်း သဘောပေါက်ပါပြီ။ ဒါဆိုရင်…"

"အေး၊ အခု တတိယအဓိပ္ပာယ်ပေါ့။ 'ကားနှင့်လူကိုခေါ်ပါ' ဆိုတာ လူကိုကားနဲ့ တင်ပြီးခေါ်ပါဆိုတဲ့ အဓိပ္ပာယ်လေ။ 'လေယာဉ်နှင့် ဆရာတော်ကိုပင့်ခဲ့ပါ'ဆိုတာမျိုးပေါ့"

"ဘဘ၊ ဒီနေရာမှာ အရင်ဘဘပြောခဲ့တဲ့ ပုဒ်အထားအသို အစီအစဉ်မသင့်တာကြောင့်လည်း ဖြစ်မယ်ထင်ပါတယ်။ 'လူကိုကားနဲ့ခေါ်ပါ' လို့ရေးရင် အဓိပ္ပာယ်အမျိုးမျိုး ထွက်စရာမရှိဘူးထင်ပါတယ်"

"ဟုတ်ပ့ါဗျာ။ သမီးက မြင်တတ်ပါတယ်။ အခုရေးပုံကျတော့ 'ကားနှင့်' ဆိုတဲ့ပုဒ်က 'ခေါ်ပါ'နဲ့ ကပ်မထားတဲ့ 'လူကို'နဲ့ ကပ်ထားတော့ အဓိပ္ပာယ်အမျိုးမျိုးထွက်နေတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဆရာကြီး ဦးဖေမောင်တင် ဆက်ပြောထားတာရှိသေးတယ်။ 'နှင့်' နေရာမှာ 'ဖြင့်' ကိုသုံးရင်တော့ 'ကားဖြင့်လူကိုခေါ်ပါ'လို့ပဲ ရေးရေး၊ 'လူကိုကားဖြင့်ခေါ်ပါ'လို့ပဲ ရေးရေး အဓိပ္ပာယ်နှစ်မျိုး သုံးမျိုး ထွက်စရာမရှိဘူးတဲ့။ သမီးသတိထားမိလား"

"ဟုတ်ကဲ့ ၊ သမီးဆရာမကလည်း အဲဒီအကြောင်း ပြောတာသမီးမှတ်မိပါတယ်။ ဘာကြောင့် 'ဖြင့်'ကိုသုံးရင် အဓိပ္ပာယ် မရှုပ်တာလဲဆိုတာလဲ သမီးသိချင်ပါတယ် ဘဘ"

"'ဖြင့်' က အသုံးခံအနက်ပဲရှိတာလေ။ ပေါင်းစည်းခြင်းအနက်မှ မရှိပဲ။ ဒီတော့ 'ကားဖြင့် လူ'လို့ ရေးရင်လည်း ကားနဲ့ လူ ပေါင်းစည်းမသွားဘူးလေ။ 'ဖြင့်'က နောက်က လာမယ့် ကြိယာနဲ့ပဲ ဆိုင်တယ်ဆိုတာ ထင်ရှားပြီးသားမဟုတ်လား။ ဒါ့ကြောင့် 'ကားဖြင့် လူကိုခေါ်ပါ' နဲ့ 'လူကို ကားဖြင့် ခေါ်ပါ 'ဟာ အဓိပ္ပာယ်နှစ်မျိုးမထွက်တာပေါ့။ 'ကားနှင့်လူ' ကျတော့ ပေါင်းစည်းခြင်းအနက်အရ ကားနဲ့လူနဲ့ ပေါင်းစည်းသွားလို့ အဓိပ္ပာယ် ရှုပ်သွားတာလေ"

"ဟုတ်ကဲ့ပါ။ နားလည်ပါပြီဘဘ"

"အင်း … တစ်ခုတော့ရှိတယ်။ စာသုံးဆိုရင် 'ဖြင့်' သုံးလို့ရပေမယ့် အပြောသုံး ဆိုရင်တော့ 'နဲ့' လို့ပဲသုံးရမှာပေ့ါ။ အဲဒီလိုဆိုရင် 'နှင့်' သုံးလို့ ရှုပ်တတ်တဲ့ပြဿနာတွေ 'နဲ့' သုံးရင်လည်း တွေ့ရမှာပဲလေ။ သတိထားပြီးသုံးဖို့ လိုတာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"ဆက်ပြောရဦးမယ် ။'နှင့် 'က နာမ်တွေကို ပေါင်းစည်းပေးတဲ့ အနက်ရှိတော့ ရှေ့ကစကားတွေနဲ့ ဘယ်အတိုင်းအတာအထိ ပေါင်းစည်းတယ်ဆိုတဲ့ ပြဿနာမျိုးလည်း ရှိတယ်သမီးရဲ့"

"ပြောပြပါဘဘ"

"ဆိုပါတော့ကွယ်။ 'အသက် ၆၀ ကျော်သောအမျိုးသားများနှင့် အမျိုးသမီးများ အားလုံး'ဆိုတဲ့ အသုံးမျိုးပေ့ါ။ အဲဒီအသုံးမှာ 'အသက် ၆၀ ကျော်သော' ဆိုတဲ့ အထူးပြုစကားက အမျိုးသားများကို အထူးပြုတာတော့ သေချာတယ် ။ နောက်က 'အမျိုးသမီးများအားလုံး'နဲ့ရော ဆိုင်သလား၊ မဆိုင်ဘူးလားဆိုတာ မသေချာဘူးကွဲ့"

"ဘယ်လိုကြောင့်လဲဘဘ"

"အဲဒီနေရာမှာ 'နှင့် 'ရဲ့အခန်းကဏ္ဍဟာ အရေးပါလာပြီလေ။ 'နှင့်' ကို အမျိုးသားများနဲ့ပဲ ဆိုင်တယ်လို့ အဓိပ္ပာယ်ယူရင် အမျိုးသမီးများကတော့ အသက်ကန့်သတ်ချက်မရှိဘဲ အားလုံးကိုဆိုလိုတယ်လို့ အဓိပ္ပာယ်ကောက်ရမှာပေ့ါ။ အဲ…'နှင့်' က အမျိုးသားနဲ့ အမျိုးသမီးကိုပေါင်းစည်းထားတဲ့ အဓိပ္ပာယ်ဆိုရင်တော့ 'အသက် ၆၀ ကျော်သော' ဆိုတာ အမျိုးသားတွေနဲ့ရော အမျိုးသမီးတွေနဲ့ရောဆိုင်တယ်လို့ ယူရမှာပေ့ါ။

"ဟုတ်ကဲ့ပါ"

"အရင် ဘဘတို့ပြောကြသလိုပဲ၊ ဒီသာဓကက အဓိပ္ပာယ်ကိုကြည့်ရုံနဲ့ ဘယ်အဓိပ္ပာယ်လဲဆိုတာ ခွဲဖို့မလွယ်ဘူးလေ။ နှစ်မျိုးစလုံး ဖြစ်နိုင်တာချည်းပဲ။ တချို့အသုံးတွေကတော့ အဓိပ္ပာယ်အရသိသာတာမျိုးရှိတယ်။ ဆိုပါတော့။ 'လက်တန်းပါသော ကုလားထိုင်များနှင့် စားပွဲများ'လို့ သုံးရင် 'လက်တန်းပါသော' ဆိုတာ 'ကုလားထိုင်များ'နဲ့ပဲ ဆိုင်တယ်။ စားပွဲမှာ လက်တန်းဆိုတာမရှိတဲ့အတွက် စားပွဲများနဲ့မဆိုင်ဘူး ဆိုတာ အဓိပ္ပာယ် အရသိသာတာပေ့ါ"

"ဟုတ်ကဲ့ပါ"

"'ဘတ်စ်ကားဖြင့်လာကြသော အသင်းသားများနှင့် အသင်းသူများ'ဆိုရင်လည်း ဘတ်စ်ကားနဲ့လာတာအသင်းသားရော အသင်းသူရောဆိုလိုကြောင်း အဓိပ္ပာယ်အရ သိသာတာပေ့ါ။ ဒါပေမယ့် ဘဘစောစောကပြောတဲ့ သာဓကမျိုး၊ 'အသက် ၆၀ ကျော်သော အမျိုးသားများနှင့် အမျိုးသမီးများအားလုံးကို မြေညီထပ် အခန်းများမှာ နေရာချပေးရန်'ဆိုရင် အသက် ၆၀ ကျော်တဲ့ အမျိုးသားကတော့ဟုတ်ပြီ။ အမျိုးသမီးက အသက် ၆၀ကျော်တဲ့ သူတွေပဲလား၊ အမျိုးသမီးအားလုံးကို ဆိုလိုတာ လား မသဲကွဲဘူးလေ။ အမျိုးသမီးအားလုံးပင်ပန်းမှာစိုးလို့ အပေါ်ထပ်မတက်ခိုင်းတာလဲဖြစ်နိုင်တာပဲ မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ကောင်းတာကတော့၊ အသက် ၆၀ကျော်သော အမျိုးသားအမျိုးသမီးများလို့ 'နှင့်' မထည့်ဘဲရေးရင် အမျိုးသမီးပါ အကျုံးဝင်တာ ထင်ရှားတာပေ့ါ။ အမျိုးသမီး အားလုံးကို ဆိုလိုရင်တော့ 'အသက် ၆၀ ကျော်သောအမျိုးသားများနှင့် အသက် အရွယ်မရွေး အမျိုးသမီးများ' ဆိုတာမျိုး ရေးရင်ရှင်းတာပေ့ါကွယ်။ အရေးကြီးတာက 'နှင့်' ကြောင့် အဓိပ္ပာယ်ရှုပ်မသွားဖို့ပါပဲ။

"နားလည်ပါပြီ ဘဘ"

**'ကားနဲ့ လူ' ဟာ ပေါင်းစည်းနေတဲ့အတွက် နောက်ကဆက်တဲ့ 'ကို' နောက်ဆက်ဟာ ကားနဲ့လည်းဆိုင်တယ်။ လူနဲ့လည်း ဆိုင်တယ်လို့ အဓိပ္ပာယ် ပေါက်တာပေ့ါ။ 'ကားကို' နဲ့ 'လူကို' လို့ ခွဲမသုံးဘဲ 'ကားနဲ့လူကို' လို့နောက်က 'ကို' တစ်လုံးတည်းနဲ့ ပိတ်ပြီး သုံးလိုက်တာပေ့ါ"**

# အသားစားသုံးခြင်းနှင့် ကင်ဆာရောဂါဆက်နွှယ်မှု

တင်လင်းအောင် (မြန်မာ့အလင်း)

မကြာသေးမီက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့လေ့လာချက်ထဲမှာ အနီရောင်အသားတွေကို စားသုံးခြင်းဟာ ကင်ဆာရောဂါ အန္တရာယ်ကိုဖြစ်စေတဲ့ ဆက်သွယ်ချက်ကို တွေ့ရှိခဲ့ပါတယ်။ သို့သော်လည်း ဘာဂါနှင့် ဝက်ဆားနယ်ခြောက်တွေကို မစားရဘူးလို့မဆိုလိုပါဘူး။

**လေ့လာရှာဖွေမှုတွေက ဘာတွေကိုတိကျစွာရှာဖွေနိုင်ခဲ့ပါသလဲ**

နိုင်ငံတကာ ကင်ဆာသုတေသနအဖွဲ့ (အိုင်အေအာစီ)က အသားနဲ့ ကင်ဆာကြားဆက်နွှယ်မှုများကိုလေ့လာမှုပြုထားသော စစ်တမ်းကောက်ယူမှု ၈၀၀ ကျော်ကို ပြန်လည်သုံးသပ်ခဲ့ပါတယ်။ ထိုသုတေသနပြုလုပ်ရာမှာ ကမ္ဘာအနှံ့မှ အသားရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးရှိတဲ့လူတွေနဲ့ အစားအသောက်ပုံစံမတူသူများပါဝင်ပါတယ်။ သူတို့ရဲ့ သုံးသပ်ချက်တွေမှာတော့ တာရှည်ခံ အစားအစာများဖြစ်သော ဝက်ဆားနယ်ခြောက်၊ ဝက်အူချောင်း၊ ဟော့ဒေါ့တွေဟာ လူသားတွေကို ကင်ဆာရောဂါဖြစ်စေနိုင်တဲ့ အရာတွေဖြစ်ကြောင်းနဲ့ နေ့စဉ်တာရှည်ခံ အစားအစာများကို ၅၀ ဂရမ်စားသုံးလျှင် ကင်ဆာ ၁၈ ရာခိုင်နှုန်းတိုးစေကြောင်း ဆိုထားပါတယ်။

အနီရောင်ရှိသော အမဲသား၊ နွားလေးသား၊ ဝက်သား၊ သိုးသားနှင့် ဆိတ်သားတွေဟာလည်း လူတွေကိုကင်ဆာ ဖြစ်စေနိုင်တဲ့ အရာတွေဖြစ်တဲ့အတွက် ဒီအုပ်စုတွေကို ဂရုစိုက်သင့်ပါတယ်။ သို့သော်လည်း ဒီဆက်နွှယ်မှုကို သက်သေပြဖို့ ခိုင်လုံတဲ့သက်သေအထောက်အထားတွေ မရှိသေးပါဘူးလို့ အိုင်အေအာစီအဖွဲ့က ပြောပါတယ်။ နေ့စဉ် အနီရောင်အသားကို ၁၀၀ ဂရမ်စားသုံးမယ်ဆိုရင် အန္တရာယ်ရှိတဲ့ကင်ဆာရောဂါကို ၁၇ ရာခိုင်နှုန်းတိုးစေပါတယ်။

တာရှည်ခံအစားအစာများကို စားသုံးခြင်းဟာ ဆေးရွက်ကြီးကဲ့သို့ အန္တရာယ်ရှိနိုင်သော်လည်း သိုးသားအစာသွပ် အူချောင်းတွေစားသုံးခြင်းဟာ ဆေးလိပ်သောက်ခြင်းကဲ့သို့ ကင်ဆာရောဂါ ဖြစ်စေနိုင်တယ်လို့တော့ မဆိုလိုပါဘူး။ အိုင်အေအာစီအဖွဲ့ရဲ့ခွဲခြားမှုတွေက ခိုင်မာတဲ့အထောက်အထားတွေပေါ် အခြေခံထားပါတယ်။ ကမ္ဘာအနှံ့မှာ ဆေးလိပ်သောက်ခြင်းကြောင့် ကင်ဆာရောဂါနဲ့သေဆုံးမှုဟာ တစ်နှစ်ကို တစ်သန်းခန့်ရှိသလို တာရှည်ခံအစားအစာတွေကို စားသုံးခြင်းကြောင့်လည်း လူပေါင်း ၃၄၀၀၀ ခန့် သေဆုံးနေပါတယ်။

**အသားစားသုံးခြင်းဟာ ကင်ဆာရောဂါဖြစ်စေနိုင်ပါသလား**

ပညာရှင်များကတော့ အသားတွေကို လုံးဝရှောင်နေစရာ မလိုပါဘူးလို့ ပြောပါတယ်။ ဒါပေမယ့် "အခုချိန်မှာတော့ အသားများ တင်သွင်းမှုကို ကန့်သတ်ထားပါတယ်"လို့ အိုင်အေအာစီရဲ့ ညွှန်ကြားရေးမှူး ဒေါက်တာခရစ်စ္စတိုဖာဝိုင်းက ပြောပါတယ်။

"အနီရောင်ရှိတဲ့အသားတွေကို လုံးဝမစားရဘူးဆိုတဲ့ အတွေးတွေ လူတွေခေါင်းထဲရောက်သွားမှာ မလိုလားပါဘူး။ ဒါဟာ အတော့်ကိုအရေးကြီးပါတယ်"လို့ စတန်းဖို့ဒ်တက္ကသိုလ်မှ ရောဂါကာကွယ်ရေးပါမောက္ခ ဒေါက်တာဂျွန်အိုင်အိုနင်းဒစ်က ပြောပါတယ်။

တာရှည်ခံအသားတွေကို အန္တရာယ်ကင်းအောင် ဘယ်လောက်စားသုံးရမလဲဆိုတာကို ခိုင်လုံတဲ့အထောက်အထားတွေ မရှိသေးသော်လည်း အမေရိကန်နိုင်ငံ တက်ဒ်တက္ကသိုလ် အာဟာရသိပ္ပံနှင့် မူဝါဒဆိုင်ရာကျောင်းမှ ဌာနမှူး ဖြစ်သူ ဒေါက်တာဒါရစ်မော်ဇာဖရိမ်းကတော့ တာရှည်ခံအသားတွေကို တစ်လမှာတစ်ကြိမ်၊ နှစ်ကြိမ်ထက်ပိုပြီး မစားသင့်ကြောင်းနဲ့ ရိုးရိုးအသားများကိုလည်း တစ်ပတ်ကို တစ်ကြိမ်၊ နှစ်ကြိမ်ထက်ပိုပြီး မစားသုံးသင့်ကြောင်း ပြောထားပါတယ်။

**အခြားအသားတွေကရော အန္တရာယ်ကင်းပါသလား**

ကြက်သား သို့မဟုတ် အမဲသားတွေကို စားသည်ဖြစ်စေ၊ မစားသည်ဖြစ်စေ အဆီနည်းသောအသားတွေကို စားသုံးခြင်းကတော့ ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်ပါတယ်။ အဆီများတဲ့ အသားတွေကို စားသုံးမယ်ဆိုရင်တော့ ကိုယ်ခန္ဓာအတွင်းမှာ ကိုယ်လက်စထရောနဲ့ အဆီတွေများပြီး နှလုံးရောဂါ၊ ဆီးချို ရောဂါနဲ့ အရွယ်မတိုင်ခင် သေဆုံးမှုတွေကို ဖြစ်စေနိုင်ပါတယ်။ တာရှည်ခံအသားတွေဖြစ်တဲ့ ဝက်ဆားနယ်ခြောက်နဲ့ အူချောင်းတွေကို အနည်းငယ်စားသုံးရင်တော့ တစ်ခါတစ်ရံမှာ ဆိုဒီယမ်ဓာတ်တွေကို မြင့်မားလာစေပါတယ်။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့အစာတွေကို စားသုံးမယ်ဆိုရင်တော့ ကျန်းမာရေး ကောင်းပြီး ဝိတ်ကျစေပါတယ်။

**အသားတွေကို ဘယ်လိုချက်ပြုတ်ပြီး စားသုံးသင့်ပါသလဲ**

ချက်ပြုတ်ပြီးစားနိုင်ပါတယ်။ ဒါပေမယ့် အကင်သို့မဟုတ် မီးဖိုပေါ်မှာ အသားတွေကို အပူချိန်မြင့်မြင့်နဲ့ ချက်စားမယ်ဆိုရင်တော့ ဓာတုဓာတ်ပေါင်းတွေကိုဖြစ်ပွားစေပြီး ကင်ဆာရောဂါ တွေဖြစ်လာနိုင်စေကြောင်းကို လေ့လာတွေ့ရှိချက်များမှာ ဖော်ပြထားပါတယ်။

**သက်သက်လွတ်စားမယ်ဆိုရင်ရော အန္တရာယ်ကင်းနိုင်ပါသလား**

သက်သတ်လွတ်စားရန် မလိုအပ်ပါဘူး။ အသားတွေမှာ ခန္ဓာကိုယ်ရဲ့ ဦးနှောက်ကနေစပြီး ကြွက်သားတွေအထိ ကိုယ်ခံအားစနစ်တွေအတွက် မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်တွေ၊ ဗီတာမင်ဓာတ်တွေနဲ့ ပရိုတင်းဓာတ်တွေ ရှိနေပါတယ်။ ဒါကြောင့် အသားတွေကို စားဖို့လိုအပ်ပါတယ်။ အသားတွေကို လုံးဝမစားဘဲ ရှောင်လိုက်မယ်ဆိုရင် အသားတွေကနေရတဲ့ အာဟာရဓာတ်တွေကို ဆုံးရှုံးရမယ့်အပြင် အခြားအစားအစာ တွေကနေ ပြီးတော့လည်း အသားစားလို့ရရှိမယ့် လိုအပ်သော ဓာတ်တွေကို အစားထိုးနိုင်မှာ မဟုတ်ပါဘူး။

## မြန်မာရိုးရာလက်ဝှေ့ချစ်ပရိသတ်များ

မြန် မာ့ ရိုး ရာ အား က စား

# ပထမဆုံးအကြိမ် ရှုမြင်ရတော့မယ့် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲကြီး

**သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

ယခုနှစ်ဟာ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့လောကသားများရဲ့ ထူးခြားတဲ့နှစ်တစ်နှစ်လို့ ဆိုရမှာဖြစ်တယ်။ ဘာကြောင့်လဲ ဆိုတော့ များမကြာမီ ပြီးခဲ့တဲ့ဇူလိုင်လကမှ ရိုးရာလက်ဝှေ့



ထွန်းထွန်းမင်း

လောကသားများရဲ့ အလိုချင်ဆုံး၊ အတောင့်တဆုံးသော ရွှေခါးပတ်ချန်ပီယံလုပွဲကြီး အထမြောက်လို့ ပြီးဆုံးခဲ့တာဖြစ်တယ်။ ယခင့်ယခင်နှစ်များက ယခုကဲ့သို့ မိုးရာသီဝသန်ကာလ ဆိုလျှင် ပြည်တွင်း၊ ပြည်ပလက်ဝှေ့ပွဲ ရှားပါးမှုကြောင့် ရိုးရာလက်ဝှေ့လောကသားများ ဝမ်းရေးအတွက် အခြားစီးပွားရေးလုပ်ငန်းခွင်များကြား အလှျိုလှျို တိုးတိတ်ဝင်ရောက်သွားကြသည်များ ရှိနေခဲ့တာဖြစ်တယ်။ ယခုနှစ်ဝသန်ကာလတွင် တမူထူးခြားနေသည်မှာ ယင်းသို့ ပျောက်ကွယ်ဝင်ရောက်သွားသည့် လက်ဝှေ့သမားဟောင်းများပင် ရိုးရာလက်ဝှေ့လောကသို့ ပြန်လည်ချင်းနင်းဝင်ရောက်လာသည်များကို တွေ့နေရတယ်။ အကြောင်းမှာ ရိုးရာလက်ဝှေ့လောကတခွင် ပွဲစဉ်များ များပြားလာခြင်းကြောင့်ဆိုလျှင် မှားမည်မဟုတ်ပေ။ အလားတူ အခြားစီးပွားရေးလုပ်ငန်းရှင်များပင် ရိုးရာလက်ဝှေ့လောကသို့ ခြေချလာမှုများရှိနေသည်ကို တွေ့မြင်နေရသည်က ထူးခြားမှုတစ်ရပ်ပင်။

ယခုဆိုလျှင်လည်း များမကြာမီ လာမယ့် ဩဂုတ် ၂၁ ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သည့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့လောကရဲ့ ပထမဆုံးအကြိမ်ကျင်းပမယ့် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲကြီး ကျင်းပတော့မှာဖြစ်လို့ ပြိုင်ပွဲဝင် ရိုးရာလက်ဝှေ့လောကသားများ ကြိုတင်ပြင်ဆင် လေ့ကျင့်မှုများရှိနေသလို ရိုးရာလက်ဝှေ့ချစ်ပြည်သူများလည်း အားပါးတရ ကြည့်ရှုခွင့်ရကြတော့မှာဖြစ်တယ်။ ယင်းပြိုင်ပွဲမှာ ကမ္ဘာ့နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ရွှေခါးပတ်ဆုရှင် ပြိုင်ပွဲဝင်လက်ဝှေ့ကျော်များ လာရောက်ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်တယ်။

“ဒီပြိုင်ပွဲကြီးဟာ ပထမဆုံးဖြစ်သလို နိုင်ငံတကာမှာ မြန်မာ့ရိုးရာလက်ဝှေ့ပြန့်ပွားသွားအောင် အဓိကဆောင်ရွက်တဲ့ပွဲလည်းဖြစ်တယ်။ ဒီက ဝိတ်တန်းအလိုက် ကျော်ကြားနေတဲ့ ကလေးတွေနဲ့ နိုင်ငံတကာလက်ဝှေ့ကျော် ရွှေခါးပတ်ဆုရှင်တွေ ယှဉ်ပြိုင်တာပါ။ ဒီပြိုင်ပွဲကြီးကို ဘက်ပေါင်းစုံကနေ ရိုးရာလက်ဝှေ့စည်းမျဉ်းစည်းကမ်းအတိုင်း ကျင်းပမှာဖြစ်တယ်။ ဒီဇိုင်းအပြင်အဆင်ကအစ တော်တော်လေးကြိုးပမ်းထားပါတယ်။ ဆုတံဆိပ်တွေကိုလည်း ဂျပန်နဲ့ထိုင်းမှာ အပ်ထားပြီးပါပြီ။ ဆုတံဆိပ် တန်ဖိုးအနေနဲ့ ငွေကျပ် သိန်း ၁၀၀ ဖိုးလောက် ရှိပါတယ်။ ဒီ ပြိုင်ပွဲမှာ သရေကျခဲ့ရင် ကစားသမားနှစ်ဦးစလုံး ရွှေတံဆိပ်ပဲရမှာပါ။ ရွှေခါးပတ်ရမှာမဟုတ်ပါဘူး”ဟု ပွဲစီစဉ်သူ မြန်မာမီဒီယာဂရု(ပ်)မှ ဦးဝဏ္ဏက ပြောပါတယ်။

ယခုပြိုင်ပွဲကြီးမှာ တမူထူးခြားမှုအနေနဲ့ မြင်တွေ့ရမှာကတော့ မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲဖြစ်တာကြောင့် ပြည်တွင်းဒိုင်များကို အသုံးပြုသွားမှာမဟုတ်ဘဲ ပြည်ပနိုင်ငံများဖြစ်တဲ့ ဂျပန်၊ ရုရှားနဲ့ ဩစတြေးလျမှဒိုင်များကို အသုံးပြုသွားမှာဖြစ်ကြောင်း သိရပါတယ်။ အဆိုပါ ဒိုင်သုံးဦးဟာလည်း မြန်မာ့ရိုးရာလက်ဝှေ့လောကနဲ့ စိမ်းသူများမဟုတ်ဘဲ ယခင်မြန်မာ့ရိုးရာလက်ဝှေ့ အတွေ့အကြုံရှိသူများဖြစ်လို့ ပြိုင်ပွဲမတိုင်ခင် အဖွဲ့ချုပ်ရုံးမှာ ဒိုင်သင်တန်းနှစ်ရက် ပို့ချမှာဖြစ်ပြီးတော့ ရိုးရာလက်ဝှေ့သင်တန်းလိုင်စင်ပါ အဆိုပါဒိုင်သုံးဦးကို တစ်ပါတည်း ပေးအပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းအနေနဲ့ကတော့ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲလို အမှတ်ပေးစည်းမျဉ်းစည်းကမ်း ပါဝင်မှာမဟုတ်ဘဲ အထူးစိန်ခေါ်ပွဲများအတိုင်း သုံးမိနစ်ထိုး၊ နှစ်မိနား၊ ငါးချီဖြစ်ပြီးတော့ ပွဲစဉ်တစ်လျှောက် လေးချီအထိ အနားတောင်းပိုင်ခွင့်ရှိပြီး နောက်ဆုံးငါးချီမှာတော့ အနားတောင်းခွင့် ရှိမှာမဟုတ်လို့




ရိုးရာလက်ဝှေ့လောကရဲ့ အထူးစိန်ခေါ်ပွဲများအဖြစ် ရှုမြင်ရတော့မှာ ဖြစ်ပါတယ်။

ယခု မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးကျင်းပမယ့်



တူးတူး

ဒီပြိုင်ပွဲကြီးမှာ ပြိုင်ပွဲဝင်ဝိတ်တန်းများအနေနဲ့ ပြည်ပမှ စုစုပေါင်း လက်ဝှေ့ကျော်ရှစ်ဦး လာရောက်ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပြီး မြန်မာဘက်ကတော့ လက်ရှိမြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်း၊ ပထမတန်းလက်ဝှေ့ကျော် တူးတူး၊ စောဂေါ်မူဒို၊ ဖျံသွေး၊ သားအသည်းတစ်ပွင့်၊ ထွန်းလွင်မိုး၊ ရဲသွေးနီနဲ့ စွမ်းထက်နိုင်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်တယ်။

မြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းဟာ အသက် ၂၄နှစ်၊ ကီလိုဝိတ်တန်း ၈၀၊ အရပ် ၅ပေ ၉ လက်မ၊ ပြည်တွင်းပြည်ပ ထိုးသတ်ခဲ့သော ပွဲပေါင်း ၅၃ပွဲမှာ ၄၂ပွဲနိုင်၊ ၁၀ ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ပိုင်ဆိုင်ထားပြီး ဒဂုံရွှေအောင်လံဆု၊ (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေနဲ့ အာရှမွေ့ပြိုင်ပွဲမှာ ငွေတံဆိပ်ဆုရရှိထားတဲ့ လက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ သူနဲ့ယှဉ်ပြိုင်ထိုးသတ်မယ့် ပြည်ပလက်ဝှေ့ကျော်တစ်ဦးကတော့ ထိုင်းနိုင်ငံမှ မွေ့ထိုင်းလက်ဝှေ့ကျော် ချူးထိုင်းဖြစ်ပါတယ်။ ချူးထိုင်းဟာ အသက် ၂၉ နှစ်၊ ကီလိုဝိတ်တန်း ၈၀၊ အရပ် ၅ပေ ၈ လက်မ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပြည်တွင်း၊ ပြည်ပပွဲပေါင်း ၇၀မှာ နိုင်ပွဲ ၅၀၊ သရေလေးပွဲ၊ ရှုံးပွဲ ၁၆ ပွဲရလဒ် ပိုင်ဆိုင်ထားကာ ပေါင် ၁၄၀ တန်း မွေ့ထိုင်းချန်ပီယံနဲ့ တရုတ်နိုင်ငံလုံးဆိုင်ရာ မွေ့ထိုင်းဆုရှင်ဖြစ်ပါတယ်။

ပြိုင်ပွဲဝင်နောက်တစ်ဦးဖြစ်တဲ့ ပထမတန်းလက်ဝှေ့ကျော် တူးတူးကတော့ အသက် ၂၆ နှစ်၊ ဝိတ်တန်း ၇၅ ကီလို၊ အရပ် ၅ပေ ၉ လက်မ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ပြည်တွင်းပြည်ပပွဲပေါင်း ၄၀ မှာ နိုင်ပွဲ ၃၀၊ သရေ ၁၀ ပွဲနဲ့ လက်ဝှေ့သမား သက်တမ်းတစ်လျှောက် ရှုံးပွဲမရှိစံချိန် ပိုင်ဆိုင်ထားတဲ့၊ ယခုလက်ရှိ




ပြည်တွင်း၊ ပြည်ပပွဲပေါင်း ၃၁ ပွဲမှာ နိုင်ပွဲ ၂၄ပွဲ၊ သရေ ခုနစ်ပွဲနဲ့ ရှုံးပွဲမရှိစံချိန်တင်ထားတဲ့ လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ၂၀၁၅ ရွှေခါးပတ်ချန်ပီယံနဲ့ ကရင်ပြည်နယ်အောင်လံကို နှစ်ကြိမ်ဆွတ်ခူးထားသူတစ်ဦး ဖြစ်ပါတယ်။ သူနဲ့ယှဉ်ပြိုင်ထိုးသတ်မယ့် လက်ဝှေ့ကျော်ကတော့ အီရန်မှ မာဆွတ်ဖြစ်ပါတယ်။ မာ



စောဂေါ်မူဒို

မှာလည်း မြန်မာပြည်အလွတ်တန်းချန်ပီယံဖြစ်ရေး ကြိုးပမ်းနေတဲ့ လက်ဝှေ့ကျော်တစ်ဦးဖြစ်ကာ ၂၀၁၂ အာရှ(မွေ့)မှာ ရွှေတံဆိပ်နဲ့ ၂၀၁၃ ဆီးဂိမ်း(မွေ့)မှာ ရွှေတံဆိပ်တို့ကို ပိုင်ဆိုင်ထားသည့်ပြည်တွင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ သူနဲ့အတူ ယှဉ်ပြိုင်ထိုးသတ်မယ့် ပြည်ပလက်ဝှေ့ကျော်တစ်ဦးကတော့ ကနေဒါနိုင်ငံမှ ဒေ့ဗ်လက်ဒပ်ဟာ ဖြစ်ပါတယ်။ ဒေ့ဗ်လက်ဒပ်ဟာကတော့ အသက် ၂၄ နှစ်၊ ဝိတ် ၇၅ ကီလို၊ အရပ် ၆ပေ၊ ပြိုင်ပွဲအတွေ့အကြုံအရ ပြည်တွင်းပြည်ပထိုးသတ်ခဲ့သော ပွဲပေါင်း ၄၈ ပွဲမှာ နိုင်ပွဲ ၃၇ ပွဲ၊ ရှုံးပွဲ ၁၁ ပွဲ စံချိန်တင်ထားကာ ယခုလက်ရှိမှာ ကနေဒါနိုင်ငံ ၇၅ ကီလိုတန်း မွေ့ထိုင်းချန်ပီယံတစ်ဦး ဖြစ်ပါတယ်။

ပရိသတ်များ တတိယမြောက် စိတ်ဝင်တစားရှုမြင်ရမယ့်ပွဲကတော့ စောဂေါ်မူဒိုပွဲဖြစ်ပါတယ်။ စောဂေါ်မူဒိုဟာ အသက် ၂၃ နှစ်၊ ဝိတ်တန်း ၇၂ ကီလို၊ အရပ် ၅ပေ ၇လက်မ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ပြည်တွင်းပြည်ပပွဲပေါင်း ၃၈ ပွဲမှာ နိုင်ပွဲ ၂၀၊ သရေ ၁၄ ပွဲနဲ့ ရှုံးပွဲလေးပွဲရလဒ် ပိုင်ဆိုင်ထားကာ ပြည်နယ်နှင့်တိုင်း ရိုးရာလက်ဝှေ့ ရွှေတံဆိပ်ဆုရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် ပြည်ပလက်ဝှေ့ကျော်ကတော့ ရုရှားနိုင်ငံမှ မွေ့ထိုင်းလက်ဝှေ့ကျော် ရှပ်ရှာကော့ဗ်အာတမ် ဖြစ်ပါတယ်။ ရှပ်ရှာကော့ဗ်အာတမ်ဟာ အသက် ၂၂ နှစ်၊ ဝိတ် ၇၂ ကီလို၊ အရပ် ၆ ပေ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပြည်တွင်းပြည်ပပွဲပေါင်း ၂၈ ပွဲမှာ နိုင်ပွဲ ၂၃ ပွဲ၊ ရှုံးပွဲငါးပွဲရလဒ် ရရှိထားပြီး ၂၀၁၄-၂၀၁၅ ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ ရိုးရာလက်ဝှေ့ ချန်ပီယံ၊ ၂၀၁၃ ခုနှစ် ဥရောပ-အာရှ မြန်မာ့ ရိုးရာလက်ဝှေ့ချန်ပီယံဆုရရှိထားသူဖြစ်ကာ ပြီးခဲ့သည့် သင်္ကြန်ဖိုက်မှာ ပထမတန်းလက်ဝှေ့ကျော် တူးတူးနဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ အလဲထိုးနဲ့ ရှုံးနိမ့်ထားသူဖြစ်ပါတယ်။

စတုတ္ထမြောက်ပွဲကတော့ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ ကြိုက်နှစ်သက်မယ့် ဖျံသွေးပွဲပဲဖြစ်ပါတယ်။ ဖျံသွေးဟာ အသက် ၂၀၊ ဝိတ် ၆၇ ကီလို၊ အရပ် ၅ပေ ၅ လက်မ၊ ထိုးသတ်ခဲ့တဲ့

ဆွတ်ဟာ အသက် ၂၉ နှစ်၊ ဝိတ် ၆၇ ကီလို၊ အရပ် ၅ပေ ၈ လက်မ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ပြည်တွင်းပြည်ပ ပွဲပေါင်း ၁၈၈ ပွဲမှာ နိုင်ပွဲ ၁၃၄ ပွဲ၊ သရေခြောက်ပွဲနဲ့ ရှုံးပွဲ ၄၈ ပွဲရလဒ် ပိုင်ဆိုင်ထားပြီး အီရန်နိုင်ငံလုံးဆိုင်ရာ မွေ့ထိုင်းချန်ပီယံတစ်ဦး ဖြစ်သလို မြန်မာ့လက်ဝှေ့ကို အကြိမ်ပေါင်းများစွာ လာရောက်ယှဉ်ပြိုင်ထိုးသတ်ထားသူတစ်ဦးလည်း ဖြစ်ပါတယ်။

နောက်တစ်ပွဲကတော့ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းကမှ ပူပူနွေးနွေး ရွှေခါးပတ်ချန်ပီယံဆုကို ပိုင်ဆိုင်ထားတဲ့ နေနေခေါ် သားအသည်းတစ်ပွင့်တို့ပွဲ ဖြစ်ပါတယ်။ သားအသည်းတစ်ပွင့်ဟာ အသက် ၂၀၊ ဝိတ် ၆၃ ဒသမ ၅ ကီလို၊ အရပ် ၅ပေ ၇ လက်မ၊ ပြည်တွင်းပြည်ပ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ပွဲပေါင်း ၄၂ ပွဲမှာ နိုင်ပွဲ ၂၀၊ သရေ ၁၈ ပွဲနဲ့ ရှုံးပွဲလေးပွဲရလဒ် ပိုင်ဆိုင်ထားကာ ၂၀၁၆ ရွှေခါးပတ်ချန်ပီယံတစ်ဦး ဖြစ်ပါတယ်။ နေနေနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် လက်ဝှေ့ကျော်ကတော့ ကင်ညာနိုင်ငံသား မွေ့ထိုင်းလက်ဝှေ့ကျော် လီယိုနာ့ဒ် ဖြစ်ပါတယ်။ လီယိုနာ့ဒ်ဟာ အသက် ၃၀၊ ဝိတ်တန်း ၆၃ ဒသမ ၅ ကီလို၊ အရပ် ၅ပေ ၇လက်မ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ပြည်တွင်း၊ ပြည်ပ ပွဲပေါင်း ၈၇ပွဲမှာ နိုင်ပွဲ ၅၈ပွဲ၊ သရေသုံးပွဲ၊ ရှုံးပွဲ ၂၆ ပွဲရလဒ်ရရှိထားကာ ကင်ညာနိုင်ငံလုံးဆိုင်ရာ မွေ့ထိုင်းချန်ပီယံတစ်ဦးဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ကို နှစ်ကြိမ် ယှဉ်ပြိုင်ထိုးသတ်ဖူးထားတဲ့ လက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။

ပဉ္စမမြောက်ပွဲကတော့ ပြီးခဲ့တဲ့နှစ် မျိုးဆက်သစ်ပွဲကမှ ရိုးရာလက်ဝှေ့လောကသို့ ခြေချဝင်ရောက်လာတဲ့ နဂါးမာန် ကလပ်မှ ထွန်းလွင်မိုးနဲ့ ဂျပန်မှ အုကတို့ရဲ့ပွဲ ဖြစ်ပါတယ်။ ဆဋ္ဌမမြောက်ပွဲကတော့ ပရိသတ်အသည်းစွဲ ရဲသွေးနီပွဲပဲ ဖြစ်ပါတယ်။ ရဲသွေးနီဟာ အသက် ၁၉နှစ်၊ ဝိတ် ၅၇ ကီလို၊ အရပ် ၅ပေ ၄လက်မ၊ ပြည်တွင်းပြည်ပ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၆၉ ပွဲမှာ နိုင်ပွဲ ၃၇ ပွဲ၊ သရေ ၃၁ ပွဲနဲ့ ရှုံးပွဲတစ်ပွဲရလဒ်ရရှိထားကာ ၂၀၁၅ နဲ့ ၂၀၁၆ နှစ်နှစ်ဆက်တိုက် ရွှေခါးပတ်ဆွတ်ခူးထားသူ ဖြစ်ပါတယ်။ သူနဲ့ယှဉ်ပြိုင်ထိုးသတ်မယ့် ပြည်ပလက်ဝှေ့ကျော်ကတော့ ကာဇက်စတန်မှ အယ်လ်ဂိုရော့ဗ်အာဇာမက်ဖြစ်ပါတယ်။ အာဇာမက်ဟာ အသက် ၂၄ နှစ်၊ အရပ် ၅ပေ ၇လက်မ၊ ဝိတ် ၅၇ ကီလို၊ ပြည်တွင်းပြည်ပ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ပွဲပေါင်း ၁၇ ပွဲမှာ ၁၂ပွဲနိုင်၊ ငါးပွဲရှုံးရလဒ် ပိုင်ဆိုင်ထားကာ ကာဇက်စတန်နိုင်ငံလုံးဆိုင်ရာ မြန်မာ့လက်ဝှေ့ချန်ပီယံတစ်ဦး ဖြစ်ပါတယ်။

မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲရဲ့ နောက်ဆုံးပွဲတစ်ပွဲကတော့ ပြီးခဲ့တဲ့ ဇူလိုင်လကမှ ပူပူနွေးနွေး ၂၀၁၆ ရွှေခါးပတ်ချန်ပီယံဖြစ်လာတဲ့ စွမ်းထက်နိုင်တို့ပွဲပဲ ဖြစ်ပါတယ်။ စွမ်းထက်နိုင်ဟာ အသက် ၁၆နှစ်၊ ဝိတ် ၅၄ ကီလို၊ အရပ် ၅ပေ ၅ လက်မ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ပွဲပေါင်း ၂၀ မှာ နိုင်ပွဲ ရှစ်ပွဲ၊ သရေ ၁၂ ပွဲနဲ့ ရှုံးပွဲမရှိစံချိန်တင်ထားတဲ့ လက်ဝှေ့ကျော် တစ်ဦးဖြစ်ပါတယ်။ သူနဲ့ယှဉ်ပြိုင်ထိုးသတ်မယ့် လက်ဝှေ့ကျော်ကတော့ လာအိုမှ လုံမနီမွေ့ထိုင်းချန်ပီယံ ဆူပါဘောဖြစ်ပါတယ်။ ဆူပါဘောဟာ အသက် ၂၅၊ ဝိတ် ၅၄ ကီလို၊ အရပ် ၅ပေ ၅ လက်မ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ပွဲပေါင်း ၄၀ မှာ ၃၂ပွဲနိုင်၊ သရေနှစ်ပွဲနဲ့ ရှုံးပွဲခြောက်ပွဲရလဒ်ကို ပိုင်ဆိုင်ထားတဲ့ လက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။

ပထမအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံလုပွဲကြီးမှာ ပြည်ပလက်ဝှေ့ကျော်များကလည်း မြန်မာ့ရိုးရာလက်ဝှေ့နှင့် စိမ်းသူများမဟုတ်သလို အသည်းကောင်းလို့ ပွဲတောင်းလာကြသူများလည်းဖြစ်တာကြောင့် ရိုးရာလက်ဝှေ့ချစ် မြန်မာပရိသတ်များအနေနဲ့ ပွဲကြီးပွဲကောင်းများကို သည်းထိတ်ရင်ဖို ကြည့်ရှုခွင့်ရကြတော့မည် ဖြစ်ပါကြောင်း။ ။



# လျှပ်တစ်ပြက် ဆိုက်ခေါင်

**မြင့်စိုး(နတလ)**

လွန်ခဲ့သည့် ၃၄ နှစ်ခန့်က ရှေ့တန်းအမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်၏ နေမျိုးစည်သူ ကွန်မန်ဒိုတပ်ခွဲတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နှင့် ပတ်ဝန်းကျင်တစ်ခွင်သို့ နယ်မြေရှင်းလင်းရင်း ခြေဆန့်ခဲ့ဖူး၏။ ဟိုပုန်း-ဘန်းယဉ်-ဆီဆိုင်ကားလမ်းပေါ်မှ ဆိုက်ခေါင်ကျေးရွာသို့လည်း မကြာခဏ ရောက်ရှိခဲ့သည်။ တစ်နေ့ထိုရွာ၌ မိမိတပ်စု ညအိပ်အခြေပြုနေစဉ် နံနက် ၂ နာရီအချိန်လောက်မှာ မှောင်ခိုအထမ်းသမား ၁၅ ယောက်ခန့် အထမ်းကိုယ်စီဖြင့် ဝင်ရောက်လာကြရာ ကင်းသမားနှင့်တည့်တည့်တိုးပြီး အားလုံး ဖမ်းမိခဲ့သည်။ သေချာကြည့်လိုက်တော့မှ အထမ်းသမားဟုဆိုသော်ငြား တစ်ပိုင်တစ်နိုင် ထမ်းပိုးသယ်ယူလာကြခြင်းသာ။ သယ်လာတဲ့ပစ္စည်းတွေကလည်း တန်ဖိုးအကြီးဆုံးဆို၍ အပ်ချုပ်စက်ခေါင်းပဲ ဖြစ်ပါလိမ့်မည်။ ကျန်တာတွေက ဟင်းချိုမှုန့်၊ အဝတ်အထည်ပိတ်စများ၊ ဆေးဝါးပစ္စည်းအချို့၊ ဆင်ကြယ်ဖိနပ် စတာတွေပဲဖြစ်သည်။ လူတွေကြည့်လိုက်တော့ ဘောင်းဘီတိုများနှင့်။ အလွန်အေးလှသည့် ဆောင်းရာသီမှာတောင် ချွေးသံတွေက ရွှဲလို့။ မိသားစုဝမ်းရေးအတွက်မို့သာ မြွေမကြောက် ကင်းမကြောက်နှင့် အပင်ပန်းအဆင်းရဲခံ၍ သယ်ယူလာကြခြင်းဖြစ်ပေမည်။

၎င်းတို့ ထွက်လာသည့်ခရီးကို မေးကြည့်လိုက်တော့လည်း မြန်မာ-ထိုင်းနယ်စပ်ကနေ ပွန်ချောင်းအရှေ့ဘက် မိုးနဲ၊ မောက်မယ်၊ လင်းခေးဒေသတွေကို ဖြတ်ပြီး ဆိုက်ခေါင်ရွာသို့ ဝင်ရောက်လာကြခြင်းဖြစ်သည်ဟု ဆို၏။ ဆိုက်ခေါင်မှတစ်ဆင့် သူတို့၏နောက်ဆုံးခရီးက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးအနီးတွင်ရှိနေသော မှောင်ခိုဈေးတန်းလေး(သံဈေး)ဆီသို့ပဲ ဖြစ်ပါလိမ့်မည်။ ခေါ်ယူမေးမြန်းကြည့်လိုက်သောအခါ တစ်ဝက်လောက်က အညာသားတွေဖြစ်နေသည်။ သမုဒ္ဒရာဝမ်းတစ်ထွာ အရေးမို့ ဤမျှဝေးကွာလှသောခရီးကို လာရောက်သွားလာ လုပ်ကိုင်နေကြတာပဲဖြစ်၏။ အဆုံးမတော့ ညအချိန်မှားယွင်းပစ်ခတ်မှုများဖြစ်လျှင် အသက်ဆုံးရှုံးနိုင်သောကြောင့် သတိဝိရိယထား၍ သွားလာကြရန်၊ ဖြစ်နိုင်လျှင် မှောင်ခိုအထမ်းသမားအလုပ်ကို မလုပ်ကြရန် မှာကြားပြီး သူတို့လိုရာခရီးသို့ ဆက်ခွင့်ပြုလိုက်သည်။ ဖမ်းတာတွေဆီးတာတွေ မလုပ်ရက်တော့။ လုပ်လည်းမလုပ်ချင်။

ဒါက ၁၉၈၂ ခုနှစ်၌ ကျွန်တော်စတင်ရောက်ခဲ့ဖူးသော ဆိုက်ခေါင်ကျေးရွာနှင့် ထိုစဉ်က အခြေအနေပဲဖြစ်သည်။ စစ်ဆင်ရေးနယ်မြေဖြစ်သည်။ ဗကပ ရှိသည်။ ဦးတာကလယ်နှင့် စောဖားမူတို့၏ ရလလဖ အဖွဲ့ကလည်း ရှိနေသည်၊ တစ်ခါတစ်ရံ ဗကပနှင့်တွဲနေသော ဦးသန်းစိုးနိုင်တို့၏ ကယန်းပြည်သစ်ပါတီအဖွဲ့က ဝင်ရောက်လာတတ်သေးသည်။ သူ၏အမည်မှာ ထိုစဉ်က သန်းချဟု လူသိများ၏။ သူတို့နှင့်တွဲ၍ပါလာတတ်သူ နောက်တစ်ဦးရှိသေးသည်။ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ပရဟိတကျောင်းတွင် လာရောက်၍ ပညာသင်ယူခဲ့ဖူးသော ဟန်းသလောပဲဖြစ်သည်။ တစ်ခုသော နွေရာသီကျောင်းပိတ်ရက်၌ ၎င်း၏ဇာတိ ဖယ်ခုံဒေသသို့ ပြန်သွားရာက KNPP အဖွဲ့တွင်းသို့ ဝင်ရောက်သွားသူဖြစ်၏။ ကျောက်တစ်လုံးနှင့် ပင်လောင်းဒေသဘက်မှာလည်း အဘဦးအောင်ခမ်းထီတို့ PNO အဖွဲ့ရှိနေသည်။ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလတွင် PNO အဖွဲ့သည်လည်းကောင်း၊ ၁၉၉၄ ခုနှစ် ဇူလိုင်လတွင် ကယန်းပြည်သစ်ပါတီသည်လည်းကောင်း၊ ထိုနှစ်စက်တင်ဘာလတွင် ရလလဖအဖွဲ့သည်လည်းကောင်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသောအခါ ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုန်း၊ မိုးနဲ၊ မောက်မယ်၊ လင်းခေးအစရှိသော ဒေသများအားလုံး တည်ငြိမ်အေးချမ်းမှုရခဲ့သည်။

၁၉၉၆ ခုနှစ်၌ ကျွန်တော်သည် နယ်ဘက်တာဝန်ဖြင့် MTA အဖွဲ့ အကြွင်းမဲ့ လက်နက်စွန့်ခဲ့သော ဟိုမိန်းဒေသသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သောအခါတွင် လွန်ခဲ့သည့် ၁၄ နှစ်ခန့်က ဆိုက်ခေါင်ကျေးရွာတွင် ရေစက်ဆုံခဲ့သော မှောင်ခိုအထမ်းသမားများကို ပြန်လည်သတိရမိသည်။ အကြောင်းမှာ မြန်မာ-ထိုင်းနယ်စပ်ကို ဦးတည်လျက် နှစ်ပေါင်းများစွာအသုံးပြုခဲ့သော နွားမှောင်ခိုလမ်းကြောင်းကြီးအကြောင်းကို ကြားသိခဲ့ရ၍ဖြစ်သည်။ ပြည်မမှ ဟိုရွာဖြတ်၊ သည်ရွာကျော်ဖြင့် မောင်းနှင်လာသောနွားအုပ်ကြီးများသည် သံလွင်အနောက်ခြမ်း မိုးနဲ၊ မောက်မယ်၊ ကဒူးကြီး၊ ကဒူးလေး ဒေသများကိုဖြတ်၍ တာစွတ်တိန်း၊ တာအွန်ပူ ကူးတို့ဆိပ်များသို့လည်းကောင်း၊ ထိုမှ ဟိုမိန်းဒေသမယ်အောကျေးရွာဘက်သို့ ချီတက်ကြကာ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ တစ်ဖက်နိုင်ငံ နယ်စပ်မှာတော့ နွားတွေရောက်လာလျှင်တင်ဖို့ ကားကြီးတွေက အဆင်သင့်၊ လမ်းမလျှောက်ရတော့ဘဲ အဆင့်မြင့်မြင့် လိုက်ပါခွင့်ရသွားသော နွားများ၏ နောက်ဆုံးခရီးမှာကား စည်သွပ်ဘူးစက်ရုံများဆီသို့ ရောက်တဲ့အကောင်ကရောက်၊ လိုအပ်သလို ခုတ်ထစ်ပိုင်းဖြတ်ပြီး နိုင်ငံခြားတိုင်းပြည်များသို့ ရောက်တာတွေကရောက်နှင့် တစ်နှစ်တစ်နှစ်လျှင် နွားအကောင်ရေ သိန်းသောင်းချီကာ ပြုန်းတီးခဲ့ကြသည်မှာ အမှန်ပင်။

နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ တရားဥပဒေစိုးမိုးမှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ အဖိုးတန်ကျွန်းသစ်ရတနာများမှအစ တောင်သူလယ်သမားများအားထားရာ ခိုင်းကျွဲ၊ ခိုင်းနွားများအဆုံး အားလုံးဆုံးရှုံးလျက်ရှိသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ကြားသိခဲ့ရသည်။ ထိုထက် ပို၍ဆိုးသည်မှာ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့်စပ်လျဉ်း၍ မတူညီသော မြေပုံတစ်ချပ်စီကိုင်ကာ သူပိုင်သည်ငါပိုင်သည်ကို ပြတ်ပြတ်သားသား ပြော၍မရတော့သော အခြေအနေများ ကြုံကြိုက်ခဲ့ရခြင်းပင်တည်း။ နယ်မြေ တည်ငြိမ်အေးချမ်းမှုမရှိခြင်းသည် နိုင်ငံတော်အပေါ် ဆိုးကျိုးများစွာသက်ရောက်လာနိုင်ကြောင်းကို ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့သည်။

နှစ်ပေါင်း ၃၄ နှစ်ကြာပြီးမှ တစ်ကျော့ပြန်လည် ရောက်ခွင့်ကြုံခဲ့သော ဆိုက်ခေါင်ကျေးရွာသည် မြို့ငယ်လေးတစ်ခုအသွင်သို့ အားယူရုန်းထလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသဖြင့် ဝမ်းသာကြည်နူးမိ၏။ ယခင်ဆိုက်ခေါင်မဟုတ်တော့၊ ခမ်းနားလှသောဈေး၊ ထည်ဝါလှသော အခြေခံပညာအထက်တန်းကျောင်း၊ သုံးထပ်ဘုန်းတော်ကြီးကျောင်းအပါအဝင် စုစုပေါင်းဘုန်းတော်ကြီးကျောင်း ငါးကျောင်းဖြင့် ထင်လင်းနေသော သာသနာ့ရောင်ဝါ၊ ၂၄ နာရီ မီးလင်းရေးအတွက် သွယ်တန်းထားသော မဟာဓာတ်အားလိုင်း၊ ဆက်သွယ်ရေးလိုင်းသုံးလိုင်းကို အသုံးပြုနေသော တယ်လီဖုန်းသံများ၊ သူ့ကိုဗဟိုပြုလျက် တောင်ဘက်ရှိ ဆီဆိုင်၊ လွိုင်ကော်၊ မြောက်ဘက်ရှိ ဘန်းယဉ်၊ ဟိုပုန်း၊ အနောက်ဘက်ရှိ မွေတော်၊ ကက္ကူမှ တစ်ဆင့် တောင်ကြီး၊ အရှေ့ဘက် မဲနယ်တောင်တန်းပေါ်မှ ရွာကြီး၊ ရွာငယ်များသို့ ခရီးပေါက်နေပြီဖြစ်သော ကားလမ်းအသွယ်သွယ်ကို ပိုင်ဆိုင်လျက် ယခင်နှင့် ဘာမျှမသက်ဆိုင်တော့သည့် ဆိုက်ခေါင်ကျေးရွာ ဖြစ်လို့နေပေပြီ။ ယခုလည်း ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၏။ ပြီးခဲ့သည့် ဇူလိုင်လ ၂၁ ရက်နေ့က ဆေးရုံဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ ဟိုပုန်းမြို့နယ်တွင် ဆေးရုံနှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁ ခု၊ ဆီဆိုင်မြို့နယ်တွင် ဆေးရုံလေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ရှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၆ ခု၊ ပင်လောင်းမြို့နယ်တွင် ဆေးရုံငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ရှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၄ ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိရာ ဆိုက်ခေါင်ဆေးရုံသည် တစ်ခုအပါအဝင် ဖြစ်လာခဲ့သည်။ ဆိုက်ခေါင်စံပြကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ပါလောပါကယ် ကျေးရွာအုပ်စု၊ လွယ်ပွတ်ကျေးရွာအုပ်စု၊ ကုန်းစွတ်ကျေးရွာအုပ်စု စသည်တို့အပြင် ပွန်ချောင်းအရှေ့ဘက်ရှိ မောက်မယ်မြို့နယ်အတွင်းမှ ကျေးရွာများအတွက်ပါ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်မှဦးဆောင်၍ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆေးရုံပင်မဆောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ခွဲစိတ်ခန်း၊ လူနာဆောင်၊ ဝန်ထမ်းအိမ်ရာ၊ ရင်ခွဲရုံ၊ ရေ/မီးနှင့် ခြံစည်းရိုးအစရှိသည်တို့ တည်ဆောက်ပေးနိုင်ခဲ့ပြီး သံဃာဆောင်တစ်ဆောင်ကိုပါ ထည့်သွင်းဆောက်လုပ်နိုင်ခဲ့သည်။ ဆိုက်ခေါင်ဆေးရုံတွင် လူနာများသာမက လူနာစောင့်များအတွက်ပါ နေထိုင်ရန် အဆောင်များ ဆောက်လုပ်ပေးထားသဖြင့် အလွန်အဆင်ပြေလှသည်။

ဆေးရုံဖွင့်ပွဲအခမ်းအနားအပြီးတွင် ဥက္ကဋ္ဌဦးခွန်စံလွင်နှင့်အတူ ဆီဆိုင်မြို့နယ် မိုက်တီးကျေးရွာသို့သွားရောက်ခဲ့ကြပြီး ဘုန်းတော်ကြီးကျောင်းတွင် နယ်မြေခံလူထုနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲအပြီး၌ ဦးခွန်စံလွင် ပြောခဲ့သော စကားတစ်ခွန်းကို သဘောကျစွာမှတ်သားခဲ့ရ၏။ "ကျွန်တော်တို့ ရွာတွေကိုသွားရင် ပအိုဝ်းတိုင်းရင်းသားတွေက ပြောကြတယ်၊ ပအိုဝ်းတိုင်းရင်းသားဝတ်စုံဟာ အနက်ရောင်ဖြစ်သလို ပအိုဝ်းဒေသထဲမှာရှိတဲ့ လမ်းအားလုံးကိုလည်း အနက်ရောင်ဖြစ်စေချင်တယ်တဲ့။ သဘောကတော့ လမ်းတွေကို ကတ္တရာလမ်းအဆင့်ထိ မြှင့်တင်ပေးဖို့ပြောတာပါ" ဟူ၏။

တစ်ဆက်တည်းမှာပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျာမဏီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KFW)တို့ ပူးပေါင်းဆောင်ရွက်နေသော ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်အရ ဖောက်လုပ်လျက်ရှိသည့် ဆိုက်ခေါင်-နမ့်ပေါ်လိတ် ကားလမ်းကို သွားရောက်ကြည့်ရှုခဲ့ကြသည်။ လမ်းအရှည် ၁၅ ဒသမ ၀၅ ကီလိုမီတာရှိပြီး လမ်းအရှည်အသွေးကောင်းမွန်၍ ဒေသခံပအိုဝ်းတိုင်းရင်းသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည့် လမ်းတစ်သွယ်ဖြစ်ကြောင်း တွေ့ရှိရသည်။ KFW ၏အကူအညီဖြင့် တောင်ကြီးမြို့နယ်အတွင်းတွင် တောင်နီ-တောင်လေးလုံးလမ်း(၈ ဒသမ ၃၄ ကီလိုမီတာ)၊ ရွာငံမြို့နယ်အတွင်းတွင် ရွာငံ-နပန်းကြီးလမ်း(၄ ဒသမ ၅၃ ကီလိုမီတာ)တို့ကိုလည်း ဖောက်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ဆိုက်ခေါင်ကျေးရွာမှ ပြန်အထွက်တွင် အနောက်ဘက်မှာ ကျနေက ဝင်လုလုဖြစ်၍နေပေပြီ။ အရှေ့ဘက်ဆီကို လှမ်းမျှော်ကြည့်လိုက်တော့ မဲနယ်တောင်တန်းကြီးပေါ်က ရွာကလေးများကို ဟိုမှာတစ်စု ဒီမှာတစ်စု လှမ်း၍မြင်နေရဆဲ။ ဆယ်စုနှစ်သုံးခုအထိ ဖြတ်သန်းသွားခဲ့ပြီဖြစ်သော တစ်ချိန်က အတိတ်ကာလတွေကို ပြန်၍သတိရမိသည်။ တမ်းတခြင်းမျိုးတော့မဟုတ်။ အဘယ့်ကြောင့်ဆိုသော် တစ်ချိန်က မငြိမ်းချမ်းသောအခြေအနေ၊ အချိန်ကာလ၊ နေရာဒေသများသည် ပြန်၍တမ်းတချင်စရာ၊ လွမ်းမောချင်စရာ မကောင်းသောကြောင့်ပါတည်း။ ။



ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်း



ဆိုက်ခေါင်ကျေးရွာ ပြည်သူ့ဆေးရုံ




**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန်-၂၀၁၄) နှင့် Certificate ရ

ကြော်ငြာခွင့်ပြုချက်အမှတ် တဆေက(စာနယ်ဇင်း) ၀၁၇/၀၃၁၄

**ဖျံ-၅-ကောင်** အမှတ်တံဆိပ် **သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို** တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း။ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၉၄၄

FAME **Nature-A®** Carotenoid complex သဘာဝ ဆေး

TMR 009439 (1014) ၂/၂၀၁၅ ထဆထလ/တိုး(၀၆၅၇)

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Phototec®** Natural antioxidant for eye မျက်စိဆေး

TMR 008234 (1115) ၂/၂၀၁၅ ထဆထလ/တိုး(၀၆၅၇)

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

## CLAIMS DAY NOTICE

## M.V SALZGITTER VOY: NO (8)

Consignees of cargo carried by M.V SALZGITTER VOY:NO(8) are here by notified that the vessel will arrive on about 15-8-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## (ဒဂုံမြို့သစ်)

တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်ဝယ်လိုသည်။

**ဖုန်း-၀၉-၄၃၀၈၃၈၇၉**

## ကလေးထိန်းအလိုရှိသည်

ကလေးအသက် ၁ နှစ် ၃ လ

နေပြည်တော်တွင် နေနိုင်ပြီး အတွေ့အကြုံရှိသူ၊ စနစ်ကျ၊ ကျွမ်းကျင်သူ လူလတ်ပိုင်းဖြစ်ရမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၂၄၃၇၁၃၉၊ ၀၉-၉၆၀၉၄၄၄၂၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မင်းကင်းမြို့နယ်တရားရုံး၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-(၂၀/၁၆)**

| | | |
|---|---|---|
| မသီတာဝင်း ပါ(၃)ဦး | **နှင့်** | ဒေါ်မြသန်း ပါ(၄)ဦး |
| **တရားလိုများ** | | **တရားပြိုင်များ** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့နယ်၊ အနောက်တောရွာ၊ ဘင်အုပ်စု နေထိုင်သူ (ယခုလိပ်စာမသိသူ) မောင်ချစ်ခိုင်သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုလျှောက်ထားစွဲဆိုထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်တရားရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဩဂုတ် ၂၂ ရက် (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သောနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်က ရုံးတော်မှ သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်သို့ ပေးပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဥ္ဇာမြ)**
**မြို့နယ်တရားသူကြီး**
**မင်းကင်းမြို့**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး နယ်တရားမရုံးတော်၌**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၁၄၂၃နှင့် ဆက်သွယ်သည်။**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ် ၁၁၄**

| | | |
|---|---|---|
| ဦးထွန်းလှိုင် | **နှင့်** | ဦးစိုးလှိုင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အမှတ်-၁၉၂၊ ရော(၈)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူ တရားရှုံး ဦးစိုးလှိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။ ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၂၃တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးထွန်းလှိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် စက်တင်ဘာ ၉ရက် (၁၃၇၈ ခုနှစ်တော်သလင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ ခုနှစ် ဩဂုတ် ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သောင်းရွှေ)**
**ဒုတိယခရိုင်တရားသူကြီး (၁၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၆၈၅၀၂ Kenbo 125 မော်တော်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးသိန်းငွေ ၈/ပခက(နိုင်)၀၇၁၂၆၄ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၅၅၃၉၁ Honda Dream 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောသန်းရွှေ ၆/မအရ(နိုင်)၀၉၈၄၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက် ၅၃၂၊ ၃၇ လမ်း၊ ၈၂လမ်းထောင့်၊ ဦးပိုင်အမှတ် (၁၆-က+၁၆-ခ)အကျယ်ပေ (၃၆×၃၆) ပေါ်တွင် မြေပိုင်ရှင်ဖြစ်သော သီဂီရတနာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်နှင့် မင်းရာဇာအောင် ဆောက်လုပ်ရေးသမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းပြီး အာရ်စီ လေးထပ်နှစ်ခန်းတွဲ အဆောက်အအုံကို ၂၂-၁၀-၂၀၁၅ရက်တွင် စာချုပ်ချုပ်ဆိုပြီး စတင်ဆောင်ရွက်လုပ်ခဲ့ကြပါသည်။

၎င်းအာရ်စီ လေးထပ်၊ နှစ်ခန်းတွဲအား စတင်ဆောက်လုပ်စဉ်မှ ပြီးဆုံးချိန်အထိ မင်းရာဇာအောင် ဆောက်လုပ်ရေးသမဝါယမအသင်း၏ အကျိုးခံစားခွင့်ရှိသော အခန်းများအား ကြိုပွင့်စနစ်အဖြစ်လည်းကောင်း၊ အပြီးအပိုင်ရောင်းချခြင်းဖြင့်သော်လည်းကောင်း၊ ရောင်းချမည်ဆိုပါ က မြေပိုင်ရှင်ဖြစ်သော သီဂီရတနာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်အဖွဲ့၏ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့မှ တာဝန်ရှိသူများအား အသိသက်သေ လက်မှတ်ရေးထိုးခြင်းမပါဘဲ ရောင်းခြင်း၊ ဝယ်ခြင်းများအား တရားဝင်အသိအမှတ်ပြုပေးမည်မဟုတ်ကြောင်းနှင့် ဖြစ်ပေါ်လာသောပြဿနာများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**
**သီဂီရတနာသမဝါယမအသင်းလီမိတက်**
**ရတနာဘုမ္မိအရှေ့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ် (တိုးချဲ့/စက်မှုဇုန်)၊ ဦးပိုင်အမှတ် ၄၈လမ်း-၃/၅၊ ဧရိယာ ၀ဒသမ ၂၂၀ဧကရှိမြေသည် ဦးထွန်းရွှေ အမည်ဖြင့် မြို့မြေအမှုတွဲအမှတ် ၂၃၁/၁၉၉၈အရ(၆-၁၀-၉၈)မှ(၅-၁၀-၂၀၂၈) အထိ နှစ်၃၀မြေငှားစာချုပ်ရရှိထားကြောင်း ၎င်းမြေငှားစာချုပ်သည် ပျောက်ဆုံးနေသဖြင့် မုံရွာမြို့ အမှတ်(၂) ရဲစခန်းတွင် အကြောင်းကြားထားကြောင်း၊ ဦးထွန်းရွှေမှာ ၁၉-၄-၂၀၀၉ ရက်တွင် ကွယ်လွန်သွားသဖြင့် ဝယ်ယူထားရှိသူမှာ ဦးကျော်ရင်မှ ဂရန်မိတ္တူထပ်မံထုတ်ပေးနိုင်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဦးထွန်းရွှေသေဆုံးကြောင်း သေစာရင်းနှင့်ပုံစံ (၆/၆၆) မိတ္တူ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်တို့နှင့်အတူလျှောက်ထားလာရာ ပျောက်ဆုံးမြေငှား စာချုပ်အား လက်ဝယ်ကိုင်ဆောင်ထားရှိသည့် ပုဂ္ဂိုလ်များရှိပါက ဤရုံးသို့ လာရောက်အပ်နှံရန်နှင့် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူ့ကိုမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ပြည့်မြောက်သည့်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီပျောက်ဆုံးသည့် မူလထုတ်ပေးခဲ့သော မြေငှားစာချုပ်(၂၃၁/၁၉၉၈)အား သက်ဆိုင်ရာမှတ်ပုံတင်စာရင်းမှပယ်ဖျက်ပြီး မြေငှားစာချုပ် မိတ္တူထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွေ်ာအရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

သရက်ချောင်းမြို့နယ်၊ အထက ညောင်ဇင် ပဥ္စတန်းမှ မောင်သူရိန်လွင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစန်းလွင် ဖြစ်ပါကြောင်း။

**ဦးစန်းလွင်**
**၆/ထဝန(နိုင်)၀၆၅၃၁၆**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၆) အုန်းတောကျောင်း တတိယတန်း(B)မှ မကြယ်စင်ဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးထွန်းဝင်းထွန်း ၆/ထဝန(နိုင်)၁၂၅၄၉၈ ဖြစ်ပါကြောင်း။

**ဦးထွန်းဝင်းထွန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (SK-126)၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဦးချိုချို အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်ငြိမ့်ငြိမ့်သူ ၁၂/မဂဒ(နိုင်)၀၉၆၃၁၃ (ဘ)ဦးသိန်းဦးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၃၀၉၅၂၊ ဧရိယာ ၀ ဒသမ ၂၀၉ ဧကရှိ ဦးမြင့်သိန်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးအောင်သန်း ၉/ပမန(နိုင်)၀၆၁၅၆၀ (ဘ) ဦးကျော်မြမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကလိန်အောင်မြို့၊ ဇင်းဘားကျေးရွာနေ စတုတ္ထနှစ် အဝေးသင်ဓာတုဗေဒ အဓိကဖြင့် ပညာသင်ကြားနေသော နော်ဆဲဂေးနှင့် နော်ဆေးဂေး ၆/ကလအ(နိုင်)၀၀၄၅၆၄ နှင့် ဖခင်ဦးဖိုးပျော့နှင့် စောဖိုးပြော ၆/ရဖန(နိုင်)၀၁၈၁၉၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**နော်ဆဲဂေး(ခ)နော်ဆေးဂေး**
**ဦးဖိုးပျော့(ခ)စောဖိုးပြော**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီး အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဘိုဘိုလွင်၏ ဖခင်အမည်မှန်မှာ ဦးလွင် ၅/ဒပယ (နိုင်) ၀၂၇၀၆၁ ဖြစ်ပါကြောင်း။ **ဦးလွင်**

**အမည်မှန်**

ဦးမြင့်၏သား မြင်းမူမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်သူရိဏ်ထွန်း၏ အမည်မှန်မှာ မောင်သူရိဏ်ထွဏ်း ၅/မမတ(နိုင်) ၁၁၀၆၂၂ ဖြစ်ပါကြောင်း။ **မောင်သူရိဏ်ထွဏ်း**

**အမည်မှန်**

ယင်းမာပင်မြို့နယ်၊ ပသီးကုန်းကျေးရွာနေ ဦးဇော်လင်း၏သား စတုတ္ထနှစ် (မြန်မာစာ၊ မုံရွာ)မှ မောင်အောင်ကျော်ကျော်၏ အမည်မှန်မှာ မောင်ကျော်ကျော် ၅/ယမပ (နိုင်)၀၈၉၉၅၆ ဖြစ်ပါကြောင်း။ **မောင်ကျော်ကျော်**

**ဖခင်အမည်မှန်**

ယင်းမာပင်မြို့နယ်၊ တမာပင်ခွကျောင်း၊ အဋ္ဌမတန်း (A)မှ မောင်သန့်ဇင်စိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိုး ၅/ယမပ(နိုင်)၀၂၄၆၇၃ ဖြစ်ပါကြောင်း။
**ဦးခင်မောင်စိုး ၅/ယမပ(နိုင်)၀၂၄၆၇၃**

## MPAN Seminar ဖိတ်ကြားလွှာ

ရန်ကုန်စီးပွားရေးတက္ကသိုလ် Master of Public Administration (MPA) ဘွဲ့ရများနှင့် MPA သင်တန်းသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော မြန်မာနိုင်ငံပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း (MPAN)မှ ကြီးမှူးကျင်းပသော Seminar for Public Administration ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ကို စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဟောပြောကြမည့်ပုဂ္ဂိုလ်များ**

(က) ဆရာကြီးဒေါက်တာအောင်ထွန်းသက်
Topic: Professionalism and ethics in public services

(ခ) Prof: Dr. Pan Suk KIM
Topic: Appropriate Governance, Appropriate Health, and Appropriate Technology for Our Life

**အစီအစဉ်**

**ကျင်းပမည့်ရက်** - ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက်
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၂း၀၀ နာရီ
**ကျင်းပမည့်နေရာ** - Gandamar Ballroom, Gandamar Wholesale
**ဆက်သွယ်ရန်** - ဦးမျိုးအေး ဖုန်း-၀၉-၇၈၇၈၂၈၀၈၄၊ ဦးကျော်သန်းဦး ဖုန်း-၀၉-၉၇၁၀၀၅၂၀၀
E-mail-myanmar.mpan@gmail.com

**မြန်မာနိုင်ငံပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း (MPAN)**

## MPAN Dinner ဖိတ်ကြားလွှာ

ရန်ကုန်စီးပွားရေးတက္ကသိုလ် Master of Public Administration (MPA) ဘွဲ့ရများနှင့် MPA သင်တန်းသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော မြန်မာနိုင်ငံပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း (MPAN) မှ ကြီးမှူးကျင်းပသော 6th Annual Gathering Dinner ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အစီအစဉ်**

**ကျင်းပမည့်ရက်** - ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက်
**ကျင်းပမည့်အချိန်** - ညနေ ၆း၀၀ နာရီမှ ည ၉း၀၀ နာရီထိ
**ကျင်းပမည့်နေရာ** - Gandamar Ballroom, Gandamar Wholesale
**ဆက်သွယ်ရန်** - ဒေါ်သွေးသွေးမောင် ဖုန်း-၀၉-၅၁၈၄၀၀၄၊
ဒေါ်ဝေဝေသင်း ဖုန်း-၀၉-၇၉၇၀၀၅၀၀၂
E-mail-mathway@gmail.com, waithin.wai@gmail.com

**မြန်မာနိုင်ငံပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း (MPAN)**




**How To Start Your Profitable Small Business FOR ENTREPRENEUR Start-UP**

Business မလုပ်ဖူးသော Professional သက်မွေးဝမ်းကျောင်းပညာရှင် နှင့် နိုင်ငံခြားပြန်များ၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ရန် သင်တန်းပေါင်းစုံ အချိန်ပေး မတက်နိုင်သူ များအတွက် -

- Business Owner's Mindset
- ဘာကြောင့်လုပ်ငန်းကြီးတွေလုပ်သလို သင်လိုက်မလုပ်သင့်သလဲ?
- သီးသန့်ဈေးကွက်သစ် (Niche) ရှာဖွေနည်း
- Niche Market အတွက် Product & Service
- Right Action and Right Marketing for Niche
- 21-Aug (Sunday)Workshop Limited Seat Only

(9:00 am) to (5:00 pm) at Sedona Hotel
FEES; Ks. 150,000/
Call Now : 09 7766 225 47
: Merryco Co.,Ltd
Merryco Co.,Ltd

**Bakery**

**"မုန့်"လုပ်ငန်းအတွက် ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်။**

နေ၊ စား-ငြိမ်း ကျား(၃)ဦး
**ဖုန်း-၀၉-၇၃၀၃၆၃၃၀**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(B)မှ မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်းအောင် ၅/ဆလက(နိုင်) ၀၄၀၃၉၉ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ အထက တက္ကသိုလ်ဝင်တန်း(B)မှ မဇူးဇူးဇင်၏ ဖခင်အမည်မှန်မှာ ဦးထွေးနိုင်ဦး ၅/စကန(နိုင်)၁၇၆၀၃၁ ဖြစ်ပါသည်။ **ဦးထွေးနိုင်ဦး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြေပုံမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄၄**

ဒေါ်ခင်ဆန်းရီ **နှင့်** ဦးဝင်းဇော်သန်း
**တရားလို** **တရားပြိုင်**

ဦးဝင်းဇော်သန်း မလန်းကျေးရွာ၊ လုံးခင်းကျေးရွာအုပ်စု၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကွာရှင်းပြတ်စဲပေးစေလိုမှုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက် (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေလွှာတင်သွင်းလိုပါက အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(သိန်းမောင်)**
**မြို့နယ်တရားသူကြီး**
**မြေပုံမြို့နယ်တရားရုံး**

**ဖခင်အမည်မှန်**

ချောင်းဦးမြို့ အထက တက္ကသိုလ်ဝင်တန်း (B)မှ မစန်းစန်းဖြိုးနှင့် ငါးယုန်ကျေးရွာ အလက ပဉ္စမတန်းမှ မမြင့်မြတ်မိုး၏ ဖခင်အမည်မှန်မှာ ဦးညိုဝင်း ၅/ခဉတ(နိုင်) ၀၁၁၂၀၃ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ မိတ္ထီလာ မူလတန်းလွန်ကျောင်း ပဉ္စမတန်းမှ အထက်နှင်းစံ၏ ဖခင်အမည်မှန်မှာ ဦးမောင်ငယ် ၉/ရမသ(နိုင်) ၀၃၆၄၅၈ ဖြစ်ပါကြောင်း။
**ဦးမောင်ငယ်**

**အမည်ပြောင်း**

ဦးသိန်းရွှေ ၁၂/သခန(နိုင်)၀၁၅၃၀၈ ၏ သားဖြစ်သူ သဃ်န်းကျွန်းမြို့နယ်၊ အမှေ့အိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်နိုင်မင်းထက် ၁၂/ခရန(နိုင်) ၁၃၂၉၈၆ အား မောင်နိုင်မင်းထက်အောင်ဟု ယနေ့မှစ၍ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်နိုင်မင်းထက်အောင်**

**ပျောက်ဆုံးကြောင်း**

ဦးကိုကိုမောင် (၁၂/ဗတထ(နိုင်)၀၀၄၁၃၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 111588) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၇၇၇၁၃၅၄၂၃






## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၇ယ/၃၃၄၀၆ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းစိုး ၇/ဖမန(နိုင်)၁၇၃၇၄၀(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၁၉၃၄၃ ဟွန်ဒါဝေ့ဖ် 110ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်အောင် ၁၀/သဖရ(နိုင်)၀၂၉၁၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၈ယ/၈၅၃၄၄ Honda Click NC 110 BK ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထက် ၉/မလန(နိုင်)၁၃၃၁၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၃၇ယ/၇၆၉၄၇ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းယုံ ၁၃/ကတန(နိုင်)၀၁၆၅၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ယ/၇၉၅၇၈Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီယို ၁၃/ကတန(နိုင်)၀၆၃၀၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၆ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၈၉

| | | |
|---|---|---|
| ဦးသန်းထွန်း (၄င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်မြမြသင်း) | နှင့် | ဦးရွှေဝင်း (၄င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်ဖြူဖြူဝင်း)ပါ ၉ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

၇။ ဒေါ်တင်စန်း၊ လက်ကောင်း၊ ဗန်းတင်ရွာ၊ ပုသိမ်ကြီးမြို့နယ်(ယခုနေရပ်လိပ်စာမသိ)၊ (၈)မောင်မြင့်စန်း၊ နဘူးအိုင်ကျေးရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးသန်းထွန်း (၄င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်မြမြသင်း)က ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၏မကြီး ၁၄၃/၂၀၁၅ (၂၂-၁-၂၀၁၆)ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၅ ရက် (၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် G/9187 Hino BM 300 Bus (4x2)®ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးတင် ၁၂/မရက(နိုင်)၀၅၄၁၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာ၊ ကွင်းအမှတ် (၁၉၉၀)၊ ချောင်းသာအကွက်၊ ဦးပိုင်အမှတ် (က)၊ ဧရိယာ ၂ဒသမ၀၀ဧကရှိ မြေအား ချောင်းသာရဲစခန်း အသုံးပြုမြေအား မြေနေရာချထားမိန့် ထုတ်ပေးပါရန် ချောင်းသာ နယ်မြေရဲစခန်းမှူး၏ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

## ပျောက်ဆုံးကြောင်း

SHWE PWINT SAN Co.,Ltd. အမည်ဖြင့် ထုတ်/သွင်းကုန်လိုင်စင် ILV 16-17 0723 (17-6-16) ID No 139984 (4-7-16) I LV 16-17 0723 (17-6-16) ID No 139177 (30-6-16) မူရင်းစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂သို့ ဆက်သွယ်ပါရန်။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် အထက၊ အမြင့်ကျေးရွာ နဝမတန်း (D)မှ မနှင်းဆီချို၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၅/ခဥတ(နိုင်)၀၃၁၄၈၄ဖြစ်ပါသည်။**ဦးဝင်းနိုင်**

## ဖခင်အမည်မှန်

ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်ချစ်ဝိုင်းနှင့် မွန်ချိုကျေးရွာ အထက(ခွဲ) ပဉ္စမတန်းမှ မနှင်းနုတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်ဝင်း ၅/ခဥတ(နိုင်)၀၇၀၃၇၄ဖြစ်ပါသည်။ **ဦးထွန်းနိုင်ဝင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျီးကုန်းကျေးရွာ အထက(ခွဲ) နဝမတန်းမှ မရွှေဇင်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်မောင် ၅/ခဥတ(နိုင်)၀၂၇၇၀၉ဖြစ်ပါသည်။
**ဦးမြင့်မောင်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အလက ငါးယုန်ကျေးရွာ ပဉ္စမတန်းမှ မမိုးမြင့်ခင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်လွင် ၅/ခဥတ(နိုင်)၁၀၁၈၆၈ဖြစ်ပါသည်။ **ဦးညွန့်လွင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဒေါပုံမြို့နယ်တရားမရုံး၌
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄

| | | |
|---|---|---|
| ဦးမြင့်ခိုင်စိုး(လ/ထညွှန်ကြားရေးမှူး) (ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ပေးအပ်ခြင်းခံရသူ) ခ/၁၊ အရာရှိအိမ်ရာ၊ ဒေါပုံသင်္ဘောကျင်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | နှင့် | ဦးကြည်သာလင်း အမှတ်၂၅၈၊ ဖလွှာ၊ ဘယ်ခြမ်း၊ ကျိုက္ကဆံလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ ဖလွှာ၊ ဘယ်ခြမ်း၊ အမှတ် ၂၅၈နေ ဦးကြည်သာလင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သဲလှေအမှတ် ၁၄၊ (အက်စ်-၁၄)တည်ဆောက်ခြင်း လွှန်းပေါ်နေခကြွေးကျန် ၇၁၃၇၀၀၀/-(ကျပ်သိန်းခုနစ်ဆယ့်တစ်သိန်းသုံးသောင်းခုနစ်ထောင်) တိတိနှင့် ဥပဒေအရခွင့်ပြုသည့် နစ်နာကြေးငွေရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်း၏အမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၉ ရက် (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏တရားစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက် ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သောရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သက်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မာဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒေါပုံမြို့နယ်တရားရုံး**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့်
## အကြောင်းကြားစာ
### တရားမကျင့်ထုံးကိုဓ ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၆ခုနှစ် တရားမ အထွေထွေအယူခံမှု -၃၁

| | | |
|---|---|---|
| ဒေါ်ရန်ရွှေချင် | နှင့် | ဦးလမင်းထွန်း (ပါ-၃) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၁၆ခုနှစ် ဧပြီ ၂၂ရက်စွဲပါ မန္တလေးခရိုင်နယ်တရားရုံးတော်မှ ဇာရီမှု ၃၁/၂၀၁၃ကို အယူခံမှု။

အယူခံတရားပြိုင် ၂။ ဦးမောင်မောင်လေး(ခ)ဦးဇော်ဇော်

အယူခံတရားပြိုင် ၃။ ဒေါ်နန်းသန်းသန်းကြူ (အတူနေလင်မယား) (ဏ-၆/၄၄)၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင်တရားရုံးက ချမှတ်ပေးသည့် ဒီကရီကို ဒေါ်ရန်ရွှေချင်က အယူခံရာ ဤရုံးတွင်မှတ်ပုံစာရင်းတင်သွင်းပြီး၊ ထိုအယူခံမှုကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ရက်(၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်)တွင် ဆိုင်ရန် ဤရုံးကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာမရောက် ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင်သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၂၂၉၄၇ Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းညွန့် ၆/ကသန(နိုင်)၀၂၂၄၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ယ/၄၅၂၄ Yinxiang-110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင်စိုး ၈/မဘန(နိုင် ၁၁၈၈၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ယ/၈၃၂၅၉ Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာမြင့် ၈/တတက(နိုင်)၀၁၀၁၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဟ/၄၅၆၆ ရွှေသမင် GBS-02၊ သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးဌေးလွင် ၈/မကန(နိုင်)၁၃၃၀၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
**ကညန၊ တိုင်းရုံး (မကွေး)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တာကြီးရပ်ကွက်၊ တွံတေးဒလ လမ်းမကြီး၊ ကျေးရွာအမည် (သပြေကုန်း)၊ ကွင်းအမှတ်(၁၈၄)၊ ကွင်းအမည် (ခနောင်တိုဆိပ်ကြီး)၊ ဦးပိုင်အမှတ်(No/2)၊မြေအမျိုးအစား စ-၁ မြေအမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်နိုင် မြေဧရိယာ ၁ ဒသမ ၄၃ ဧကအနက်မှ မျက်နှာစာပေ(၄၀)×ရှေ့နောက်(၁၂၀)ပေရှိသော မြေကွက်ကို ရောင်းချရန် အဆိုပြုလာပါ၍ ကျွန်တော်မှဝယ်ယူရာတွင် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆိုပိုင်ရေးဆိုင်ခွင့်ရှိခဲ့ပါက ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိခဲ့ပါက အရောင်းအဝယ်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးစိုင်းရှန်**

**ဖုန်း-၀၉-၄၂၀၀၂၇၁၁၃**

### အမည်မှန်

ဘားအံမြို့နယ်၊ နော်ရကုန်းကျေးရွာနေ ဦးစောချင်းသာ၏သမီး နန်းလှိုင်ဦး၏ အမည်မှန်မှာ နန်းသင်းရန့်လှိုင်ဦး ဖြစ်ပါကြောင်း။

**နန်းသင်းရန့်လှိုင်ဦး**

### ဦးချူဝမ်
### အထကကျောင်းအုပ်(ငြိမ်း)
### ဥက္ကံ
### အသက်(၈၁)နှစ်

(ဦးထွန်း-ဒေါ်ကျင်မှုံ)တို့၏သား၊ (ဦးဘဝင်း-ဒေါ်တင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သမ္ဗာဒိဋ္ဌိလမ်း၊ အမှတ် ၄၆၊ ပထမထပ်နေ (ဒေါ်ခင်ခင်)၏ ခင်ပွန်း၊ ဒေါက်တာသန့်ဇင်(USA)-ဒေါက်တာစုစုလင်း(USA)၊ ဒေါ်သင်းသင်းအေး(မသီဂီ)၊ ဦးမြင့်စိုး-ဒေါ်ခင်မေသန်းတို့၏ ချစ်လှစွာသောဖခင်၊ မအင်ကြင်းခိုင် (အထက-၁၊ ဒဂုံ)၏ အဘိုးသည် ၁၁-၈-၂၀၁၆ရက် ည ၁၁း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ရဟန်းအမကြီး
### ဒေါ်ရီ
### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ အမှတ် ၁၂၁၁ (ပ)ထပ်၊ ခေါင်းရင်းခန်းနေ ဦးမြထွန်း၏ဇနီး၊ ဒေါ်တင်တင်ဦး၊ ဦးဝင်းမြင့်-ဒေါ်စန်းတင့် (အလက-၂၊ တာမွေ)၊ ဦးအောင်လင်း (ပြည်တွင်းအခွန်ဦးစီးဌာန)တို့၏မိခင်၊ မောင်သုတ၏ အဘွားသည် ၁၁-၈-၂၀၁၆ရက် ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၃-၈-၂၀၁၆ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကား များ ညနေ ၃နာရီတွင် ထွက်ခွာမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဝင်းမောင် အသက်(၅၃)နှစ်
### ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ပဲခင်းကျော်အုပ်စု၊ တမာကုန်းရွာနေ ဦးချို-ဒေါ်ဒေါင်းကြည်တို့၏သား၊ ဦးအုန်းခိုင်-ဒေါ်တင်မြင့်တို့၏သားသမက်၊ ဒေါ်အိကလျာခိုင်(ကျောင်းအုပ်ကြီး)(စည်ပင်အမက-မကွေး)၏ခင်ပွန်း၊ မောင်ဘုန်းပြည့်မောင်မောင်ချို၏ဖခင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမောင် အသက်(၅၃)နှစ်သည် ၁၁-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှထွန်းနှင့် ဇနီး ဒေါ်နီလာညွန့်**
**ဒုတိယအမြဲတမ်းအတွင်းဝန်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာ ဝင်းမောင် အသက်(၅၃)နှစ်
### B.V.S(1984-1991) ညွှန်ကြားရေးမှူး
### မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မကွေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ ဝင်းမောင်သည် ၁၁-၈-၂၀၁၆ရက် ည ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်အိ (ခနုဖြူ)
### အသက် (၉၇)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးဖေကြိုင်(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူး၊အကောက်ခွန်ဦးစီးဌာန-ဒေါ်ကြူကြူဆိုင်တို့၏မိခင် ဒေါ်တင်အိ အသက် (၉၇)နှစ်သည် ၄-၈-၂၀၁၆ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၂၈)မှ သူငယ်ချင်းမိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ခင်နု (ပျဉ်းမနား)
### အသက် (၈၆)နှစ်

ဒေါ်နေခြည်မင်းလွင် (ဒါရိုက်တာ-နေနန်းသုခဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၏ အဘွား ဒေါ်ခင်နုသည် ၁၁-၈-၂၀၁၆ရက်တွင် ရွှေဂုံတိုင်(SSC)အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဖေယျာညွန့်နှင့်ဇနီး သုခမ္မသီဂီဒေါ်အိသန္တာဘို**
**ဒါရိုက်တာအဖွဲ့ဝင် (အသေးစားနှင့် အလတ်စား၊ စက်မှုလုပ်ငန်း၊ ဖွံ့ဖြိုးရေးဘဏ်) (ရွှေကင်းသာ စက်သုံးဆီလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချရေး**
MD, Asia Luxury Group Co., Ltd)

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါက်တာမြမြဝေ
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန
### အသက်(၇၀)

ဒုတိယဗိုလ်မှူးကြီးညီဖြူ(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါက်တာမြမြဝေ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာနသည် ၁၁-၈-၂၀၁၆ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဆေးသိပ္ပံပညာဦးစီးဌာနဝန်ထမ်းများမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာ ဝင်းမောင် အသက်(၅၃)နှစ်
### B.V.S(1984-1991) ညွှန်ကြားရေးမှူး
### မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မကွေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ ဝင်းမောင်သည် ၁၁-၈-၂၀၁၆ရက် ည ၉း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ချင်းပြည်နယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တနန္ဒိယမထေရ်မြတ်
### သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၅၉)ဝါ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ငါးစိုတိုက်၊ ငြိမ်းချမ်းရေးကျောင်းဆရာတော်သည် (၁၃၇၈ခုနှစ် ဝါခေါင်လဆန်း ၈ရက်)၁၁-၈-၂၀၁၆ရက် နံနက် ၉း၃၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၁၂ရက်)၁၅-၈-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကိုပင့်ဆောင်၍ တောင်အင်းမြောက်အင်းသုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီနှင့်**
**ဒါယကာ၊ ဒါယိကာမများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ပြုံးကြည် (ခနုဖြူ)
### ကျောင်းဆရာမ(ငြိမ်း)၊ အထက-၅၊ အလုံ၊ ဗိုလ်ထထောင်
### အသက်(၇၅)နှစ်

ခနုဖြူမြို့နယ်နေ (ဦးထွန်းခင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း (အောက်ဘလောက်)၊ အမှတ် ၃၄/၃၆ ဘီ၊ လေးလွှာနေ (ဦးစိန်မင်း)၏ဇနီး၊ (ဒုဗိုလ်မှူးကြီးတင်ထွဋ်)-ဒေါ်ချယ်ရီတို့၏ ညီမ၊ ဒေါ်အုန်းအုန်း၊ ဦးမြင့်သန်း-ဒေါ်သီတာအောင်၊ ဒေါက်တာမြင့်ဦး-ဒေါ်ပြုံးပြုံးကြည်(ဝင်းဆေးကုခန်း)၊ (ဦးသန်း ဦး)၊ ဦးဟန်ညွန့်-(ဒေါ်သွယ်သွယ်ဦး)၊ (ဦးရဲထွဋ်)-ဒေါ်ခင်ကလျာ၊ ဦးဇော်မြတ်မင်းတို့၏အစ်မ၊ ဦးဗိုလ်အေးမြင့်-ဒေါ်ခင်ထားမင်း(မိုးမိုး)(မြင့်သရဖူ စိန်ရတနာဆိုင်)၊ ဦးကျော်ထူးမင်း(ထူးထူး)၊ ဦးသက်နိုင်မင်း(နိုင်နိုင်)၊ ဦးနေအောင်-ဒေါ်ဖြိုးဆုမင်းတို့၏ မိခင်၊ ဗိုလ်ဖြိုးသူ၊ မြမိုးသူ၊ ဆုမြတ်သူတို့၏အဘွားသည် ၁၁-၈-၂၀၁၆ရက် (ကြာသပတေးနေ့) စင်ကာပူနိုင်ငံဒေသစံတော်ချိန် ညနေ ၈း၃၆နာရီတွင် Singapore General Hospital ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီ တွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နီနီရှိန် (ဟင်္သာတမြို့)
### 82-AGTI (Civil) ပြည်ကျောင်းသူဟောင်း
### အသက် (၅၇)နှစ်

ဟင်္သာတမြို့နေ ဒေါ်နီနီရှိန် (ပြည် A.G.T.I 1982) (Civil) သည် ၁၀-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည် A.G.T.I 1982 (Civil)မှ သူငယ်ချင်းများ**

# တစ်နှစ်ပြည့်လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

၁၄-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့သော Win & San စိန်တိုက်ပိုင်ရှင် ဘုရား၊ သိမ်၊ ကျောင်း၊ ပတ္တမြားရိပ်သာအလှူရှင် ကိုဝင်းနိုင်အားရည်စူး၍ မိခင်ကြီး သီရိသုဓမ္မသီဂီ ဒေါ်တင်မြင့်နှင့်မိသားစုတို့မှ နေ့စဉ်လစဉ် ကုသိုလ်ကောင်းမှုအဖို့အစုစုတို့ကို စဉ်ဆက်မပြတ် ကြိုးစားအားထုတ် ပြုလုပ်လှူဒါန်းအမျှပေးဝေခဲ့ကြပါသည်။

ထို့အပြင် ကိုဝင်းနိုင်ကိုယ်တိုင် သက်ရှိထင်ရှားရှိစဉ်က လှူဒါန်းထားခဲ့သော ပြင်ဦးလွင်မြို့၊ ကျင်ဂနိုင်ကျေးရွာ မိုးကုတ်ဝိပဿနာရိပ်သာခွဲ ပတ္တမြားကျောင်းမြေပေါ်တွင် မောင်ဖြစ်သူ ကိုဝင်းနိုင်၏ဆန္ဒအရ အစ်မ ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာဝေဝေမိသားစုတို့မှ Diamond Land နှစ်ထပ်ဆွမ်းစားဆောင်ကိုလည်း ၁၄-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကျောင်းလွှတ်ပူဇော်ပြုလုပ်၍ လှူဒါန်းရေစက်ချအမျှပေးဝေကြပါသည်။

ဤကဲ့သို့ ကျန်ရစ်သူမိသားစုအားလုံးတို့၏ ကြိုးစားပြုလုပ်အားထုတ်ခဲ့ကြသော ကုသိုလ်ကောင်းမှုအဖို့အစုစုတို့ကို ကိုဝင်းနိုင် ရောက်ရာဘုံဘဝမှ ကြားနိုင် သိနိုင် မြင်နိုင်၍ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပြီး တစ်ဆင့်ထက်တစ်ဆင့်မြင့်မြတ်သောဘုံဘဝမှ နိဗ္ဗာန်တိုင်အောင် တက်လှမ်းနိုင်ပါစေ။

**မိခင်ကြီးသီရိသုဓမ္မသီဂီဒေါ်တင်မြင့်**
**ဦးအေးမောင်-ဒေါ်နီနီ(စိန်စပွါယ်ဖူးစိန်တိုက်၊ မန္တလေး)**
**သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာထွန်းထွန်းဦး-သီဟသုဓမ္မသီဂီဒေါ်မာမာ**
**(Jewel Rock, Gems & Diamond စိန်ရတနာရောင်းဝယ်ရေး၊ ရန်ကုန်)**
**ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာဝေဝေမိသားစု**
**(Diamond Land စိန်အရောင်းပြခန်း၊ ရန်ကုန်)**
**ဒေါ်မိုးမိုး(မဘုတ်)စိန်ကမ္ဘာစိန်ရတနာရောင်းဝယ်ရေး၊ မန္တလေး**


# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဝက်သက်ရောဂါအား ကွင်းဆင်းကုသထိန်းချုပ်နိုင်ပြီးနောက် ကျန်းမာရေးနှင့် အာဟာရမြှင့်တင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေ

**နေပြည်တော် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကာရော်နောက်ညို ကျေးလက်ကျန်းမာရေးဌာန၊ ထန်ခေါ်လာမားကျေးရွာ၌ဖြစ်ပွားခဲ့သည့် ဝက်သက်ရောဂါ ကွင်းဆင်းကုသထိန်းချုပ်နိုင်ပြီဖြစ်ကြောင်းသိရှိရပြီး ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရမြှင့်တင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသည့်အပြင် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များလည်း စေလွှတ်သွားမည့်အကြောင်း ကိုယ်တိုင်ကွင်းဆင်း သွားရောက်ဆောင်ရွက်ခဲ့သည့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးလွင်ငြိမ်း(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန)က ပြောသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းဦးစီးသည့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကူးစက်ရောဂါကုဆရာဝန်ကြီးများနှင့် Rapid Response Team ကုသရေးအဖွဲ့သည် အနောက်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် သန်းလှိုင်နှင့် တပ်မတော်ဆေးအရာရှိများ၏အကူအညီဖြင့် သွားလာရေးခက်ခဲသော ကူးစက်ရောဂါဖြစ်ပွားရာ လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာနှင့် အနီးဝန်းကျင်များသို့ လေယာဉ်စင်းလုံးဖြင့် လည်းကောင်း၊ ဒေသဆိုင်ကယ် ကယ်ရီများဖြင့်လည်း ကောင်း ပြီးခဲ့သည့် အပတ်ကသွားရောက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြ သည်။ ထိုသို့ဆောင်ရွက်ရာတွင် Containment Zone

စာမျက်နှာ ၅ ကော်လံ ၁ ✻




ကူးစက်ရောဂါဝင်ရောက်ပျံ့နှံ့မှုနှင့် ရောဂါထိန်းချုပ်ရေးနည်းဗျူဟာများ

## ရေဝတီ၊ ဝေန်နှင့် တိုးမြစ်တို့၏ စိုးရိမ်ရေမှတ်တည်ရှိမှု

**နေပြည်တော် ဩဂုတ် ၁၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ ဧရာဝတီ မြစ်ရေသည် ဟင်္သာတမြို့တွင် ပေဝက်ခန့်နှင့် ဇလွန်မြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

# နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံဝင်းအတွင်း တိုးချဲ့ဆောင်ဆောက်လုပ်ရေးလုပ်ငန်းခွင် ငါးထပ်အလွှာ ကွန်ကရစ်ကြမ်းခင်းလောင်းစဉ် ပြိုကျ၍ တစ်ဦးသေဆုံး



**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရပ်ကွက် ဗညားဒလ လမ်းပေါ်ရှိ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံဝင်းအတွင်း ဆောက်လုပ်ဆဲ ငါးထပ်တိုးချဲ့ဆောင်၏ အပေါ်ဆုံး ငါးထပ်အလွှာတွင် ကွန်ကရစ်ကြမ်းခင်း လောင်းစဉ် ပြိုကျမှုတစ်ရပ် ယနေ့နံနက်ပိုင်းကဖြစ်ပွားခဲ့ရာ ဆောက်လုပ်ရေး လုပ်သားတစ်ဦး သေဆုံးသွားကြောင်း ကယ်ဆယ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကျွန်တော်တို့ ဒီသတင်း ကြားကြားချင်း တာမွေမြို့နယ်က မီးသတ်ယာဉ် တစ်စီး၊ ၁၉၁ က အသက်ကယ်ယာဉ်တစ်စီးနဲ့ စမ်းချောင်းမြို့နယ်က အသက်ကယ်ယာဉ် တစ်စီးနဲ့အတူ စုစုပေါင်း မီးသတ်ကယ်ဆယ်ရေး တပ်ဖွဲ့ဝင် ၃၀ ကျော်တို့က အခင်းဖြစ်ပွားရာကို အမြန်ဆုံးသွားရောက်ပြီး

စာမျက်နှာ ၄ ကော်လံ ၁ ❖

